ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday 16 November 2019 ၆၈၃၅

# နိုင်ငံတော်အနေဖြင့် ဒေသတွင်းတိုင်းရင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိ

# အသေးစား၊ အလတ်စားနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားမှသာ ဖွံ့ဖြိုးတိုးတက်မှုများ အပြည့်အဝရရှိစေမည်ဖြစ်



မြစ်ကြီးနား နိုဝင်ဘာ ၁၅

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသည့် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွင့်ပွဲနှင့် စီးပွားရေးနှီးနှောဖလှယ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဧရာဝတီမြစ်ကူးတံတား တည်ဆောက်နိုင်မည့်နေရာ၊ နန့်မြစ်ခတံတား တည်ဆောက်ထားရှိမှုအခြေအနေများနှင့် မြစ်ကြီးနားစီးပွားရေးဖွံ့ဖြိုးရေး အကောင်အထည်ဖော်တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်နှင့် ဦးအောင်ထူး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ စီတာပူမနောကွင်း မဏ္ဍယ်ခန်းမ၌ ပြုလုပ်သည့် ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဖွင့်ပွဲနှင့် စီးပွားရေးနှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကချင်ပြည်နယ် စီးပွားရေးနှီးနှောဖလှယ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



❝ရေရှည်တည်တံ့ခိုင်မြဲသည့် စဉ်ဆက်မပြတ် ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အာမခံချက် ပေးနိုင်မည့် ဒေသတွင်းစီးပွားရေးလုပ်ငန်း အမျိုးအစားများကို ဖော်ထုတ်❞

# ရခိုင်ပြည်နယ်အရေးကိစ္စကို လွဲမှားစွာပုံဖော်ထားသည့် အိုအိုင်စီနှင့် အီးယူတို့မှ တတိယကော်မတီသို့ ပူးတွဲတင်သွင်းသော နိုင်ငံရေးအရဖိအားပေးသည့် ဆုံးဖြတ်ချက်အဆို (မူကြမ်း)ကို မြန်မာနိုင်ငံက ပြတ်ပြတ်သားသား ကန့်ကွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသော (၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုကော်မတီ) အစည်းအဝေးတွင် မြန်မာနိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ အီရန်နိုင်ငံ၊ ယူကရိန်းနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့နှင့် သက်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအား ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆို (မူကြမ်း) (၅) ခုကို အရေးယူဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



ကြေးမုံ

# တရားမျှတ၊ သဟဇာတရှိရေး ကျင့်ကြံ

မျက်မှောက်ကာလတွင် တွေ့ကြုံနေရသော အမုန်းတရားများ၊ အာဃာတများ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ မရပ်နားဘဲ ဆက်ကာဆက်ကာ ဖြစ်ပွားနေရခြင်း အကြောင်းရင်းများတွင် ဆိုင်ရာဆိုင်ရာ ဘာသာတရားများ၏ အဆုံးအမသြဝါဒများနှင့်အညီ လိုက်နာကျင့်ကြံအားထုတ်မှု အားနည်းသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ဘာသာတရားအားလုံးတို့သည် မေတ္တာတရားကို အခြေခံထားသည့် သဘောကို ဘာသာတိုင်းက လက်ခံကြမည်ဖြစ်သည်။ မေတ္တာတရားသည် သတ္တဝါများအပေါ်တွင်ထားရှိသည့် ကောင်းမွန်သောစိတ်ထားဖြစ်သည်။ မည်သူမဆို၊ မည်သူ့အပေါ်တွင်မဆို မေတ္တာတရားထားရှိသည်နှင့် စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်လာပြီး စိတ်၏ငြိမ်းချမ်းခြင်းကို ပေးစွမ်းနိုင်သည်သာမက လူမှုပတ်ဝန်းကျင်ကိုပါ ငြိမ်းချမ်းစေသည်။

မေတ္တာတရားကိုအခြေခံသည့် ဘာသာတရားအဆုံးအမများသည် တရားမျှတမှုနှင့် သဟဇာတဖြစ်မှုတို့ကို ပိုမိုထွန်းကားစေသည်။ ထို့ကြောင့် ဘာသာတရားအဆုံးအမနှင့် သွန်သင်မှုများသည် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ကောင်းကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် လမ်းညွှန်ချက်များအဖြစ် ခံယူထားကြသည်။

ယင်းနှင့်စပ်လျဉ်း၍ နိုဝင်ဘာလ ၁၄ ရက်နေ့က ပြုလုပ်သည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ တတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းတွင် သဟဇာတဖြစ်မှုနှင့် တရားမျှတမှုတို့သည် ဘာသာတရားအများအပြား၏ အဆုံးအမသြဝါဒများအနက် အခြေခံအကျဆုံး သဘောတရားများပင်ဖြစ်ပါကြောင်း၊ အဆုံးအမသြဝါဒများအတိုင်း နာခံကျင့်ကြံကြခြင်းဖြင့် မိမိတို့မြန်မာနိုင်ငံ၌ အဆုံးတစ်နေ့တွင် တရားမျှတမှုနှင့်သဟဇာတဖြစ်မှုတို့ ထွန်းကားလာမည်မှာသေချာပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဘာသာကြီးလေးမျိုး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရမည်ဖြစ်သည်။ သို့သော် ကောင်းမြတ်သော ဆိုင်ရာဘာသာတရားအဆုံးအမများအပေါ်တွင် အလေးအနက်ခံယူ လိုက်နာကျင့်သုံးမှုမရှိသူအချို့ကြောင့် အဖျက်သဘောဆောင်သော အင်အားစုများတိုးပွားပြီး လူ့ဘောင်လောက ငြိမ်းချမ်းသာယာမှုကို ထိခိုက်နေသည်။ ထို့ကြောင့် မိမိတို့ ဘာသာတရားအဆုံးအမများကိုအလေးအနက်ခံယူပြီး မတူကွဲပြားသော ကိုးကွယ်ယုံကြည်မှုများအကြား အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်နားလည်မှုတို့ တိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းအားထုတ်ခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာမည်ဖြစ်သည်။

ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ (မြန်မာ)က နယူးယောက်မြို့ အခြေစိုက်သည့် ငြိမ်းချမ်းရေးအတွက် ကိုးကွယ်ရာဘာသာများအဖွဲ့ကြီးနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ တစ်ကမ္ဘာလုံး လွှမ်းခြုံပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကြား ပေါင်းကူးတံတားသဖွယ် ရပ်တည်နိုင်မည်ဖြစ်သည်။ လူသားဖွံ့ဖြိုးရေးမြှင့်တင်ရာတွင်လည်းကောင်း၊ ကမ္ဘာကြီးအားကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ တရားမျှတပြီး သဟဇာတရှိသောလူ့အဖွဲ့အစည်းအဖြစ် မြှင့်တင်ရာတွင်လည်းကောင်း အထောက်အကူပြုမည်ဖြစ်သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ထူထောင်ရာ၌ ငြိမ်းချမ်းရေး၏အရေးကြီးပုံကို မြန်မာနိုင်ငံသူနိုင်ငံသားများ သိရှိနားလည်ထားကြသည်။ ငြိမ်းချမ်းရေးထွန်းကားခြင်းမရှိပါက ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမရနိုင်သလို တရားမျှတမှုနှင့် သဟဇာတဖြစ်မှုတို့လည်း ရရှိလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ဘာသာတရားတိုင်းတွင် အခြေခံသည့် မေတ္တာတရားများလွှမ်းခြုံကာ တရားမျှတမှု၊ သဟဇာတဖြစ်မှုတို့ ထုံမွမ်းစေသည့် အဆုံးအမများကို လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တရားမျှတသည့်၊ သဟဇာတရှိသည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် ဘာသာတရားအဆုံးအမသြဝါဒများအတိုင်း နာခံကျင့်ကြံကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ Ms. CheXiulan နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြန်မာလွှတ်တော်များ၏ ဥပဒေပြုရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ e-parliament စနစ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းထွဋ်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ထွန်းခိုင်(ခ) ဦးချိန်ဝင်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဒေါ်ယဉ်မင်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



# ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား တရားမဝင်ငွေလွှဲလုပ်ငန်းများ လျော့နည်းပြီး တရားဝင်ငွေလွှဲလုပ်ငန်းများ ပေါ်ပေါက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)တို့အရ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းကိုယနေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အမိန့်ကြော်ငြာစာအမှတ် ၂၁/ ၂၀၁၉ ဖြင့် ထုတ်ပြန်လိုက်သည်။

စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် website (www.cbm.gov.mm) တွင် ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၁,၅၀၀ | ၉၇၄ | ၁၁,၅၁၉,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၉၀၀ | ၄,၄၆၆ | ၁၇,၁၉၇,၄၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၆၆ | ၅၄၁,၂၀၀ |
| FPB | ၂၃,၀၀၀ | ၂၂,၅၀၀ | ၅၉၀ | ၁၃,၅၃၂,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၆၀ | ၁၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရန်ကုန်(ရွှေဈေး) ၁၁၈၂၀၀၀ မန္တလေး(ရွှေဈေး) ၁၁၈၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၆၀ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၈၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၉၀ ကျပ် | ၉၁၀/၉၂၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၄၅/၈၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၄.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၆၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၀၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၅.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၈၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၈.၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းဖွင့်ပွဲနှင့် စီးပွားရေးနှီးနှောဖလှယ်ပွဲ အခမ်းအနားကို မဂ္ဂယ်ခန်းမရှေ့မျက်နှာစာ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်နှင့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ဖွဲ့စည်းနိုင်ခဲ့**

ထို့နောက် အခမ်းအနားကို မဂ္ဂယ်ခန်းမအတွင်း ဆက်လက်ကျင်းပရာ ဒုတိယသမ္မတက တိုင်းရင်းသားလုပ်ငန်းရှင်အသင်းများနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်အရ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း တွေ့ရှိရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းရင်းသားအလိုက် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းများ ဖွဲ့စည်းလာကြသည်ကို တွေ့ရှိရပါကြောင်း။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ၂၀၂၀ ဖိုရမ် မကျင်းပမီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယခုကဲ့သို့ စီးပွားရေးများနှင့် နှီးနှောဖလှယ်မှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

**ရည်မှန်းချက်ပန်းတိုင် (၃)ရပ်**

နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူခဲ့ချိန်ကတည်းက ချမှတ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင် (၃)ရပ်ရှိပါကြောင်း၊ အဆိုပါပန်းတိုင်များမှာ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှု–စီးပွားဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ဖြစ်ပါကြောင်း။

နိုင်ငံသူနိုင်ငံသားအားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်တည်ရှိလာလျှင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ဆိုပါက ပကတိအရှိတရားများအရ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးသည် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဟုဆိုရာတွင် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ကြပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ နှစ်ကာလရှည်ကြာစွာ အတူတကွ နေထိုင်လာကြသည့်အလျောက် ဘုံရည်မှန်းချက်ဖြစ်သည့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးကို စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာ၊ စုပေါင်းတည်ဆောက်မှသာ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တန်ဖိုးရှိသည့်နိုင်ငံ၊ သိက္ခာရင့်ကျက်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ကချင်ပြည်နယ် စီးပွားရေး နှီးနှောဖလှယ်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

အသိုက်အဝန်းများ တည်ငြိမ်အေးချမ်းနေရန် အရေးကြီးပါကြောင်း၊ ထို့အတူ တရားဥပဒေစိုးမိုးရေးသည်လည်း ပြည်သူများ၏ လူမှု–စီးပွားဘဝ တိုးတက်မြင့်မားရေးနှင့်အတူ တစ်တန်းတည်း အရေးကြီးဦးစားပေးရမည့် ရည်မှန်းချက်တွင် ပါရှိနေရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများချမှတ်ရာတွင် "နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈–၂၀၃၀) (MSDP)ကို ရေးဆွဲချမှတ်စုပေါင်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ မည်သည့်ကဏ္ဍတွင်မဆို နှီးနှောဖလှယ်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ ဆုံးဖြတ်ခြင်း၊ စီမံခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်တိုင်းတွင် အားလုံးပါဝင်သည့်ပုံစံများဖြစ်လာရန် လေ့ကျင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ပုံစံဝင်ရောက်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်တွင် ဝန်ထုပ်ဝန်ပိုးလျော့ကျစေသကဲ့သို့ တိုင်းရင်းသားလုပ်ငန်းရှင်များလည်း အမြတ်အစွန်းရ၊ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းရသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဧရာဝတီမြစ်ကူးတံတားအသစ် တည်ဆောက်နိုင်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

နှီးနှောဖလှယ်ပွဲများကို ကျင်းပကြခြင်းဖြစ်ပါကြောင်း၊ ထိုသို့ကျင်းပရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် စဉ်ဆက်မပြတ် ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အာမခံချက်ပေးနိုင်မည့် ဒေသတွင်းစီးပွားရေးလုပ်ငန်းအမျိုးအစားများကို ဖော်ထုတ်နိုင်ရန်၊ နိုင်ငံတော်စီးပွားရေးမူဝါဒ၊ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေဘောင်အတွင်းမှ အောင်မြင်သည့် စီးပွားရေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များချမှတ်နိုင်သည်အထိ ကြိုတင်စဉ်းစား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုအဆင့်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ဖိုရမ်တွင် အမှန်တကယ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ဆွေးနွေးချက်ရာတွင် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိုခွဲခြား၍ မရနိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိမှလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စည်းလုံးညီညွတ်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးဟုဆိုရာတွင် မိမိတို့လူမှုပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန်ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန်"ဟူ၍ မျှော်မှန်းထားပါကြောင်း၊ အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအတွက် မြော်တွေး၍ စီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍမျိုးစုံတွင် အခြေခံကျကျ ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ပျိုးထောင်လျက်ရှိပါကြောင်း၊ သို့မှသာ ဒီမိုကရေစီ၏အနှစ်သာရ ရှိမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်အတွက်လည်း ကောင်းမွန်၊ ခိုင်မာသည့် ချဉ်းကပ်မှုများနှင့်အဖြေများ ရရှိမည်ဖြစ်ပါကြောင်း။

**အခြေခံအကျဆုံးလိုအပ်ချက်**

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ များစွာရှိသည့်အနက် အခြေခံအကျဆုံးလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်လုံလောက်စွာရရှိရေးနှင့် လုံလောက်သည့် လူသားအရင်းအမြစ်တို့ဖြစ်ပါကြောင်း၊ အဆိုပါအခြေခံအဆောက်အဦလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသကဲ့သို့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အစိုးရ–များတွင် သက်ဆိုင်ရာတိုင်းရင်းသားအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအနေဖြင့် အဆိုပါအချက်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဒေသတွင်း တိုင်းရင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်ပေးလျက်ရှိရာ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၄ သို့ ❍**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဝိုင်းမော်မြို့နယ် ဖွံ့ဖြိုးခြံ(မိုင်းနား) တိုက်ပွဲရှောင်စခန်းရှိ မြစ်ကြီးနား သက်မွေးပညာသင်ကျောင်း၌ သင်တန်းသားများအား သက်မွေးပညာရပ်များအလိုက် စာတွေ့၊ လက်တွေ့ သင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ စာမျက်နှာ ၃ မှ

ပြည်နယ်အသီးသီးတွင် MSME လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲများကို (၁၀) ကြိမ်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း သဘာဝသယံဇာတဆိုသည်မှာ အကန့်အသတ်ရှိသဖြင့် တန်ဖိုးမြှင့်ကုန်ချောအဖြစ် ထုတ်နိုင်ရန်၊ စက်မှု၊ လက်မှုကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်လည်း အငယ်စား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစေရေးအတွက် နိုင်ငံတော်အနေဖြင့် ချေးငွေများ ထုတ်ပေးလျက်ရှိပါကြောင်း။

**အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်**

အသေးစား၊ အလတ်စားနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားမှသာ ဖွံ့ဖြိုးတိုးတက်မှုများကို စဉ်ဆက်မပြတ် အပြည့်အဝရရှိစေမည်ဖြစ်ပါကြောင်း၊ ယခုလို ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် ကချင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်စေရေး၊ စွမ်းဆောင်ရည်မြှင့်တင်စေရေး၊ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များသာမက အခြားသော တိုင်းရင်းသားလုပ်ငန်းရှင်များ၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပါ စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေရန် ယခုထက်ပို၍ အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများ ဖော်ထုတ်ပေးရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် စသည့် ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကဦးဆောင်၍ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှုရှိသည့် သဘာဝပတ်ဝန်းကျင်များစွာရှိသည့် ပြည်နယ်ဖြစ်ပြီး အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ရေခဲဖုံးလွှမ်းသည့် ခါကာဘိုရာဇီတောင်ရှိသည့်နေရာဖြစ်ပါကြောင်း၊ သဘာဝ အခြေခံခရီးသွားလုပ်ငန်းများသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေနိုင်ပါကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို အခြေပြု၍ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်း။

ယနေ့နှီးနှောဖလှယ်ပွဲတွင် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားအချင်းချင်း စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ရွာ၊ မြို့နယ်၊ ပြည်နယ်တို့မှတစ်ဆင့် နိုင်ငံတော်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ခြင်းမှ ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာများ တိုးတက်လာစေရေး၊ စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး၊ လူသားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝသယံဇာတများကို နောင်လာမည့် မျိုးဆက်သစ်များအတွက် ရေရှည်ထိန်းသိမ်းနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည်ကိုတွေ့ရှိရသည့်အတွက် ကချင်တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးသာမက နိုင်ငံတော်စီးပွားရေး တိုးတက်မှုကိုပါအထောက်အကူဖြစ်စေမည့် ရလဒ်ကောင်းများရရှိမည်ဟု ယုံကြည်ပါကြောင်း။

**တိုက်တွန်း**

စီးပွားရေးနှီးနှောဖလှယ်ပွဲရလဒ်များကို စနစ်တကျဖော်ထုတ်၍ မိမိတို့ ကချင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းအကူအညီဖြစ်စေရေးနှင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက်မက ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့နိုင်ငံ မိမိတို့တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လ၊ ရိုးသားဖြောင့်မတ်မှုများနှင့် သက်ဆိုင်ပါကြောင်း၊ တစ်ဦးတစ်ယောက်မှသည် မိသားစု၊ ရပ်ရွာ၊ မြို့နယ်အဆင့်များမှ နိုင်ငံတော်အဆင့်အထိ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရသည့် စီးပွားရေးလုပ်ငန်းများကို စနစ်တကျ၊ စည်းကမ်းရှိရှိ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုများနှင့် ဆောင်ရွက်မှသာ မိမိတို့နိုင်ငံတွင်းသာမက နိုင်ငံရပ်ခြားအထိပါ ထိုးဖောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်းမိမိတို့ထုတ်ကုန်များနှင့် ဆောင်ရွက်မှုလုပ်ငန်းများကို စနစ်တကျခေတ်မီပုံစံများဖြင့် ကမ္ဘာကို အောင်မြင်စွာ ထိုးဖောက်နိုင်သည်အထိ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စုပေါင်းအားတို့ဖြင့် စွမ်းဆောင်ကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်နှင့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် ကချင်ပြည်နယ် စီးပွားရေးနှီးနှောဖလှယ်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မနောအိမ်တော်၌ ကချင်လူမျိုးရိုးရာ ယဉ်ကျေးမှုအသင်း ဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပိုမို၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များကို ခရီးသွားလုပ်ငန်းများတွင် အပြည့်အဝ အသုံးချနိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အရင်းအနှီးနည်းနည်းဖြင့် ဝင်ငွေရရှိစေနိုင်မည့်လုပ်ငန်းဖြစ်၍ သဘာဝအခြေပြုခရီးသွားလုပ်ငန်းနှင့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတသည် ဧရာဝတီမြစ်ကူးတံတားအသစ် တည်ဆောက်နိုင်မည့် နေရာသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက မြစ်ကူးတံတားတည်ဆောက်နိုင်မည့် ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည်ရှုရပ်မှ မြစ်ကူးတံတားအသစ် တည်ဆောက်နိုင်မည့်နေရာအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည်ဝိုင်းမော်မြို့နယ် ဖွံ့ဖြိုးခြံ(မိုင်းနား) တိုက်ပွဲရှောင်စခန်းရှိ မြစ်ကြီးနားသက်မွေးပညာသင်ကျောင်းသို့ ရောက်ရှိရာ Myanmar Kindness Foundation, Founder ဒေါ်ခင်မာလာနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်သင်ကြားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် သင်တန်းခန်းမများအတွင်း သင်တန်းသားများအား သက်မွေးပညာရပ်များအလိုက် စာတွေ့၊ လက်တွေ့ သင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည်ဝိုင်းမော်မြို့နယ် ဖွံ့ဖြိုးခြံ(မိုင်းနား) တိုက်ပွဲရှောင်စခန်းရှိ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် စခန်းတာဝန်ခံက စခန်းဆိုင်ရာ အချက်အလက်များနှင့် စခန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက တိုက်ပွဲရှောင်ပြည်သူများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံများ၊ အစားအစာများနှင့် ကစားစရာပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် နန့်မြစ်ခတံတား ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မငွေဇ- ရီဒမ်းလမ်း၊ မငွေဇ - ခေါင်လန်ဖူးလမ်းနှင့် မြစ်ကြီးနား - ဗန်းမော်လမ်းတို့တွင်တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်မည့် တံတားများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နန့်မြစ်ခတံတားဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

**မှာကြား**

ထို့နောက် ဒုတိယသမ္မတသည် မြစ်ကြီးနားစီးပွားရေးဖွံ့ဖြိုးရေးဇုန် တည်ဆောက်မည့် ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီး ဦးဝေလင်းက ဇုန်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ဇုန်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဥပဒေ လုပ်ထုံးလုပ်ထုံးနည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂျော်ဘွမ်တောင်ဆုတောင်းမျှော်စင်သို့ ရောက်ရှိပြီး မြစ်ကြီးနားမြို့ ရှုခင်းများကို လေ့လာကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆုတောင်းတောင်၌ ဝတ်ပြုဆုတောင်းပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

**သတင်းစဉ်**

❂ **ရခိုင်ပြည်နယ်မှ**

အိုအိုင်စီနှင့် အီးယူတို့မှ ပူးတွဲတင်သွင်းသည့် နိုင်ငံရေးအရ ဖိအားပေးသည့် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်အဆို(မူကြမ်း)ကို မဲခွဲဆုံးဖြတ်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တောင်းဆိုခဲ့ပြီး ယင်းဆုံးဖြတ်ချက်အဆို(မူကြမ်း)အပေါ် ကန့်ကွက်မဲပေးခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးက ဆုံးဖြတ်ချက် အဆို(မူကြမ်း) အရေးယူဆောင်ရွက်ခြင်းမပြုမီ အထွေထွေမိန့်ခွန်းနှင့် မဲခွဲဆုံးဖြတ်ပြီးနောက် မဲရလဒ်အပေါ်တုံ့ပြန်သည့် မိန့်ခွန်းများ ပြောကြားခဲ့သည်။

အထွေထွေမိန့်ခွန်းတွင် အမြဲတမ်းကိုယ်စားလှယ်က အဆိုမူကြမ်းသည် ရှုပ်ထွေးသော ရခိုင်ပြည်နယ်အရေးကိစ္စကို ဆိုးဆိုးရွားရွား လွဲမှားစွာ ပုံဖော်ထားကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် ဘာသာရေးဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း ပြဿနာမဟုတ်သကဲ့သို့ အသိုက်အဝန်းတစ်ခုကို နိုင်ငံအတွင်းမှ မောင်းထုတ်လိုက်သည့် လုပ်ရပ်မျိုးလည်း မဟုတ်ကြောင်းနှင့် ပြဿနာသည် နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းမှု၊ ဆင်းရဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး လျော့ရဲမှု စသည်တို့အပါအဝင် ရှုပ်ထွေးသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာ တစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အမြဲတမ်းကိုယ်စားလှယ်က ဆုံးဖြတ်ချက်အဆို(မူကြမ်း)သည် မြန်မာနိုင်ငံကို အဆိုးမြင်စေရန် ပုံဖော်ထားသည့် ပူးတွဲအဆိုရှင်များ၏ နောက်ထပ်စိတ်ကြိုက် အာဘော်တစ်ခုမျှသာဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၏ အင်တိုက်အားတိုက် ကြိုးပမ်းဖြေရှင်းဆောင်ရွက်ချက်များကိုမူ လျစ်လျူရှုထားကြောင်း ထောက်ပြပြောကြားခဲ့သည်။

ဆုံးဖြတ်ချက်အဆို(မူကြမ်း)ကို မဲခွဲဆုံးဖြတ်ပြီးနောက်၊ မဲရလဒ်အပေါ် တုံ့ပြန်ပြောကြားရာ၌ ဆုံးဖြတ်ချက်အဆို၏ မဲရလဒ်သည် နိုင်ငံတစ်နိုင်ငံအား ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက် အဆိုများသည် အဖွဲ့ဝင်နိုင်ငံများအကြား သဘောထားကွဲလွဲမှုကို ဖြစ်ပေါ်စေသည့် အခြေအနေကို ထင်ဟပ်စေကြောင်း၊ နိုင်ငံအချို့က ၎င်းတို့၏ နိုင်ငံရေးလိုအင်အတွက် အခြားသော နိုင်ငံများကို မည်သို့ ဖိအားပေးနိုင်ရန် အုပ်စုလိုက် မဲပေးသည့် အလေ့အထကို မည်သို့ အသုံးချ ခဲ့သည်ဆိုသည့်အချက်ကို မြန်မာနိုင်ငံအနေဖြင့် ထပ်မံတွေ့ရှိရကြောင်း၊ အဖွဲ့ဝင် နိုင်ငံများအကြား လူ့အခွင့်အရေးအခြေအနေများကို ခွဲခြားဆက်ဆံသည့် ယခုကဲ့သို့ နိုင်ငံတစ်နိုင်ငံအပေါ် ခွဲခြားဆက်ဆံသည့် ဆုံးဖြတ်ချက်အဆို(မူကြမ်း)မျိုးကို အတည်ပြုခြင်းမှာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံများ၏အချုပ်အခြာအာဏာ တန်းတူညီမျှရှိရမည်ဆိုသည့်အချက်ကို စောင့်ထိန်းလိုက်နာမှုမရှိခြင်း၊ မျှတမှုနှင့် သမာသမတ်ကျမှုမရှိခြင်း၊ စံနှုန်းနှစ်မျိုးနှင့်ခွဲခြားချက်ထားသည့် မူဝါဒကိုကျင့်သုံးခြင်း၊ ပစ်မှတ်ထားရွေးချယ် ဆောင်ရွက်မှုတို့ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရည်ရွယ်ချက်ရှိရှိ နိုင်ငံရေးအရ ဖိအားပေးပစ်မှတ်ထားသည့် ယင်းဆုံးဖြတ်ချက်အဆိုကို ပြတ်ပြတ်သားသား ကန့်ကွက်ကြောင်းဖြင့် အမြဲတမ်းကိုယ်စားလှယ်က တုံ့ပြန်ခဲ့သည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

ထို့ကြောင့် စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန(၂)ခုကို ပူးပေါင်းဖွဲ့စည်းခြင်းအားဖြင့် အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ထိရောက်မြန်ဆန်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း စက်မှုဝန်ကြီးဌာနကို ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေး၊ ကုန်ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန စသည်ဖြင့် စီးပွားရေးနှင့်ဆက်စပ်သော ဝန်ကြီးဌာနများဖြင့် ပူးတွဲဖွဲ့စည်းလေ့ရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေအရ မြန်မာနိုင်ငံအတွက် Strategic Economic Planning များကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံတော်ဘဏ္ဍာငွေများကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနကို ပူးပေါင်း၍ ဖွဲ့စည်းရန် အသင့်လျော်ဆုံးဖြစ်ပါကြောင်း။

ထို့ပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝန်ကြီးသည်လည်း စက်မှုဝန်ကြီးဌာန၏ ဝန်ကြီးဖြစ်နေသည့်အတွက် ထိုကဲ့သို့ ပူးပေါင်းဖွဲ့စည်းလိုက်ခြင်းအားဖြင့် အသွင်ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းစဉ်များအားလုံးကို ဝန်ကြီးဌာနတစ်ခုတည်းအောက်တွင် တစုတစည်းတည်းဖြစ်စေသဖြင့် စီမံကိန်းနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် များစွာထိရောက်မြန်ဆန်စေမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဖွဲ့စည်းခြင်းအားဖြင့် လွန်ခဲ့သည့် နှစ်နှစ်တာကာလကတည်းက စက်မှုဝန်ကြီးဌာန၏ ရပ်ဆိုင်းထားရသည့် စက်ရုံ၊ အလုပ်ရုံများကို လေ့လာသုံးသပ်ခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ပိုမိုနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်မည့်နည်းတူ စက်မှုဝန်ထမ်းများအတွက်လည်း ၎င်းတို့၏ကျွမ်းကျင်မှုသဘောဆန္ဒများနှင့်ကိုက်ညီမည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနအသစ်တွင် ပိုမိုလွယ်ကူအဆင်ပြေစွာ ကူးပြောင်းထမ်းဆောင်နိုင်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က **မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြရာတွင် ယခုလက်ရှိပြည်ထောင်စုလွှတ်တော်တွင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း အပါအဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၁၄၃ ဦး တင်ပြခဲ့သည့် ဖွဲ့စည်းပုံ


ဒုတိယဝန်ကြီး
ဦးဆက်အောင်


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း


မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်
အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ

အခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ခု၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးမှ တင်ပြခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ခုနှင့် ယနေ့အစီရင်ခံတင်ပြနေသည့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် အပါအဝင် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၄၄ ဦးက တင်ပြလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းဟူ၍ ဥပဒေမူကြမ်း ၃ ရပ်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေမူကြမ်း ၃ ရပ်လုံးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တစ်ခုလုံးအပေါ် ပြင်ဆင်ခြင်းမဟုတ်ဘဲ ပြဋ္ဌာန်းချက်အချို့လျက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီဝင်များ အားလုံးပါဝင်ဖွဲ့စည်းထားသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက အတူတကွ လေ့လာသုံးသပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပါက ပို၍သင့်မြတ်မည်ဖြစ်ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေမူကြမ်းအသီးသီးတွင် ပါဝင်နေသည့် ပုဒ်မ၊ ပုဒ်မခွဲများအားလုံးကို ပြည့်စုံစွာစုစည်း၍ ဥပဒေမူကြမ်းတစ်ခုတည်းအဖြစ် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရယူမည်ဆိုပါက ပိုမိုလျော်ကန်သင့်မြတ်မည်ဖြစ်ကြောင်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအများစုက လေ့လာတွေ့ရှိရပါကြောင်း။

သို့သော် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ အကြံပြုချက် သီးခြားတင်ပြထားသည့် ပူးပေါင်းကော်မတီဝင်လည်းရှိပါကြောင်း၊ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ


မကွေးမဲဆန္ဒနယ်မှ
ဦးမြင့်ဦး


ရှားတောမဲဆန္ဒနယ်မှ
ဒေါ်ဝင့်ဝါထွန်း


တပ်မတော်သားပြည်သူ့လွှတ်တော်
ကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း

ကိုသာ ပြင်ဆင်ဆောင်ရွက်ရန် တင်ပြထားခြင်းဖြစ်ကြောင်းကို ကော်မတီအနေဖြင့် လေ့လာတွေ့ရှိရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ၊ အစုအဖွဲ့အသီးသီး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ အချိုးကျပါဝင်ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကိုလည်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁၅/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းရန် တာဝန်ပေးအပ်ထားကြောင်းကိုလည်း စိစစ်တွေ့ရှိရပါကြောင်း၊ ထိုပြင်ဆင်ရေးပူးပေါင်းကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃၊ ၁၃၅ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန် ဆောင်ရွက်နေကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ အဆိုပါ ဥပဒေမူကြမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တစ်ခုလုံးအပေါ် သုံးသပ်ပြင်ဆင်ဆောင်ရွက်ထားသည့် ပြင်ဆင်ချက်များ ပါဝင်လာမည်ဖြစ်ကြောင်းကို လေ့လာသုံးသပ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တစ်ခုလုံးအပေါ်တွင် ပြင်ဆင်ချက်များဖြင့် တင်သွင်းလာမည့် ဥပဒေမူကြမ်းကို လွှတ်တော်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းလာသည့်အခါတွင် လက်ရှိလွှတ်တော်သို့ တင်သွင်းရောက်ရှိနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းသုံးခုနှင့်အတူ သီးခြားစီတစ်ပြိုင်တည်းယှဉ်တွဲဝင် ဦးစတီဖန်၊ ဒေါ်နန်းနီနီအေး၊ ဗိုလ်မှူးချုပ် မောင်မောင်နှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့က ဤဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)ပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်သင့်ကြောင်းကိုလည်း သီးခြားအကြံပြုတင်ပြထားသည်ကိုလည်း တင်ပြအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် အပါအဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက လက်မှတ်ရေးထိုးတင်ပြလာသည့် ဥပဒေမူကြမ်း၊ ရှေးဦးတင်သွင်းထားသည့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှစ်ရပ်နှင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့်ပြင်ဆင်ရေးပူးပေါင်းကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တစ်ခုလုံးအပေါ် သုံးသပ်လေ့လာပြီး ပြုစုရေးဆွဲ၍ လွှတ်တော်သို့တင်သွင်းလာမည့် ဥပဒေမူကြမ်းတို့ကို တစ်ပြိုင်တည်းယှဉ်တွဲ၍ ပြည့်စုံသော ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်အဖြစ် လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ကော်မတီ၏ အစီရင်ခံစာအပေါ်တွင် အကြံပြုဆွေးနွေးကြပြီး လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က ဆုံးဖြတ်အတည်ပြုပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက **ကော်မရှင်၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အကျဉ်းထောင်များ စစ်ဆေးသည့်အခါတွင် အကျဉ်းသားများ၏ တင်ပြချက်များအရ လတ်တလောကုစားနိုင်သည့်အချက်များကို တာဝန်ခံအရာရှိများအား ချက်ချင်းဖြေရှင်းဆောင်ရွက်စေခဲ့ပါကြောင်း၊ အချို့အခက်အခဲများကို ပြည်ထောင်စုဝန်ကြီးထံ အကြံပြုချက်များ ပေးပို့ပါကြောင်း၊ နိုင်ငံတော်အဆင့် ဖြေရှင်းရန် လိုအပ်သည့်အချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတထံ တင်ပြမှုများ ပြုလုပ်ကုစားလျက်ရှိပါကြောင်း။

သဘာဝဘေးဒဏ်နှင့် တိုက်ပွဲရှောင်နေရပ်ရွှေ့ပြောင်းသူများ၏ ယာယီစခန်းများကိုလည်း သွားရောက်ကြည့်ရှုခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရများကို အကြံပြုချက်များ ပေးပို့ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် တရားရေးနှင့် သက်ဆိုင်သည့်ကိစ္စများကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ ဝင်ရောက်စွက်ဖက်မှု မလုပ်သော်လည်း လိုအပ်ပါက အကြံပြုချက်များပေးပို့ခြင်း၊ ပြည်ထောင်စုဥပဒေအထောက်အကူပြုအဖွဲ့ထံသို့ တင်ပြခြင်းများ ပြုလုပ်ခြင်းဖြင့် အတတ်နိုင်ဆုံး ကုစားပေးလျက်ရှိပါကြောင်း။

ထို့ပြင် အကျဉ်းသားများ စာအုပ်စာပေ ဖတ်ရှုနိုင်ရေးအတွက် အကျဉ်းထောင်များတွင် စာကြည့်တိုက်များ ထားရှိရန် တိုက်တွန်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါတွင် အကျဉ်းထောင်(၄၄) ထောင်နှင့် အကျဉ်းစခန်း(၅၀) ခုတို့တွင် စာကြည့်တိုက်များ ထူထောင်ထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့များ သွားရောက်ခဲ့သည့်အခါတိုင်း စာအုပ်၊ စာတမ်းများလှူဒါန်းခြင်းကို ၂၀၁၇ ခုနှစ် မှ ယခုအချိန်ထိ ငွေကျပ် ၄၅ သိန်းဖိုးခန့် လှူဒါန်းခဲ့ပြီးဖြစ်သည့်အပြင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ အကျဉ်းထောင် စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားပြုလုပ်ခဲ့ရာ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၉၀၀၀ ကျော် ရရှိခဲ့ပြီးဖြစ်သည့်အတွက် အကျဉ်းထောင်အသီးသီးသို့ သွားရောက်စစ်ဆေးသည့်အခါတိုင်း မျှဝေလှူဒါန်းသွားမည်ဖြစ်ပါကြောင်း။

ကော်မရှင်ညွှန်ကြားရေးမှူးချုပ် ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ကော်မရှင်ဥပဒေပုဒ်မ ၅၂ တွင် ကော်မရှင်သည် မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်ရုံးအကြီးအမှူး အပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ကော်မရှင် ဥပဒေပုဒ်မ ၆၁ ပါ ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များအရ ကော်မရှင်ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အပြင် ကော်မရှင်သည် သီးခြားလွတ်လပ်သည့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းဖြစ်သည့်အတွက် ကော်မရှင်ရုံးအကြီးအမှူးဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်ကို နိုင်ငံတော်သမ္မတထံ တင်ပြရန်မလိုဘဲ ကော်မရှင်က တိုက်ရိုက်ခန့်ထားနိုင်ခွင့်ရှိပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မရှင်ရုံးများ တိုးချဲ့ဖွဲ့စည်းရေးနှင့်ပတ်သက်၍ လက်ရှိတွင် နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကော်မရှင်ရုံးများဖွင့်လှစ်ပြီး ရုံးအဆောက်အဦများလည်း ဆောက်လုပ်ပြီး ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင်လည်း ကော်မရှင်ရုံးဖွင့်လှစ်ရန် ဝန်ထမ်းများခန့်အပ်ပြီး ဖြစ်သည့်အပြင် ယာယီရုံးခန်းကို ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း။

အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသည့်ကိစ္စနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အကြံပြုချက်များ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်အတွင်း အကျဉ်းသားလူငယ်များ စာမေးပွဲဖြေဆိုအောင်မြင်နိုင်ရေး သင်ကြားပေးကြသည့် အကျဉ်းသားဆရာများကို လျှော့ပေါ့သက်သာခွင့်များရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုချက်များပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်စခန်းများမှ အကျဉ်းသားများ၏ လုပ်အားခတိုးမြှင့်ခြင်းနှင့်ပတ်သက်၍

စာမျက်နှာ ၉ သို့ ☆

# ကမ္ဘာတစ်ခွင် ရုပ်ရှင်ဆင်ဆာအသွင်အပြင်မှသည် မြန်မာ့ရုပ်ရှင်လောကသို့

အကယ်ဒမီဆွေဇင်ထိုက်၊ Park Bo Yong (Film Critic, Korea)

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် "ရုပ်ရှင်" ကဏ္ဍ ပေါ်ပေါက်လာမှုနှင့်အတူ တစ်ပြိုင်တည်းတွဲ၍ပါလာသည်မှာ ဆင်ဆာဟူသော လုပ်ငန်းစဉ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆင်ဆာဟူသော စကားရပ်အား ထိန်းချုပ်ဖြတ်တောက်ခြင်းဟု အများစုက သိရှိနားလည်ထားကြသော်လည်း ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင်မူ ဆင်ခြင်တုံတရားဖြင့် ကိုယ်တိုင်ကျင့်ဝတ်စောင့်ထိန်းခြင်းဟု နားလည်ခံယူကြပါသည်။

ရုပ်ရှင်စိစစ်ရေးကို အမေရိကန်၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ကိုရီးယား စသည့်နိုင်ငံများစွာတွင် ကျင့်သုံးနေကြပါသည်။ ဒီမိုကရေစီကျင့်စဉ်ရင့်ကျက်ပြီး အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းသော အမေရိကန်၊ ဥရောပနှင့် အိန္ဒိယကဲ့သို့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် အစိုးရမဟုတ်သော ရုပ်ရှင်အဖွဲ့အစည်းများက ရုပ်ရှင်အဆင့် သတ်မှတ်ပြဋ္ဌာန်းခြင်း (Rating)ကို လုပ်ဆောင်ကြပြီး ဒီမိုကရေစီကျင့်စဉ်ရှိနေသော်လည်း အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်မှုနည်းသော ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားကဲ့သို့သော နိုင်ငံများတွင် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့အစည်းများက ရုပ်ရှင်အဆင့်သတ်မှတ်ခြင်းကို လုပ်ဆောင်လျက်ရှိကြသည်။ နိုင်ငံရေးစနစ်မတူညီသည့် တရုတ်နိုင်ငံတွင်မူ အစိုးရကဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့ကသာ ကြီးကြပ်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။

### အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုတွင် လူဦးရေသန်းပေါင်း ၃၀၀ ကျော်ရှိသော နိုင်ငံတကာဈေးကွက်အတွက် အင်္ဂလိပ်စကားတစ်မျိုးတည်းသာပြောသော ရုပ်ရှင်ကားပေါင်း ထောင်နှင့်ချီ၍ နှစ်စဉ်ထုတ်လုပ်လျက်ရှိပါသည်။ အမေရိကန်နိုင်ငံတွင် ပြည်တွင်းမှထုတ်လုပ်သော ရုပ်ရှင်များနှင့် ပြည်ပမှတင်သွင်းသော ရုပ်ရှင်ကားများကို Rating ခေါ် ရုပ်ရှင်စံနှုန်းသတ်မှတ်ခြင်းများကို Motion Picture Association of America (MPAA)က အကဲဖြတ်သတ်မှတ်ပေးပြီး ကျင့်သုံးလျက်ရှိသော စံနှုန်းသတ်မှတ်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ G – General Audiences (အများပြည်သူ အရွယ်သုံးပါး ကြည့်ရှုနိုင်သောရုပ်ရှင်)၊
၂။ PG – Parental Guidance Suggested (ကလေးများ အုပ်ထိန်းသူနှင့် ကြည့်ရှုနိုင်သော ရုပ်ရှင်)၊
၃။ PG – 13 – Parents Strongly Cautioned (ကလေးငယ်များ ကြည့်ရှုရန်မသင့်ကြောင်း အုပ်ထိန်းသူက တားမြစ်သတိပေးသင့်သော ရုပ်ရှင်)၊
၄။ R – Restricted (သီးခြားကန့်သတ်ထားသော ရုပ်ရှင်)၊
၅။ NC–17 – Adults Only (အရွယ်ရောက်ပြီးသူများသာ)။

ထို့ပြင် အခြားအဆင့်တွင် Not Rated (NR) (အဆင့်သတ်မှတ်ရန် တင်ပြခြင်းမရှိသောရုပ်ရှင်)နှင့် Unrated (UR) (ပြသခွင့်ပြုမထားသောပြကွက်များ ဖြတ်တောက်ထားခြင်းမရှိသောရုပ်ရှင်) ဟူ၍ နှစ်မျိုး ရှိပါသည်။

အဆိုပါအဆင့်သတ်မှတ်ရန် တင်ပြခြင်းမရှိသော ရုပ်ရှင် (Not Rated – NR)နှင့် ပြသခွင့်ပြုမထားသော ပြကွက်များ ဖြတ်တောက်ထားခြင်းမရှိသော ရုပ်ရှင် (Unrated –UR) ဟူ၍ သတ်မှတ်ထားသည့် ရုပ်ရှင်များကို ရုပ်ရှင်ရုံများက ရုံတင်ပြသရန် ငြင်းဆိုကြပါသည်။ Unrated (UR)ဟု ဖော်ပြလျှင် ၎င်းရုပ်ရှင်သည် စံနှုန်းသတ်မှတ်ရေးအဖွဲ့က ဖြတ်တောက်ရန် အကြံပြုထားသောပြကွက်များ ပါဝင်သောကြောင့် အရွယ်မရောက်သေးသူများ ကြည့်ရှုရန် မသင့်ကြောင်း သတိပေးရာရောက်သောကြောင့် ဖြစ်ပါသည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပထမဆုံးရုပ်ရှင် ဥပဒေကို ၁၉၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၃၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပထမဆုံးဆင်ဆာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေများအရ တရုတ်လူမျိုးတို့၏ ပုံရိပ်ကို ထိခိုက်စေသောပြကွက်များ၊ သွေးထွက်သံယို အကြမ်းဖက်ပြကွက်များ၊ တရားဥပဒေချိုးဖောက်ရန် နည်းပေးလှုံ့ဆော်မှုပြကွက်များ၊ သဘာဝလွန်ဖြစ်ရပ်များ လွှမ်းမိုးစေသောပြကွက်များကို တင်းကျပ်စွာတားမြစ်ပါသည်။ ၁၉၃၄ ခုနှစ် မတ်လတွင် ဆင်ဆာဥပဒေကို ပြင်ဆင်ပြီး ရုပ်ရှင်အတတ်ပညာရှင်များကို ဆင်ဆာအဖွဲ့တွင် ခန့်အပ်ဆောင်ရွက်သကဲ့သို့ ၁၉၈၃ ခုနှစ်တွင်လည်း ရုပ်ရှင်ဥပဒေကို ထပ်မံပြင်ဆင်ခဲ့ပါသည်။ ၁၉၈၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း တရုတ်ရုပ်ရှင်ဇာတ်ကားများကို ၁၉၈၃ ခုနှစ် ရုပ်ရှင်ဥပဒေပါ အချက် (၄) ချက်အပြင် ကလေးသူငယ်နှင့် ဆယ်ကျော်သက်တို့၏ ကိုယ်နှင့်စိတ်ကျန်းမာရေးကို ထိခိုက်စေခြင်း၊ အများပြည်သူ စာရိတ္တ နိမ့်ကျစေခြင်း၊ အစိုးရ၏ ဂုဏ်သိက္ခာကျဆင်းစေခြင်း စသည့်အချက်များကို ဖြည့်စွက်ထည့်သွင်း၍ Rating ခေါ် ရုပ်ရှင်စံနှုန်း သတ်မှတ်ခြင်းများကို အောက်ပါအတိုင်း အသက်အရွယ်အလိုက် ရုပ်ရှင်စံနှုန်း(၅)မျိုးဖြင့် သတ်မှတ်ခဲ့ပါသည်–

၁။ 0⁺ (General Audiences) အများပြည်သူ အရွယ်သုံးပါး ကြည့်ရှုနိုင်သောရုပ်ရှင်၊
၂။ 6⁺ (Protected) ၆ နှစ်အောက်မကြည့်ရ၊ (၆–၁၁) နှစ်အတွင်းကလေးများ အုပ်ထိန်းသူနှင့် ကြည့်ရှုနိုင်သောရုပ်ရှင်၊
၃။ 12⁺(Parental Guidance) ၁၂ နှစ်အောက်မကြည့်ရ၊ (၁၂–၁၅)နှစ်အတွင်း အုပ်ထိန်းသူနှင့် ကြည့်ရှုနိုင်သော ရုပ်ရှင်၊
၄။ 15⁺ ၁၅ နှစ်အောက် မကြည့်ရသောရုပ်ရှင်၊
၅။ 18⁺ (Restricted) ၁၈ နှစ်အောက် မကြည့်ရသောရုပ်ရှင်။

၂၀၁၅ ခုနှစ် ဇွန်လတွင် ဆင်ဆာအဖွဲ့ကို အစိုးရကိုယ်စားလှယ်၊ ရုပ်ရှင်အသိပညာရှင်၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအတတ်ပညာရှင်များဖြင့် ပြန်လည်ဖွဲ့စည်း၍ ရုပ်ရှင်ဥပဒေကို ပြန်လည်သတ်မှတ်ခဲ့ပါသည်။ ၎င်းဥပဒေအရ ရုံတင်ပြသမည့် ရုပ်ရှင်ကားအားလုံးသည် Rating စံနှုန်းသတ်မှတ်ရေးဌာနသို့ လျှောက်ထားရပြီး ရုပ်ရှင်ဥပဒေအရ စံနှုန်းသတ်မှတ်ခြင်း ပျက်ကွက်ခဲ့လျှင် ဖြန့်ချိခြင်း၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်း၊ ရောင်းချခြင်း၊ ရုံတင်ပြသခြင်းတို့ကို ရုပ်သိမ်းခြင်းခံရမည် ဖြစ်ပါသည်။

### ကိုရီးယားသမ္မတနိုင်ငံ

ကိုရီးယားနိုင်ငံတွင် ရုပ်ရှင်သီးသန့်စိစစ်သော ရုပ်ရှင်အဆင့်သတ်မှတ်ရေးကော်မတီ (Film Rating Committee) မရှိဘဲ ရုပ်ပုံအဆင့်သတ်မှတ်ရေးကော်မတီ (Picture Rating Committee) သာရှိပြီး ၎င်းတွင် Video၊ DVD၊ Game နှင့် ကြော်ငြာ (TVC)၊ ရုပ်ရှင်နမူနာနှင့် ဂီတ၊ ရုပ်ရှင်တို့ ပါဝင်သည်။ ရုပ်ပုံအဆင့်သတ်မှတ်ရေးကော်မတီ (Picture Rating Committee) သည် ကိုရီးယားယဉ်ကျေးမှုနှင့် အားကစားဝန်ကြီးဌာနတွင် ပါဝင်ဖွဲ့စည်းထားပြီး ၁၉၆၇ ခုနှစ်က ကိုရီးယားအနုပညာကျင့်ဝတ်ကော်မတီအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ် ဇူလိုင်လတွင် ရုပ်ပုံစိစစ်ခြင်းမူဝါဒ (Reviewing Policy of Picture) အရ CD ကြားခံပစ္စည်းနှင့် အိမ်သုံး Game Software အထိ စိစစ်ပြီး ရုပ်ရှင်အပြင် ပြဇာတ်၊ ဇာတ်ညွှန်း၊ ဂီတ စသည်ဖြင့် ဆင်ဆာစိစစ်ခြင်းကို ကျယ်ပြန့်စွာဆောင်ရွက်ခဲ့သည်။ ယခုလက်ရှိ ရုပ်ရှင်စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၈ ခုနှစ် တစ်နှစ်တာအတွင်း ရုပ်ရှင်ဇာတ်ကားပေါင်း ၁၂၃၁ ကားကို စိစစ်သတ်မှတ်ခဲ့ပါသည်။ ကိုရီးယားရုပ်ရှင်အဆင့်သတ်မှတ်မှုကို အောက်ပါအတိုင်း အဆင့် (၅) ဆင့်ဖြင့် ခွဲခြားထားသည် –

၁။ 0⁺ (General Audiences) အများပြည်သူ အရွယ်သုံးပါး ကြည့်ရှုနိုင်သောရုပ်ရှင်၊
၂။ 12⁺ (Parental Guidance) ၁၂ နှစ်အထက် ကြည့်ရှုနိုင်သောရုပ်ရှင်၊
၃။ 15⁺ ၁၅ နှစ်အထက် ကြည့်ရှုနိုင်သောရုပ်ရှင်၊
၄။ ဆယ်ကျော်သက် မကြည့်ရရုပ်ရှင်၊
၅။ အကန့်အသတ်ဖြင့် ပြသရန်ရုပ်ရှင်။

အဆိုပါ အကန့်အသတ်ဖြင့်ပြသရန် ဆိုသည်မှာ သီးသန့်ကန့်သတ်ထားသော ရုပ်ရှင်ရုံများတွင်သာ ပြသရန်ဖြစ်သော်လည်း ကိုရီးယားနိုင်ငံတွင် သီးသန့်ကန့်သတ်ရုံ တစ်ရုံမျှမရှိပါ။ ၎င်းမှာ လက်တွေ့တွင် ပြသရန်ခွင့်မပြုဆိုသည့်သဘောပင်ဖြစ်ပြီး ရုပ်ရှင်ကို သေဒဏ်ပေးသည်နှင့် ဆင်တူပါသည်။ အကန့်အသတ်ဖြင့်ပြသရန် ရုပ်ရှင်ဇာတ်ကားများထဲမှ အချို့သည် စိစစ်ရေးဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် ဗဟိုတရားရုံးတွင် တရားစွဲဆိုလျှောက်ထားခဲ့ရာတွင် ငါးနှစ်ကြာ အမှုရင်ဆိုင်ခဲ့ရပြီးနောက်မှ ရုံတင်ခွင့်ရခဲ့သည်။ သို့သော် အချိန်ကိုက်သရော်ထားသော ဇာတ်ကားဖြစ်သောကြောင့် ရုံတင်သောအချိန်တွင် ပရိသတ်စိတ်ဝင်စားမှုလျော့နည်းကာ အရှုံးပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ကိုရီးယားရုပ်ရှင်နှင့် ဗီဒီယိုပစ္စည်းမြှင့်တင်ရေးဥပဒေ အပိုဒ် ၂၉ အရ လိင်စိတ်လှုံ့ဆော်မှု၊ အကြမ်းဖက်မှု၊ လူ့အဖွဲ့အစည်း၏ ပြဿနာများကို အလွန်အကြူးဖော်ပြပြီး ယေဘုယျ နက်နဲစွာထိခိုက်စေနိုင်မည့် ပြသခြင်းနှင့် ကြေညာခြင်းတို့ကို အတိုင်းအတာတစ်ခုအထိ ကန့်သတ်ရန် ဟု ဖော်ပြထားသည်။ ၂၀၀၀ ပြည့်နှစ်၏ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ၏ ၁၅ ဦး မြောက် သမ္မတဖြစ်သူ မစ္စတာကင်ဒယ်ချုန်း လက်ထက် တွင် ကိုရီးယားရုပ်ရှင်သည် စိစစ်ရေးအရိပ်အောက်မှ လွတ်မြောက်ခဲ့ပြီး ယခင်ကထက် ပိုမိုလွတ်လပ်လာခဲ့ရာ ဇာတ်လမ်းအမျိုးအစား စုံလင်စွာဖြင့် အင်နှင့်အားနှင့် ထွက်ရှိလာမှုနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်ဈေးကွက်များအထိ ပျံ့နှံ့ကြီးထွားလာခဲ့ပါသည်။

### ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံသည် ၁၉၃၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသော ရုပ်ရှင်ဆင်ဆာတည်းဖြတ်မှုစနစ်ကို ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် ဖျက်သိမ်းခဲ့ပြီး ရုပ်ရှင်စံနှုန်းသတ်မှတ်ခြင်း စနစ်ဖြင့် အစားထိုးပြဋ္ဌာန်းခဲ့သည်။ ထိုင်းနိုင်ငံ၏ ရုပ်ရှင်သတ်မှတ်စံနှုန်းအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

၁။ အများပြည်သူ အသိဉာဏ်တိုးပွားစေ၍ မည်သူမဆို ကြည့်ရှုသင့်သောရုပ်ရှင် (Promote (P) , Symbolized by Smiley Face)
၂။ အသက်အရွယ်မရွေးကြည့်ရှုရန် သင့်လျော်သောရုပ်ရှင် (General (G) , Symbolized by A House)
၃။ ၁၃ နှစ်အထက် ကြည့်ရှုနိုင်သောရုပ်ရှင် (13⁺)၊
၄။ ၁၅ နှစ်အထက် ကြည့်ရှုနိုင်သောရုပ်ရှင် (15⁺)၊
၅။ ၁၈ နှစ်အထက် ကြည့်ရှုနိုင်သောရုပ်ရှင် (18⁺)၊
၆။ အသက် ၂၀ နှစ်အောက် ကြည့်ရှုခွင့် မပြုသော ရုပ်ရှင် (20⁺ Restrited ) (အခါအားလျော်စွာ မှတ်ပုံတင်စစ်ဆေးရန်)။

ထို့အပြင် ထုတ်ဖော်ပြောကြားခြင်းမရှိသော ခုနစ်ခုမြောက် စံနှုန်းအမျိုးအစားမှာ နိုင်ငံတော်၏ လုံခြုံရေးအား ထိပါးစေသော ပြကွင်း/ပြကွက်များကြောင့် ပိတ်ပင်ခံရသော အမျိုးအစားဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် ထိုင်းနိုင်ငံ ရုပ်ရှင်ဥပဒေအရ ရုပ်ရှင်စံနှုန်းသတ်မှတ်ခြင်း စနစ်ကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တော်ဝင်ထိုင်းရဲတပ်ဖွဲ့က စိစစ်ပြီး ကြီးကြပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ကိုယ်လုံးတီးပြကွက်နှင့် လိင်အသားပေးပြကွက်များ၊ ရက်စက်ကြမ်းကြုတ်မှုများ (ဥပမာ– သက်ရှိသတ္တဝါများအား အပိုင်းပိုင်းခုတ်ထစ်ပြသမှု)တို့အား ပြည်တွင်းရုပ်ရှင်များတွင် ကန့်သတ်ထားရှိသော်လည်း နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများအတွက်မူ ၎င်းစံနှုန်း သတ်မှတ်ချက်များမှာ အကျုံးမဝင်ကြောင်း တွေ့ရှိရသည်။ ထိုင်းနိုင်ငံထုတ် ရုပ်ရှင်များတွင် ရုပ်ရှင်စံနှုန်းသတ်မှတ်မှုမပြုမီ အကြိုသုံးသပ်ခြင်း အဆင့်တစ်ခုဖြင့် ကြိုတင်စိစစ်ထားခြင်းကြောင့် ပရိသတ်အနေဖြင့် ဆင်ဆာကြီးကြပ်နေခြင်းကို အများစုက သတိမပြုမိကြခြင်းဖြစ်သည်။

### မြန်မာ့ရုပ်ရှင်နှင့်ဆင်ဆာ

မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်မှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သော်လည်း Cinematograph Act ဟုခေါ်သော ရုပ်ရှင်ဥပဒေသည် ၁၉၁၈ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် (၃၈) အရ ၁၉၆၂ ခုနှစ် ရုပ်ရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်က ရုပ်မြင်သံကြား စတင်အသုံးပြုခဲ့ပြီးနောက် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ၁၉၈၅ ခုနှစ် လုပ်ထုံးလုပ်နည်းများကို ၁၉၈၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ **စာမျက်နှာ ၇ သို့** ☆

**ဒီမိုကရေစီကျင့်စဉ်ရင့်ကျက်ပြီး အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းသော အမေရိကန်၊ ဥရောပနှင့် အိန္ဒိယကဲ့သို့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် အစိုးရမဟုတ်သော ရုပ်ရှင်အဖွဲ့အစည်းများက ရုပ်ရှင်အဆင့်သတ်မှတ်ပြဋ္ဌာန်းခြင်း (Rating)ကို လုပ်ဆောင်ကြပြီး ဒီမိုကရေစီကျင့်စဉ်ရှိနေသော်လည်း အရပ်ဘက်အဖွဲ့အစည်းများပါဝင်မှုနည်းသော ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားကဲ့သို့သော နိုင်ငံများတွင် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့အစည်းများက ရုပ်ရှင်အဆင့်သတ်မှတ်ခြင်းကို လုပ်ဆောင်လျက်ရှိ**

**မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်မှ စတင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သော်လည်း Cinematograph Act ဟုခေါ်သော ရုပ်ရှင်ဥပဒေသည် ၁၉၁၈ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် (၃၈) အရ ၁၉၆၂ ခုနှစ် ရုပ်ရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့**

☆ စာမျက်နှာ ၆ မှ

ထို့ပြင် ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၇ ခုနှစ် ရုပ်ရှင်နည်းဥပဒေများလည်း ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာ့ရုပ်ရှင်လောကတွင် ဗီဒီယိုပုံစံဖြင့် ဇာတ်လမ်းများ ဖြန့်ချိခြင်း ထွန်းကားလာသောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအပြင် ၁၉၉၈ ခုနှစ် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေကိုလည်း ပြဋ္ဌာန်းထားရှိသည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ၎င်းအဖွဲ့တွင် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏မိခင်)သည် ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၏ ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ယင်းအဖွဲ့ကို ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့အဖြစ် ၁၉၆၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိလည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဟူ၍လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအဖွဲ့များသည် တည်ဆဲဥပဒေများနှင့်အညီ ကြည့်ရှုစစ်ဆေးပေးခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ကို ပူးပေါင်းပြီး ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာဟူ၍ ဖွဲ့စည်းပြီး စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။

ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့၏ စစ်ဆေးရာ၌ မှီငြမ်းပြုရမည့် အခြေခံမူများကို ယခင်က ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်ဇာတ်ကားအားလုံးအတွက် ၁၀ ချက် ပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့ရာမှ ယခုအခါ နိုင်ငံရေး၊ ဘာသာရေး၊ တိုင်းရင်းသားချစ်ကြည်ရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး၊ ရက်စက်ကြမ်းကြုတ်မှုများ ပါဝင်မှုမရှိစေရေး၊ ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေးဟူသော အချက်(၆) ချက်ဖြင့်သာ ထောက်ညွှန်အကြံပြုဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် တွေ့ကြုံရသော အခက်အခဲများ ဖြေလျှော့နိုင်ရန်နှင့် ပယ်ဖျက်နိုင်ရန်အတွက် မြန်မာ့ရုပ်ရှင်ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီး နည်းဥပဒေများကို ခေတ်နှင့်လျော်ညီစွာ ပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ပြဋ္ဌာန်းမည့် ဥပဒေသစ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ (၂၀၁၉ ခုနှစ်) အား အခြေခံ၍ နည်းဥပဒေကိုလည်း အနုပညာဖန်တီးသူများ အကျိုးရှိစေရန် ထည့်သွင်းပြဋ္ဌာန်းသင့်သည်။ ထိုသို့ပြဋ္ဌာန်းရာတွင် အောက်ပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပါသည်–

(၁) အများပြည်သူကြည့်ရှုပြသခွင့် ရုပ်ရှင်ဆင်ဆာလက်မှတ်ကို ရုပ်ရှင်စံနှုန်းအဆင့်(Rating)ဖြင့် သတ်မှတ်ထုတ်ပေးရန်၊

(၂) ရုပ်ရှင်စံနှုန်းအဆင့် သတ်မှတ်ရေးအဖွဲ့တွင် ရုပ်ရှင်အသိပညာရှင် ကိုယ်စားလှယ်၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအတတ်ပညာရှင်နှင့် အစိုးရကိုယ်စားလှယ်တို့ဖြင့် ဖွဲ့စည်းရန်၊

**မိမိဖန်တီးသည့် အနုပညာသည် လွတ်လပ်စွာ ဖန်တီးနိုင်သည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ အခြားသောကလေးသူငယ်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း စသည်များကိုလည်း လေးစားလိုက်နာရမည်ဖြစ်**

(၃) ရုပ်ရှင်လောကသားများအနေဖြင့် သတ်မှတ်ပေးစေလိုသောအဆင့်များ ဖော်ထုတ်ရန်၊

(၄) ထုတ်လုပ်ဖန်တီးမှုများ၏ အဆင့်အတန်းသတ်မှတ်ခြင်းသည် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်ရန်၊

(၅) ဖြစ်ပေါ်လာသော အငြင်းပွားမှုများကို ဖန်တီးထုတ်လုပ်သူ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားပြုအဖွဲ့အစည်းမှ သော်လည်းကောင်း တာဝန်ယူရန်။

ထိုကဲ့သို့ နိုင်ငံတကာတွင် ကျင့်သုံးနေသော ဇာတ်ကားအဆင့်သတ်မှတ်သည့် (Rating) စနစ်ကို မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းပြီး ကျင့်သုံးဆောင်ရွက်မည်ဆိုပါက အောက်ဖော်ပြပါကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ဦးစွာဆောင်ရွက်ကြရမည်ဖြစ်ပါသည်–

(၁) ထုတ်လုပ်သူများနှင့် ဒါရိုက်တာများ၏ အခန်းကဏ္ဍ၊

(၂) ဇာတ်ကားအဆင့်သတ်မှတ်ရေးအဖွဲ့၏ အခန်းကဏ္ဍ၊

(၃) ရုပ်ရှင်ရုံပြသသည့်လုပ်ငန်းနှင့် ကြည့်ရှုသူပရိသတ်များ၏ အခန်းကဏ္ဍ။

**ထုတ်လုပ်သူ၊ ဒါရိုက်တာများ**

ထုတ်လုပ်သူများ၊ ဒါရိုက်တာများအနေဖြင့် မိမိဖန်တီးမည့်အနုပညာကို မည်သည့်အသက်အရွယ် အပိုင်းအခြားအား ရည်ရွယ်၍ အနုပညာကို လွတ်လပ်စွာခံစားကြည့်ရှုနိုင်စေရန် သတ်မှတ်ချက်ရှိရမည် ဖြစ်သည်။ သို့မှသာ ရုပ်ရှင်ဇာတ်ကားမှ ပြန်လည်ရရှိမည့်ဝင်ငွေကို ထုတ်လုပ်သူများအနေဖြင့် စဉ်းစားနိုင်မည်ဖြစ်ပါသည်။ မိမိဖန်တီးမည့် အနုပညာကိုလည်း အနုပညာကျင့်ဝတ်ဆိုင်ရာများဖြင့် လေးစားလိုက်နာစောင့်ထိန်းရန် လိုအပ်မည်ဖြစ်သည်။

ထို့အပြင် မိမိဖန်တီးသည့် အနုပညာသည် လွတ်လပ်စွာ ဖန်တီးနိုင်သည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ အခြားသော ကလေးသူငယ်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း စသည်များကိုလည်း လေးစားလိုက်နာရမည် ဖြစ်ပါသည်။

ထုတ်လုပ်သူ၊ ဒါရိုက်တာများအနေဖြင့် ဇာတ်ဝင်ခန်းများတွင်ပါဝင်သည့် ဇာတ်ဝင်ခန်းအလိုက် ဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်၊ စကားပြောခန်းများကို ဂရုပြု၍ ဇာတ်ညွှန်းရေးသားစဉ်ကပင် ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ဖြစ်ပါသည်။

**ဇာတ်ကားအဆင့် သတ်မှတ်ရေးအဖွဲ့၏ အခန်းကဏ္ဍ**

ရုပ်ရှင်ဇာတ်ကားများကြည့်ရှု၍ ဇာတ်ကားအဆင့်သတ်မှတ်ရာတွင်လည်း ဇာတ်ကားအဆင့်သတ်မှတ်မည့် အဖွဲ့တွင် ပါဝင်သည့်သူများအနေဖြင့် သမာသမတ်ရှိပြီး အနုပညာကို နှံ့နှံ့စပ်စပ်သိရှိသူ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဥပဒေအရတာဝန်ပေးအပ်သည့် ဌာနဆိုင်ရာများ၊ အနုပညာနှင့်ဆက်စပ်သည့် ဗဟုသုတပြည့်စုံသည့် အခြားသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ထည့်သွင်း၍ ရုပ်ရှင်ဇာတ်ကားအဆင့် သတ်မှတ်ရေးကို ဖွဲ့စည်းဆောင်ရွက်သင့်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇာတ်ကားအဆင့်သတ်မှတ်ရေးအဖွဲ့တွင် ပါဝင်မည့်သူများအနေဖြင့် ရုပ်ရှင်ဇာတ်ကားအဆင့်သတ်မှတ်ရာတွင် ဇာတ်ကားအဆင့် သတ်မှတ်မည့် ရုပ်ရှင်ဇာတ်ကား၏ ခံစားတင်ဆက်နိုင်မှု၊ ရသပေးစွမ်းနိုင်မှု၊ အကျိုးရလဒ်ရရှိနိုင်မှုနှင့် ၎င်းရုပ်ရှင်ဇာတ်ကား၏ အတိမ်အနက်အပေါ်မူတည်၍ အများပြည်သူကြည့်ရှုရာတွင် ရုပ်ရှင်ကြည့်ရှုသူများအတွက် ဇာတ်ကားအဆင့်ကို ခွဲခြားသတ်မှတ်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

**ရုပ်ရှင်ရုံ ပြသသည့်လုပ်ငန်းနှင့် ကြည့်ရှုသူပရိသတ်များ၏ အခန်းကဏ္ဍများ**

ရုပ်ရှင်ရုံများတွင် ဇာတ်ကားအဆင့်ခွဲခြားသတ်မှတ်ထားသည့် ရုပ်ရှင်ဇာတ်ကားများ ပြသရာတွင်လည်း အသက်အရွယ် အပိုင်းအခြားအလိုက် ကြည့်ရှုရမည့် ရုပ်ရှင်ဇာတ်ကားအတွက် ရုပ်ရှင်ရုံဝန်ထမ်းက ရုပ်ရှင်လက်မှတ်ရောင်းချရာတွင်လည်းကောင်း၊ ရုပ်ရှင်ရုံအတွင်း ဝင်ရောက်ကြည့်ရှုခွင့်ပြုရာတွင်လည်းကောင်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပါသည်။ ထိုသို့လိုက်နာနိုင်စေရန်အတွက် ရုပ်ရှင်ရုံများကို ထိန်းကျောင်းကိုင်တွယ်သည့် ဌာနအဖွဲ့အစည်းများက သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတကာတွင် အသက်အရွယ် ပိုင်းခြားကန့်သတ်ထားသည့်ဇာတ်ကားကို အသက်ကန့်သတ်ချက်ရှိသူများအား ကြည့်ရှုခွင့်မပြုဘဲ ကြည့်ရှုခွင့်ပြုသောရုပ်ရှင်ရုံဝန်ထမ်းအား အလုပ်မှထုတ်ပယ်ခြင်း၊ ပြစ်ဒဏ်များ ချမှတ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်၊ အသက် ၁၂ နှစ်ပြည့် မှတ်ပုံတင်စသည်ဖြင့် သက်သေခံလက်မှတ်များကိုင်ဆောင်၍ ရုပ်ရှင်လက်မှတ်ဝယ်ယူရန်မှာ လက်ရှိအခြေအနေတွင် အခက်အခဲများရှိမည်ဖြစ်ရာ ထိုအခက်အခဲများကို ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုကဲ့သို့ ရုပ်ရှင်ကြည့်ပရိသတ်များအနေဖြင့်လည်း အသက်ကန့်သတ်ချက်ဖြင့် အဆင့်သတ်မှတ်ထားသော ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုရန်အတွက် ရုပ်ရှင်လက်မှတ်များ ဝယ်ယူကြရာတွင် မိမိ၏အသက်နှင့်မကိုက်ညီသော အဆင့်သတ်မှတ်ထားသည့် ဇာတ်ကားကို ဝယ်ယူခြင်း၊ မိဘအုပ်ထိန်းသူများအနေဖြင့် မိမိနှင့်အတူပါလာသည့် ကလေး၏အသက်ကို လိမ်လည်၍ လက်မှတ်ဝယ်ယူခြင်းများ မပြုလုပ်ကြဘဲ သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ရာ ထိုစနစ်ကျင့်သုံးမည်ဆိုပါက ကြိုတင်အသိပေးခြင်းလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာတစ်ခွင်မှ ရုပ်ရှင်ဆင်ဆာအသွင်အပြင်ကို မျက်ခြည်မပြတ်လေ့လာမှုနှင့်အတူ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီရာအဆင့်မှ ဟန်ချက်ညီလိုက်ပါစီးမျောနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့မျှော်မှန်းလုပ်ဆောင်ချက်ဖြင့် ရုပ်ရှင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုရလဒ်များ ပေါ်ထွက်လာနိုင်ရန် မျှော်လင့်ရင်း။ ။






## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း RFA သတင်းဌာနမှ အရှေ့တောင်အာရှဒေသ၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် RFA သတင်းဌာနမှ အရှေ့တောင်အာရှဒေသ၏ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Matthew Pennington နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လက်ရှိမြန်မာ့မီဒီယာကဏ္ဍတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ခေတ်ရေစီးကြောင်းနှင့် နည်းပညာတိုးတက်လာမှုအရ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပြောင်းလဲလာသည့် မီဒီယာအခင်းအကျင်း၊ စာနယ်ဇင်းသမားများအနေဖြင့် သတင်းများ ရယူရေးသားရာတွင် ကျွမ်းကျင်မှုရှိရန်၊ ကျင့်ဝတ်လိုက်နာရန်၊ ဘက်လိုက်မှုမရှိရန်နှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် အရေးကြီးပုံ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းနေသည့်ကာလတွင် မီဒီယာများ၏ အရေးပါမှု၊ သတင်းရပိုင်ခွင့်ဥပဒေ (Right to Information Law) ရေးဆွဲနေမှု၊ ရုပ်သံလွှင့်မီဒီယာ နည်းဥပဒေရေးဆွဲနေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြန်အလှန်ယုံကြည်မှုဖြင့် တည်ဆောက်ရေး။
- ★ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး။
- ★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။

## ၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ဖို့၊
တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စို့။

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၁-၁၁-၂၀၁၉)

# နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (CoC) ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct-CoC)ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဥတ္တရသီရိ ဟိုတယ်၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ အဖွဲ့ဝင် ဦးသန်းငွေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး Mr. Tim Enderlin နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့တွေ့ဆုံပွဲသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct-CoC) ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ CoC ပြန်လည်သုံးသပ်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲနှင့် လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးများကို ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် အောင်မြင်စေရေးကို အထောက်အကူဖြစ်စေရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ယှဉ်ပြိုင်မှုဖြစ်ပေါ်စေရန်အတွက် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct-CoC) သည် ရှိထားသင့်သည့် ပဋိညာဉ်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ စတင်၍ သဘောတူလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် CoC ကို နိုင်ငံရေးပါတီများအားလုံး လိုက်နာကျင့်သုံးခဲ့သည့်အတွက် ရွေးကောက်ပွဲများတွင် ပဋိပက္ခများ၊ အငြင်းပွားမှုဖြစ်စဉ်များ လျော့နည်းခဲ့ပြီး ဖြစ်စဉ်များတွင် နှစ်ဖက်ပြေလည်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများအတွေ့အကြုံအရ CoC ကိုလက်ရှိကာလအခြေအနေနှင့် ကိုက်ညီမှုရှိစေရေး ပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် CoC ကို ပိုမိုကောင်းမွန်စေရေးနှင့် အားလုံးလိုက်နာနိုင်မည့် ကျင့်ဝတ်နှင့်မူဝါဒများ ရေးဆွဲနိုင်ရေးအတွက် လုပ်ငန်းကော်မတီဆွေးနွေးပွဲများကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ CoC မူကြမ်းရရှိပါကလည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်အတည်ပြုပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း Japan Management Association(JMA) Management Institute မှ သင်တန်းသားများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် Japan Management Association (JMA) Management Institute တွင် ဖွင့်လှစ်ပို့ချနေသည့် Executive Management Course မှ Mr. Tetsuya Ichinose ဦးဆောင်သည့် သင်တန်းသားများကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းနှင့် နည်းပညာ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ထုတ်လုပ်မှု၊ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာများ၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံနိုင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## အောက်တိုဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၇၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၇၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရေး ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ် ၁၀၀၂ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၆၂၆၀ စုစုပေါင်း ၂၇၂၆၂ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ်အောက်တိုဘာလအတွင်း နိုင်ငံအလိုက်ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၆၆၇၉ ဦး၊ စင်ကာပူနိုင်ငံသို့ ၂၁ ဦး၊ ကိုရီးယားနိုင်ငံသို့ ၁၂၁ ဦး၊ ထိုင်းနိုင်ငံသို့ ၁၉၆၆၇ ဦး၊ ဂျပန်နိုင်ငံသို့ ၆၅၉ ဦး၊ ယူအေအီးနိုင်ငံသို့ ၁၈ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၆ ဦး၊ ကာတာနိုင်ငံသို့ ငါးဦး စုစုပေါင်း ၂၇၁၈၆ ဦးကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ ၂၀၁၉ မှ ပွဲစဉ်ရေးဆွဲထားမှုအနေအထားအရ မြန်မာအသင်းသည် အုပ်စုလေးပွဲအနက် ပထမသုံးပွဲကို တစ်ရက်ခြားကစားရမည်ဖြစ်ပြီး မလေးရှား၊ အိမ်ရှင်ဖိလစ်ပိုင်တို့နှင့် ကစားရမည့်ပွဲများမှာ နောက်တစ်ဆင့်တက်ရေး အရေးပါလျက်ရှိသည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်း ၁၁ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ငါးသင်း၊ အုပ်စု (ခ) တွင် ခြောက်သင်း ပါဝင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

☆ စာမျက်နှာ ၅ မှ
၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် တင်ပြအကြံပြုခဲ့ပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စက်ရုံ၊ အလုပ်ရုံများ၊ ကုမ္ပဏီများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာအဖွဲ့အစည်းများကို လူ့အခွင့်အရေးအသိပညာပေးဆွေးနွေးမှုများပြုလုပ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများကို ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရသည့် ကိစ္စနှင့်ပတ်သက်၍ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် အစည်းအဝေးများတွင် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်အပြင် သက်ဆိုင်ရာ နိုင်ငံ၏အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲပြောဆိုမှုများနှင့်ပတ်သက်၍ ကော်မရှင်အနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်း၊ ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းတို့၏ အစည်းအဝေးနှင့် ဆွေးနွေးပွဲများတွင်လည်း မြန်မာနိုင်ငံ၏ ပကတိလူ့အခွင့်အရေးအခြေအနေများ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အပြုသဘောတိုးတက်ပြောင်းလဲမှုများ၊ ကော်မရှင်၏ကြိုးပမ်းအားထုတ် ဆောင်ရွက်ချက်များကို အလျဉ်းသင့်သလို ထည့်သွင်းပြောကြားလျက် ရှိပါကြောင်း။

လက်ရှိကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အနာဂတ်ဖွဲ့စည်းမည့် ကော်မရှင်အဖွဲ့ဝင်အသစ်များ အခက်အခဲမရှိ လုပ်ကိုင်တာဝန်ထမ်းဆောင်နိုင်စေရေးအတွက် ကော်မရှင်အဖွဲ့ဝင်အားလုံးနှင့် လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက်ကော်မရှင်ရုံးဝန်ထမ်းများ တွေ့ဆုံဆွေးနွေးပြီး အသေးစိတ်လုပ်ငန်းတာဝန်ခွဲဝေမှုများကို သတ်မှတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၉ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်အထိ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက စိတ်ပါဝင်စားစွာ ဆွေးနွေးအကြံပြုကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကော်မရှင်၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ပညာရေးဝန်ကြီးဌာနက လူတိုင်းအကျုံးဝင် အရည်အသွေးမီပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း**က အခြေခံပညာကျောင်းများ၌ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် လုပ်ငန်းများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းကော်မတီအဖွဲ့များ၊ ကျောင်းသားမိဘများနှင့်အတူ ကျောင်းအရည်အသွေးတိုးတက်မှု စီမံချက်များရေးဆွဲပြီး သတ်မှတ်ငွေစာရင်းခေါင်းစဉ်နှင့်အညီ သုံးစွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်းပိုမိုရရှိစေရန်အတွက် ကျောင်းနေပြီးသော ကလေးငယ်တိုင်း ကျောင်းနေမြဲလာစေရန် ပညာသင်ထောက်ပံ့ခြင်း အစီအစဉ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူတိုင်းအကျုံးဝင်အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ်နှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ရပ်လုံး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ထံမှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးယူခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ စီမံကိန်းချေးငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါ ချေးငွေစာချုပ်ညှိနှိုင်းခြင်း၊ ချေးငွေစာချုပ် ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်း၊ စာချုပ်အသက်ဝင်ရန် ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူသုံးစွဲမှု၊ ချေးငွေအရင်း/အတိုး ပြန်လည်ပေးဆပ်မှုစသည့် လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုကိုလည်း စောင့်ကြည့်ကြပ်မတ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၄၂၉ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ မရှိဖြစ်သဖြင့် လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင် ပါဝင်သော တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၁၅/၂၀၁၉)** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး**က တင်ဒါလုပ်ငန်းများကို သတ်မှတ်ညွှန်ကြားချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပထမသုံးလပတ်ပြည့်သော်လည်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တင်ဒါခေါ်ယူခြင်း နောက်မကျစေရန်၊ Quality Control ကုမ္ပဏီများကလည်း စံချိန်မီကုမ္ပဏီဖြစ်ရန်၊ ဆောက်လုပ်ရေးကုမ္ပဏီများကလည်း တောင့်တင်းခိုင်မာပြီး အလုပ်ရှိသေသည့်ကုမ္ပဏီများ ဖြစ်စေရန်လိုအပ်ပြီး ယခုနှစ်ဆောက်လုပ်မည့် ကျောင်းများ၏ ဒီဇိုင်းများကိုလည်း အသိပေးစေလိုပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၁၅/၂၀၁၉)သည် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လမ်းညွှန်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း**က တည်ဆောက်ရေးတင်ဒါတစ်ခုတွင် အကြိုအင်ဂျင်နီယာလုပ်ငန်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်းတွက်ချက်ခြင်း၊ ကြမ်းခင်းဈေးသတ်မှတ်ခြင်း စသည့် လုပ်ငန်းများကို Design Bid Build Method တင်ဒါစနစ်အရ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဗဟိုမှ တိုင်းဒေသကြီး၊ ခရိုင်အဆင့်အထိ အင်ဂျင်နီယာဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းသင့်သည်ကို အကြံပြုတိုက်တွန်းအပ်ပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အရည်အသွေးပြည့်ဝစွာဖြင့် အောင်မြင်စွာတည်ဆောက်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် အမှန်သုံးစွဲကုန်ကျမည့် ရန်ပုံငွေကို ခွင့်ပြုပေးသင့်ပါကြောင်းနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များအနေဖြင့်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံအဆောက်အဦဆိုင်ရာ စည်းမျဉ်းများအတိုင်း စစ်ဆေးအတည်ပြုလက်ခံသင့်ပါကြောင်း အကြံပြုတိုက်တွန်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာအမှတ်စဉ် (၁၅/၂၀၁၉)နှင့် စပ်လျဉ်း၍ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်သင်တန်းသားများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်သင်တန်းမှ သင်တန်းသားများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတော်ဘဏ္ဍာအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများကို အကျိုးရှိထိရောက်စွာနှင့် လေ့လွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် သုံးစွဲရန်လိုအပ်သည်သာမက ချမှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သင်တန်းပြီးပါက ဘဏ္ဍာရေးစီမံခန့်ခွဲမှု စံလုပ်ထုံးလုပ်နည်းများ မှန်ကန်ကိုက်ညီစွာ ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို လွယ်ကူရှင်းလင်းသော checklist များဖြင့် စောင့်ကြည့်ဆန်းစစ်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်ချောမွေ့စွာဖြင့် သက်သာလွယ်ကူစွာ ပေးပို့ဆက်သွယ်ပြန်ကြားဆောင်ရွက်နိုင်ရေးအတွက် အီလက်ထရွန်နစ်စနစ်သုံး ရုံးလုပ်ငန်းစနစ် (E-memo)ကို မကြာမီ စတင်ကျင့်သုံးဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီးသည့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် Gavi HSS2 လုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စီမံခန့်ခွဲနိုင်ရန် Gavi HSS2 ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်(Gavi HSS2 Financial Management Standard Operating Procedure)ကို စတင်သုံးစွဲရန် သင်ကြားပေးခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ရောဂါနှိမ်နင်းရေးတာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း တာဝန်ခံဆရာဝန်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ မြို့နယ်ကျန်းမာရေးမှူးများ၊ ကျန်းမာရေးမှူးအဆင့်(၁)များ၊ မြို့နယ်သူနာပြုဆရာမကြီးများ၊ လက်ထောက်ကျန်းမာရေးမှူးများနှင့် ဘဏ္ဍာရေးစာရင်းကိုင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ချက်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ချက်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ချက်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး Mrs.Hana Mottlova နှင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# မြန်မာပြည်ကို နှစ်တိုင်း လာတယ်၊ စာသင်တယ်၊ ခွဲတယ်၊ အသစ်အသစ်သော ခွဲစိတ်မှုတွေကို မြန်မာပြည်က ဆရာဝန်တွေနဲ့လက်တွဲပြီး ခွဲစိတ်ခဲ့တယ်

## Professor Dr. Jack Rock (Henry Ford Hospital)

သတင်း - သီသီမင်း၊ မင်းသစ်(MNA)

ဓာတ်ပုံ - နေလင်း

မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာဌာန ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်၊ မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးနှင့် အမေရိကန်နိုင်ငံ Detroit မြို့ Henry Ford Hospital မှ Prof. Jack Rock ဦးဆောင်သော ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုအဖွဲ့တို့သည် FIENS (Foundation for International Education in Neurological Surgery) ၏ အစီအစဉ်ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာမှစတင်၍ မြန်မာနိုင်ငံတွင် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်မှုဆိုင်ရာ လူနာများကို နှစ်စဉ် နိုဝင်ဘာလတိုင်း နှစ်ပတ်ကြာနေထိုင်ပြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်မှုဆိုင်ရာ လူနာများကို လာရောက်ကုသပေးလျက်ရှိသည်။

အဆိုပါဆရာဝန်ကြီး Prof. Jack Rock နှင့်အဖွဲ့သည် လူနာများအား ခွဲစိတ်ကုသခြင်း၊ နောက်ဆုံးပေါ်ခွဲစိတ်နည်းများကို မြန်မာနိုင်ငံဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ဆရာဝန်များအား သင်ကြားပေးခြင်းနှင့် ပူးပေါင်း၍ခွဲစိတ်ကုသခြင်း၊ အဆင့်မြင့်ခွဲစိတ်ကိရိယာများ သုံးစွဲပုံကို သင်ကြားပြသပေးခြင်း၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်မှုဆိုင်ရာ သင်တန်းများပေးခြင်း၊ ၎င်းတို့အဖွဲ့တွင်ပါဝင်သော သူနာပြုဆရာမကြီးများက ဦးနှောက်နှင့် အာရုံကြောခွဲစိတ်မှုဆိုင်ရာ သူနာပြုများအား ICU သင်တန်းများကို လက်တွေ့၊ စာတွေ့သင်ကြားပြသပေးခြင်း၊ လူနာများကို မခွဲစိတ်မီနှင့်ခွဲပြီး ပြုစုစောင့်ရှောက်နည်း၊ Biomedical Engineering ဆိုင်ရာ ကျွမ်းကျင်သူက ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ သင်ကြားပြသပေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည့်အတွက် အဆိုပါအဖွဲ့မှတာဝန်ရှိသူများ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။


ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုး


Mr. Andy Steiner


Dr. Jack Rock (Professor)


Mr. Yosef Ben Dor


Ms. Marianne Langlois


Ms. Tarsa Patrick


Ms. Tracy Enos

**(ယမန်နေ့မှအဆက်)**

**ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုး**

**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

ဒီမှာ တာဝန်ထမ်းဆောင်တာ သုံးနှစ်ကျော်ရှိပါပြီ။ ကျွန်တော်ရောက်ပြီးတော့ တစ်နှစ်ကျော်လောက် ၂၀၁၇ ခုနှစ် မေလ ၇ ရက်နေ့မှာ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာနကြီးကို စတင်ဖွဲ့စည်းပါတယ်။ ကျွန်တော်တို့ဆေးရုံကြီးဟာ ၂၀၀၆ ခုနှစ်လောက်ကစပြီးတော့ ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရလည်း ဌာနတွေ အများကြီးရှိပါတယ်။ ၃၇ ဌာနလောက်ရှိပါတယ်။ ဒီအထဲမှာ အရင်က ကျွန်တော်တို့ဆေးပညာအဆောက်အအုံနေရာတွေမရှိတဲ့အတွက် ကျွန်တော်တို့ရဲ့ ဆရာဝန်ကြီးတွေကို သဃ်န်းကျွန်းတို့၊ ရန်ကုန်ဆေးရုံကြီးတို့ကို ပို့ထားရပါတယ်။ အခုလည်း သုံးခုလောက် ကျန်ပါသေးတယ်။ ကျွန်တော်တို့ မခေါ်နိုင်တာ အစာအိမ်နှင့် အူလမ်းကြောင်းတို့၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်တို့ ဒီလိုဌာနတွေ ကျန်ပါသေးတယ်။ ပါမောက္ခ၊ ဌာနမှူး ဆရာကြီး ဦးဝင်းမြိုင်တို့က အဲဒီမှာခွဲနေရာကနေ ကျွန်တော်တို့ဆီမှာ ဒီအဆောက်အအုံကြီးလည်း ပြီးသွားတယ်။ ဒီမလာခင်မှာ ဆရာကြီးတို့က ငါးနှစ်လောက်ကို ပြင်ဆင်ခဲ့တယ်၊ ကြိုတင်စုဆောင်းခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မေလမှာ ဒီဌာနကြီးကိုဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း အခက်အခဲမျိုးစုံကြားကနေ ပံ့ပိုးတာတွေလုပ်ခဲ့ပါတယ်။ အားလုံးသောဌာနတွေ အောင်မြင်ပါတယ်။ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်၊ နှလုံးခွဲစိတ်၊ နှလုံးဆေးကုဌာန၊ ကင်ဆာဌာန စတဲ့ဌာနတွေ အားလုံးဟာ တော်တော်များများ အောင်မြင်ပါတယ်။ ဆီးနှင့် ကျောက်ကပ်ဌာနဆိုလည်း တော်တော်အောင်မြင်ပါတယ်။ ထူးခြားချက်က ဌာနတွေ အတော်များပြီး တစ်နေရာတည်းမှာ one stop service ပေးနိုင်တဲ့အတွက် လူနာတွေလည်း သဘောကျပါတယ်။ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာနရောက်လာတဲ့အတွက် ဟိုးအရင်ကတည်းက ရှိပြီးသား နား၊ နှာခေါင်း၊ လည်ချောင်းဌာနရှိတယ်။ အခုဆိုရင် နား၊ နှာခေါင်း၊ လည်ချောင်းဌာနနဲ့ ဦးနှောက်နှင့် အာရုံကြောဌာနအဖွဲ့တွေ ပူးပေါင်းပြီးတော့ အချို့အကျိတ်တွေကို ပူးပေါင်းခွဲစိတ်တာတို့၊ ဦးခေါင်းထဲက ရောဂါတွေ ကုသတာတို့က ဒီလိုဌာနတွေရှိတဲ့အတွက် ပူးပေါင်းလုပ်နိုင်တာပါ။ ဒီမှာက လူနာတွေများလွန်းတဲ့အတွက်ကြောင့် နေရာအခက်အခဲကတော့ ရှိတယ်။

ကျွန်တော်တို့ အသစ်ဖွင့်တဲ့အထဲမှာ အရေးပေါ်ဌာနတစ်ခု ရှိပါတယ်။ ကျွန်တော်ရောက်ခါစက အရေးပေါ်ဌာနဆိုတာ လက်ထောက်ဆရာဝန် တစ်ယောက်၊ နှစ်ယောက်နဲ့ လုပ်နေရတဲ့အခြေအနေကနေပြီးတော့ အရေးပေါ်ဌာနအထူးသူနာပြုတွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် အလွန်အောင်မြင်ပါတယ်။ အရေးပေါ်ဌာနက နေရာအခက်အခဲတော့ရှိပါတယ်။ ဆရာဝန်၊ ဆရာမ၊ ပစ္စည်းကိရိယာကတော့ တော်တော်စုံစုံလင်လင်ရှိပါတယ်။ ခန့်မှန်းအနေနဲ့ ပြင်ပလူနာဌာနက ၁၂၀၀ လောက် ရှိပါတယ်။ အတွင်းလူနာကလည်း ၁၁၀၀ ကနေ ၁၃၀၀ အထိ ရှိပါတယ်။ လူနာက အတော်များတဲ့အတွက် အချိန်ကြာကြာ စိတ်ချလက်ချ ဆေးရုံမှာထားပြီး ကုသပေးနိုင်ဖို့က အဆင်မပြေတဲ့အတွက် သက်သာလာရင် အိမ်မှာနေ ပြီး ဆေးရုံကိုပြန်ပြဖို့ အဆင်ပြေပြီဆိုတာနဲ့ ဆေးရုံက ဆင်းခွင့်ပြုလိုက်ပြီး နောက်လူတက်ဖို့အတွက် ဒီခုတင်တွေကို ပြင်ဆင်ရတဲ့ အခြေအနေရှိပါတယ်။

ဒီဆေးရုံကြီးမှာ ဌာနတွေအများကြီးရှိတဲ့အတွက် လူနာတွေရဲ့အကျိုးကို ထမ်းရွက်ပေးနေပါတယ်။ ဒီဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်ကြီးတွေက လူအင်အားနည်းနည်းနဲ့ နိုင်နင်းအောင်တာဝန်ထမ်းဆောင်နေကြတာ ဖြစ်ပါတယ်။ ဒီလိုကြိုးစားပမ်းစားနဲ့ ဆောင်ရွက်နေတဲ့ ဒီဆေးရုံကြီးရဲ့တာဝန်တွေကို ထမ်းဆောင်ပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပံ့ပိုးပေးနေတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သင်ကြားရေးဌာန၊ ကုသရေးဦးစီးဌာနတို့က ပံ့ပိုးပေးလို့လည်း ကျွန်တော်တို့ လုပ်နိုင်တာ ဖြစ်ပါတယ်။ ဒီအတွက် ကျေးဇူးတင်ပါတယ်။

**Professor Dr. Jack Rock**

**Henry Ford Hospital**

မြန်မာပြည်ကို FIENS ဥက္ကဋ္ဌ Merwyn Bagan ရဲ့ဆက်သွယ်မှုနဲ့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ရောက်ခဲ့တာပါ။ ကျန်တဲ့တိုင်းပြည် တော်တော်များများကိုလည်း စေတနာ့ဝန်ထမ်း ဦးနှောက်ခွဲစိတ်ဆရာဝန်အနေနဲ့ ရောက်ဖူးပါတယ်။ မြန်မာပြည်လာတဲ့အချိန်က အမေရိကန်သမ္မတ အိုဘားမားနဲ့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ မြန်မာပြည်ကို ရှေ့ဆင့်နောက်ဆင့်လာတဲ့ အချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မြန်မာပြည်ကို ကူညီချင်စိတ်နဲ့ လာတာပါ။ အဲဒီတုန်းက မြန်မာပြည်မှာ ၁၈ ရက် ကြာခဲ့ပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ဆရာဦးဝင်းမြိုင်၊ ဦးကြည်လှိုင်နဲ့ ဦးနှောက်ခွဲစိတ်သင်တန်းသားတွေနဲ့ ပူးတွဲခွဲစိတ်ခဲ့ပါတယ်။ ၂၀၁၄ မှာတော့ ကျွန်တော့်အပြင် ခွဲစိတ်ခန်းသူနာပြုဆရာမကြီး၊ ဆေးရုံစက်ကိရိယာဆိုင်ရာ အင်ဂျင်နီယာ၊ အသည်းအသန်လူနာခန်း အထူးကုဆရာဝန်၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်တွေနဲ့အတူ ခွဲစိတ်ကုသမှုအသစ်တွေ လုပ်ခဲ့ပါတယ်။ ဦးနှောက်အောက်ခြေမှာရှိတဲ့ ပီကျူထရီအကျိတ်ကို နှာခေါင်းထဲကနေ ခွဲစိတ်တဲ့အခါမှာ မြောက်ဥက္ကလာပဆေးရုံကြီး နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်ဌာနက ဒေါက်တာဘုန်းမြင့်ထွန်းပါ ကျွန်တော်တို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

မြန်မာပြည်ကို နှစ်တိုင်း လာတယ်၊ စာသင်တယ်၊ ခွဲတယ်၊ အသစ်အသစ်သော ခွဲစိတ်မှုတွေကို မြန်မာပြည်က ဆရာဝန်တွေနဲ့ လက်တွဲပြီး ခွဲစိတ်ခဲ့တယ်။ ၂၀၁၅ နောက်ပိုင်းမှာတော့ ဦးနှောက်ခွဲစိတ်ဌာနရဲ့ လိုအပ်ချက်အပေါ်မူတည်ပြီးတော့ လုပ်ငန်းတွေ တိုးချဲ့ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်ဆေးရုံတွေမှာ လူနာတွေကို ဘယ်လိုခွဲစိတ်တယ်ဆိုတာသိဖို့ မြန်မာပြည်က ဆရာဝန်တွေကို သင်တန်းပေးဖို့ စတင်ခဲ့တယ်။ ၂၀၁၆ ကစပြီး သင်တန်းသားနှစ်ယောက်ကို အမေရိကန်နိုင်ငံမှာ နှစ်လခေါ်ပြီး လေ့ကျင့်သင်ကြားပေးခဲ့တယ်။ မြန်မာပြည်မှာလည်း ၂၀၁၆ ခုနှစ်ကစပြီး လူနာခေတ္တခဏနှိုးပြီးတော့ ခွဲစိတ်ကုသမှု (Awake Craniotomy) တွေလုပ်ခဲ့တယ်၊ လူနာရဲ့အရေးကြီးတဲ့ ဦးနှောက်အစိတ်အပိုင်းနဲ့ ထိစပ်နေတဲ့နေရာတွေကို မထိခိုက်ဖို့ လူနာကို ခေတ္တခဏနှိုးပြီးတော့ ခွဲစိတ်တာဖြစ်ပါတယ်။ ခွဲပြီးတော့မှ စကားမပြောနိုင်တာ၊ ခြေလက်တွေ မလှုပ်နိုင်တာတွေမဖြစ်အောင် ဒီနည်းကို အဓိက အသုံးပြုပါတယ်။

စာမျက်နှာ ၁၁ သို့




မြောက်ဥက္ကလာပဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနတွင် ခွဲစိတ်မှုများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

○ စာမျက်နှာ ၁၀ မှ

သင်တန်းသားနှစ်ယောက်ကို အမေရိကန်နိုင်ငံကို နှစ်လခေါ်ဖို့အတွက် ဒေါ်လာသုံးသောင်း လိုတယ်၊ အဲဒီအတွက် အမေရိကန်အမျိုးသမီးတစ်ယောက်က လိုအပ်တဲ့ပမာဏကို ထောက်ပံ့တဲ့အတွက် အဆင်ပြေသွားတယ်။ ထပ်လှူတဲ့ပိုက်ဆံတွေရှိလာတော့ မြန်မာပြည်က သင်တန်းသား ရှစ်ယောက်ကို အမေရိကန်နိုင်ငံကိုခေါ်ပြီး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့တယ်။ ဦးခေါင်းဒဏ်ရာရတဲ့လူနာတွေကို သုတေသနပြုတဲ့အခါမှာ အသုံးပြုဖို့အတွက်လည်း ငွေကြေးတချို့ လှူဒါန်းခဲ့ကြတယ်။ လွန်ခဲ့တဲ့တစ်နှစ်က ဒီသုတေသနပြုချက်ပြီးသွားတယ်။ အကြီးဆုံးအဖွဲ့အစည်းကို သုတေသနစာတမ်း တင်သွင်းခဲ့တယ်။ ဆုရခဲ့တယ်။ အဲဒီစာတမ်းကို (Congress of Neuro–logical Society) နှစ်ပတ်လည်အစည်းအဝေးမှာ ဖတ်ကြားတင်သွင်းပြီး ဆုရခဲ့တယ်။





မြောက်ဥက္ကလာပဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနတွင် ခွဲစိတ်မှုများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

လွန်ခဲ့တဲ့နှစ်နှစ်ကစပြီး မြောက်ဥက္ကလာမှာရှိတဲ့ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်သင်တန်းသားတွေအတွက် နှစ်ပတ်မှာတစ်ခါ Skype ကနေတစ်ဆင့် စာသင်ကြားပေးတယ်။ ကျောင်းသားတွေက အကြောင်းအရာပေါင်းစုံကို ကြိုတင်ပြင်ဆင်ပြီး ကျွန်တော်က အမေရိကန်နိုင်ငံကနေ ရှုထောင့်ပေါင်းစုံကနေ ဆွေးနွေးသင်ကြားပြသပါတယ်။ အဲဒီလို



သင်နေတာ အခု နှစ်နှစ်ရှိပါပြီ။

ဦးနှောက်နှင့် အာရုံကြောသင်တန်းသင်ရိုးညွှန်းတမ်းကို ပိုမိုကောင်းမွန်အောင် သေသေချာချာပြင်ဆင်ဖို့အတွက် ကူညီမယ်လို့ စိတ်ပိုင်းဖြတ်ထားပါတယ်။ သင်တန်းသားအားလုံးဟာ သင်တန်းပြီးတဲ့အခါမှာ အရည်အသွေးရော၊ အရည်အချင်းရောရှိဖို့အတွက် ပြင်ဆင်ရလိမ့်မယ်။ ဆေးရုံသုံးစက်ကိရိယာကိုင်တွယ်တဲ့အင်ဂျင်နီယာတွေ အရည်အသွေးပြည့်ဝဖို့အတွက် အမေရိကန်နိုင်ငံကိုခေါ်ပြီး လေ့ကျင့်သင်ကြားဖို့ရှိပါတယ်။ ဦးနှောက်ခွဲစိတ်ခန်း သူနာပြုဆရာမတွေကိုလည်း အဲဒီကို ခေါ်ယူပြီး သင်ကြားပေးဖို့ရှိပါတယ်။ တချို့သော ဦးနှောက်ခွဲစိတ်မှုတွေက သိပ်မခက်ပါဘူး။ ခွဲလိုက်ရင် နှစ်လ၊ သုံးလအတွင်းမှာ နဂိုနီးပါး ပြန်ကောင်းသွားတတ်ပါတယ်။ ဒါမျိုးတွေက လူသားတွေအတွက် အများကြီး အကျိုးရှိပါတယ်။

**Mr. Andy Steiner**

**Biomedical Engineer**

အမေရိကန်နိုင်ငံက လာတာပါ။ ခွဲစိတ်ခန်းက စက်တွေကို ကြာရှည်တည်တံ့အောင် ဆောင်ရွက်ပေးတာပါ။ မြန်မာပြည်မှာရှိတဲ့ ချွဲစုပ်စက်၊ ဦးနှောက်ခွဲစိတ်တဲ့သုံးတဲ့ စက်တွေကို ပြင်ဆင်ရပါတယ်။ မြန်မာပြည်က ဦးနှောက်ခွဲစိတ်တဲ့နေရာမှာ နည်းပညာကျွမ်းကျင်မှုအတွက်လည်း အဓိကထားဆောင်ရွက်ပေးပါတယ်။

အရင်ထက်စာရင် မြန်မာပြည်က အခုဆိုအများကြီးပြောင်းလဲလာပြီလို့ မြင်တယ်။ အစိုးရက ခွင့်ပြုမယ်ဆိုရင် ဆေးရုံနဲ့သက်ဆိုင်တဲ့ စက်ကိရိယာပြင်ဆင်တဲ့ ဘာသာရပ်ကို အမေရိကန်နိုင်ငံမှာ ခေါ်ယူသင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်။ ဒီပညာရပ်ကို ကောင်းကောင်း အသုံးချနိုင်ခဲ့ရင် စက်လည်း ကြာရှည်အသုံးပြုနိုင်မယ်။ ကျွန်တော်တို့ကိုင်တွယ်တဲ့စက်တွေဟာ ဦးနှောက်ခွဲစိတ်တဲ့ဆရာဝန်တွေ မရှိမဖြစ်သုံးရတာဖြစ်တဲ့အတွက် ရေရှည်တည်တံ့ဖို့က အရေးကြီးပါတယ်။ အဲဒီစက်တွေကို ကြာရှည်မထိန်းသိမ်းနိုင်ဘူးဆိုရင် မြန်မာငွေသန်းပေါင်းများစွာ ဆုံးရှုံးမှာဖြစ်ပါတယ်။

နိုဝင်ဘာလ ၄ ရက်နေ့က မြန်မာပြည်က ကျွန်တော့်လို အင်ဂျင်နီယာဌာနက လူတွေနဲ့ တွေ့ဆုံပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့သဘောတူခဲ့တာ ဖြစ်ပါတယ်။

**Ms. Tracy Enos**

**Head Nurse**

ခွဲစိတ်ခန်းတာဝန်ခံ သူနာပြုဆရာမကြီးဖြစ်ပါတယ်။ ၂၀၁၄ နိုဝင်ဘာလကတည်းက မြန်မာပြည်ကို ရောက်ခဲ့တာပါ။ မြန်မာပြည်ကိုလာတာ ဒါပါနဲ့ဆို ခြောက်ခေါက်ရှိပါပြီ။ ပါမောက္ခ Jack Rock က မြန်မာပြည်ကို ခေါ်ခဲ့တာပါ။ ကျွန်မက ခွဲခန်းထဲမှာပစ္စည်းတွေ ဘယ်လိုကိုင်တွယ်အသုံးပြုရတယ်ဆိုတာကို သင်ကြားပေးရတာပါ။ ပစ္စည်းအသစ်တွေ ဘယ်လိုသုံးရတယ်ဆိုတာက အစပေါ့၊ ခွဲစိတ်နည်းအသစ်တွေမှာလည်း ခွဲစိတ်ဆရာဝန်နဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်ရတယ်ဆိုတာ သင်ပေးပါတယ်။ မြန်မာပြည်သူတွေက နွေးထွေးတဲ့အတွက် ပူးပေါင်းဆောင်ရွက်ရတာ အဆင်ပြေပါတယ်။ အမေရိကန်မှာ ဘယ်လိုလုပ်တယ်ဆိုတာနဲ့နှိုင်းယှဉ်ပြီး လိုအပ်တာလေးတွေ သင်ကြားပေးပါတယ်။ မြန်မာပြည်က သူနာပြုဆရာမတွေအတွက်လည်း လေ့ကျင့်သင်ကြားပေးတာတွေ လုပ်ပါတယ်။ သူတို့တွေနဲ့ အီးမေးလ်ကတစ်ဆင့် ဆက်သွယ်သင်ကြားပေးတာလည်း ရှိပါတယ်။ ၂၀၁၈ ကတည်းက ခွဲစိတ်တဲ့အခါမှာ အရေးကြီးတဲ့အချက်ဖြစ်တဲ့ လူနာတစ်ယောက်နဲ့ တစ်ယောက် မမှားအောင်၊ ဘယ်၊ ညာ မမှားအောင် Surgical Time Out ကိုလည်း သင်ကြားပေးပါတယ်။

အမေရိကန်နိုင်ငံနဲ့ မြန်မာနိုင်ငံ ကွာခြားချက်က အမေရိကန်နိုင်ငံမှာတော့ ခွဲစိတ်ခန်းသုံးတဲ့ပစ္စည်းတွေကို စစ်ဆေးပြီးတာနဲ့ ဆရာမက ပိုးမွှားသန့်စင်တဲ့ဌာနကို ပို့ပေးရုံပါပဲ၊ ဒီမှာကတော့ ခွဲစိတ်ခန်းသူနာပြုတွေက သန့်ရှင်းရေးကအစ လုပ်ပေးရတယ်၊ ထုပ်ပိုးသိမ်းဆည်းတာ၊ ပိုးသတ်တာကအစ အစ၊ အဆုံး လုပ်ပေးရပါတယ်။

**Ms. Tarsa Patrick**

**Head of Neurophysiological monitoring**

ကျွန်မက ခွဲစိတ်တဲ့အခါမှာ အရေးကြီးတဲ့ အာရုံကြောတွေ၊ အရေးကြီးတဲ့ ဦးနှောက်အစိတ်အပိုင်းတွေ မထိအောင် စောင့်ကြည့်ပြီး သတိပေးရတဲ့သူဖြစ်ပါတယ်။ ဦးနှောက်ထဲက အကျိတ်တွေ၊ အရေးကြီးတဲ့နေရာမှာရှိတဲ့ အကျိတ်တွေ၊ ကြောရိုးမထဲက အကျိတ်တွေ ခွဲစိတ်တဲ့နေရာမှာ ကျန်တဲ့အရေးကြီးတဲ့ အစိတ်အပိုင်းတွေ မထိခိုက်အောင် စောင့်ကြည့်ပေးရတဲ့သူ ဖြစ်ပါတယ်။

ကျွန်မရဲ့တာဝန်ကတော့ ခွဲစိတ်နေစဉ်မှာ မလိုလားအပ်တာတွေမဖြစ်ဖို့ တာဝန်ယူဆောင်ရွက်ရပါတယ်။ မြန်မာပြည်ကိုလာတာ ဒါ ပထမဆုံးလာတာပါ။ ခွဲစိတ်တဲ့နေရာမှာ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ပါဝင်ရတာ အလွန်ဂုဏ်ယူမိပါတယ်။ အခုကတော့ ကျွန်မက မြန်မာပြည်က သင်တန်းသားအချို့ကို လေ့ကျင့်သင်ကြားပေးနေပါတယ်။ အချိန်ကြာလာရင်တော့ မြန်မာပြည်က လူတွေက ကျွန်မတို့လိုပဲ လူနာတွေကို ကူညီဆောင်ရွက်ပေးနိုင်မှာပါ။ မြန်မာပြည်ကလူတွေနဲ့ ကျွန်မတို့ပူးပေါင်းတဲ့အခါမှာ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ လေ့လာသင်ယူမှုက အံ့မခန်းပါပဲ။

**Mr. Yosef Ben Dor**

**INFRASCAN Expert**

ကျွန်တော်ကတော့ အစ္စရေးကပါ။ မြန်မာပြည်ကိုလာတာ ပထမဆုံးအကြိမ်ပါ။ ကျွန်တော်က ပါမောက္ခ Jack Rock နဲ့အတူ လာတာပါ။ ကျွန်တော်က မြန်မာပြည်မှာရှိတဲ့ ကျေးလက်တောရွာတွေမှာ ဒီပစ္စည်းအသုံးဝင်ပုံနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးချင်တဲ့အတွက် လာတာပါ။ ဒီစက် အသုံးပြုပုံကို အထွေထွေရောဂါကုဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ အရေးပေါ်လူနာတင်ယာဉ်ဝန်ထမ်းတွေကို ဘယ်လိုအသုံးပြုရတယ်ဆိုတာကို လေ့ကျင့်သင်ကြားပေးလို့ရပါတယ်။

INFRASCAN ဆိုတာ ဦးခေါင်းဒဏ်ရာရတဲ့အခါမှာ ဦးနှောက်ထဲမှာ သွေးယိုစီးမှု ရှိ၊ မရှိ၊ သွေးခဲတာ ရှိ၊ မရှိကို စမ်းသပ်တဲ့အခါ သုံးတဲ့ကိရိယာအသစ်ပါ။ မိနစ်ပိုင်းလေးအတွင်းမှာ စမ်းသပ်တွေ့ရှိနိုင်တယ်။ လူနာက ခေါင်းကိုက်တာတို့၊ ခြေလက်တွေ မလှုပ်နိုင်တာတို့ မဖြစ်ခင်မှာ စမ်းသပ်တာ၊ ဒါကြောင့် လူနာကို အချိန်မီကုသနိုင်ပါတယ်။ ဆေးရုံအကြီးကြီးတွေမှာ အသုံးဝင်ပါတယ်။ အဓိကအသုံးဝင်တဲ့နေရာကတော့ ဦးနှောက်ခွဲစိတ်ဆရာဝန်နဲ့ အလှမ်းဝေးတဲ့နေရာဒေသတွေမှာ ဦးနှောက်သွေးယိုစီးမှု ရှိ၊ မရှိကို လျင်မြန်စွာ စမ်းသပ်တွေ့ရှိနိုင်ပါတယ်။ သုံးဖို့က လွယ်လွယ်လေးပါ။ လွယ်လွယ်လေးပေမယ့် လေ့ကျင့်သင်ကြားရမယ်၊ ဦးနှောက်ထဲမှာ သွေးခဲပမာဏ ဘယ်လောက်ရှိလဲဆိုတာ တိတိကျကျ ဖော်ပြပါတယ်။ ဒါကို နိုင်ငံတော်တော်များများနဲ့ အမေရိကန်စစ်တပ်မှာ သုံးပါတယ်။ ကျေးလက်ဆေးပေးခန်းတွေ၊ မြို့ပေါ်က ဆေးရုံတွေမှာ သုံးပါတယ်။

**Ms. Marianne Langlois**

**ICU Specialist၊ Boston Massachusetts**

အသည်းအသန်ဖြစ်နေတဲ့ လူနာတွေကို ပြုစုစောင့်ရှောက်တဲ့သူပါ။ ကျွန်မကတော့ ပါမောက္ခ Jack Rock နဲ့ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့တဲ့သူပါ။ Henry Ford ဆေးရုံကထွက်ပြီးတော့ အခုလက်ရှိ Boston ဆေးရုံမှာ အလုပ်လုပ်နေတာပါ။ မြန်မာပြည်ကို ရောက်တာ နှစ်ခါရှိပါပြီ၊ ကျွန်မရဲ့ တာဝန်ကတော့ သင်တန်းသားတွေ၊ သူနာပြုဆရာမတွေကို အသည်းအသန်ဖြစ်နေတဲ့လူနာတွေ ပြုစုစောင့်ရှောက်ပုံတွေကို သင်ပြပေးရတာပါ။ အမေရိကန်မှာလုပ်တဲ့တာဝန်နဲ့ မြောက်ဥက္ကလာဆေးရုံမှာ လုပ်တာက အတူတူပါပဲ။ ဦးနှောက်ထိခိုက်တဲ့သူတွေကိုလည်း မခွဲစိတ်ခင် ပြုစုစောင့်ရှောက်ရပါတယ်။

အရင်တုန်းကတော့ ဦးနှောက်ခွဲစိတ်တယ်၊ ခုတော့ အသည်းအသန်ဖြစ်နေတဲ့ လူနာတွေ စောင့်ရှောက်တာပဲ လုပ်ပါတယ်။ တစ်ခါတလေကျတော့ ဦးနှောက်ခွဲစိတ်တာ ကောင်းပေမယ့် လူနာပြုစုတဲ့သူက အားနည်းချက်ရှိရင် လူနာမကောင်းတတ်ပါဘူး၊ ပြန်ကောင်းဖို့ ခက်ခဲပါတယ်။ အရင်နှစ်တွေက လာတုန်းက ဒီကလူတွေက ဆက်ဆံရေးကောင်းတဲ့အတွက် ဒုတိယအကြိမ် ပြန်လာတာပါ။ ဒီမှာရှိတဲ့သင်တန်းသားတွေက အလုပ်အလွန်ကြိုးစားတဲ့အတွက် ကျွန်မက သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ရတာ ဝမ်းမြောက်မိပါတယ်။ ။





မြောက်ဥက္ကလာပဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနတွင် ခွဲစိတ်မှုများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

# အမေရိကန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

**ဆိုးလ် နိုဝင်ဘာ ၁၅**

အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါသည် ဆိုးလ်မြို့တော်၌ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဂျောင်ကျောင်ဒိုးနှင့် ဆွေးနွေးမှုများ စတင်နေပြီဖြစ်သည်။

လာမည့်သီတင်းပတ် စနေနေ့တွင် သက်တမ်းကုန်ဆုံးတော့မည့် ဂျပန်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသော ထောက်လှမ်းရေးသတင်းများ မျှဝေရေးစာချုပ်ကို ထိန်းသိမ်းထားရန် အက်စပါက တောင်ကိုရီးယားနိုင်ငံကို တိုက်တွန်းမည်ဟု ယူဆရသည်။ မတ်ခ်အက်စပါနှင့် ဂျောင်ကျောင်ဒိုးတို့သည် လုံခြုံရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ရန် ယနေ့ တွေ့ဆုံခဲ့ကြသည်။ စစ်ဘက်သတင်းအချက်အလက်များ လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် GSOMIA ကို ထိန်းသိမ်းထားရမည်ဟု တောင်ကိုရီးယားနိုင်ငံသို့ဦးတည်သွားရောက်နေသော အမေရိကန်အစိုးရ လေယာဉ်တစ်စင်းအတွင်း အက်စပါက ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မတ်ခ်မီလေးကလည်း တောင်ကိုရီးယားနိုင်ငံနှင့်ပတ်သက်သည့် အလားတူ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်ဟု ယုံကြည်ရသည်။ ယမန်နေ့က ဆိုးလ်မြို့တော်၌ တောင်ကိုရီးယား စစ်ဦးစီးချုပ်နှင့်တွေ့ဆုံချိန်တွင် ထောက်လှမ်းရေးသတင်းများ မျှဝေရေးစာချုပ်အကြောင်း ဆွေးနွေးခဲ့ကြောင်း ဗိုလ်ချုပ်ကြီး မတ်ခ်မီလေးက ပြောကြားသည်။

ဂျပန်နိုင်ငံက တောင်ကိုရီးယားသို့ အဆင့်မြင့်နည်းပညာ ကုန်ပစ္စည်းများတင်ပို့မှုအပေါ် တင်းကျပ်သောထိန်းချုပ်မှုများ မရုပ်သိမ်းလျှင် အဆိုပါသဘောတူညီချက် သက်တမ်းကုန်ဆုံးမည်ဟု တောင်ကိုရီးယားနိုင်ငံက ခံယူသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါနှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဂျောင်ကျောင်ဒိုး

# ချီလီနိုင်ငံတွင် အခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပမည်

**လာပက် နိုဝင်ဘာ ၁၅**

ချီလီနိုင်ငံတွင် အာဏာရှင်ခေတ်က ရေးဆွဲခဲ့သော အခြေခံဥပဒေကို အစားထိုးနိုင်ရန် အခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမည်ဖြစ်ကြောင်း ဆိုသည်။

အဆိုပါ အခြေခံဥပဒေသစ်ရေးဆွဲရန်အတွက် တိုင်းပြည်တွင် မငြိမ်မသက်မှုများဖြစ်ပွားခဲ့သည်။ အခြေခံဥပဒေဟောင်းမှာ စစ်အာဏာရှင်လက်ထက် ၁၉၈၀ ပြည့်နှစ်အတွင်းက ခေါင်းဆောင် ဩဂတ်စတိုပင်နိုချေးက ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၎င်းဥပဒေအား အကြိမ်ပေါင်းများစွာ ပြင်ဆင်ခဲ့သည်။ သို့သော် ထိုပြင်ဆင်မှုများမှာ ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော ပညာရေးနှင့် ကျန်းမာရေးလိုအပ်ချက်များကို ဆောင်ကြဉ်းပေးရန်ပျက်ကွက်သဖြင့် ပြည်သူသန်းပေါင်းများစွာက လမ်းများပေါ်တွင် ဆန္ဒပြခဲ့ကြသည်။ ညွန့်ပေါင်းအုပ်ချုပ်သူများနှင့် အတိုက်အခံပါတီများအကြား ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ချီလီအမျိုးသားကွန်ဂရက်မှ ဥပဒေပြုအမတ်များက ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် သဘောတူညီခဲ့သည်။



“အခုရရှိတဲ့ သဘောတူညီချက်ဟာ ပထမအဆင့်ခြေလှမ်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို နိုင်ငံရေးအရ သဘောတူညီချက်အကြမ်းဖျင်းရယူတာဟာ သမိုင်းမှာ တွင်ရစ်ပြီး အခြေခံကျတဲ့ ပထမအဆင့်ခြေလှမ်းဖြစ်ပါတယ်” ဟု ပြည်ထဲရေးဝန်ကြီး ဂွန်ဇာလို ဘလူမီက ပြောကြားသည်။

ယခုပြုလုပ်မည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်များအနေဖြင့် အခြေခံဥပဒေသစ်ကို မည်သည့်နေရာတွင် အစားထိုးမည်နည်းဆိုသော အချက်နှင့် အခြေခံဥပဒေဆိုင်ရာရပိုင်ခွင့်များအား မူကြမ်းအဖြစ်မည်သို့ တင်သွင်းမည်ဆိုသော အချက်များကို ဆန်းစစ်သွားမည်ဖြစ်ကြောင်း ဆီးနိတ်၏ ဥက္ကဋ္ဌ ဂျေမီကွန်တာနာက ပြောကြားသည်။ ချီလီနိုင်ငံတွင် မငြိမ်သက်မှုများမှာ အောက်တိုဘာ ၁၈ ရက်ကစတင်ခဲ့ပြီး မီးရှို့မှုများ၊ လုယက်မှုများနှင့် ရဲနှင့်ဆန္ဒပြသူများအကြား ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ကုန်ကျစရိတ်များပြားလာခြင်းနှင့် လစာနည်းပါးမှုအပေါ် တွင် ထောက်ပြကြသည်။ ဆန္ဒပြသူများက ပိုမိုကောင်းမွန်သော လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးရန် ပီနိုရာ ဦးဆောင်သော အစိုးရအား တောင်းဆိုခဲ့သည်။ ယခုဆန္ဒပြပွဲများအား ချီလီပြည်သူများ၏ ၇၅ ရာခိုင်နှုန်းမှ ထောက်ခံကြောင်း လေ့လာမှုများအရ သိရသည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်အရှေ့ပိုင်း လူနေအဆောက်အဦ မီးလောင်ကျွမ်းမှု ငါးဦးသေ၊ သုံးဦး ဒဏ်ရာရ

**ဟီဖေး နိုဝင်ဘာ ၁၅**

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်ရှိအဆောက်အဦတစ်လုံး မီးလောင်ကျွမ်းမှုတွင် လူငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ပြောကြားသည်။

ဘန်ဘူမြို့ရှိ မီးသတ်တပ်ဖွဲ့သည် ယနေ့နံနက် ၆ နာရီ ၅၇ မိနစ်ဝန်းကျင်တွင် လောင်ကျီဟူမြို့၌ မီးလောင်မှုတစ်ခု ဖြစ်ပွားနေသည်ဆိုသော ဖုန်းခေါ်ဆိုမှုတစ်ရပ် လက်ခံရရှိခဲ့သည်။ လူနေအဆောက်အဦတစ်လုံး၏ ပထမထပ်ရှိ ဆိုင်ခန်းငါးခု မီးလောင်ကျွမ်းခဲ့ပြီး မီးတောက်မှာ ဒုတိယထပ်အထိ ကူးစက်လာခဲ့ရာ စုစုပေါင်း အကျယ်အဝန်း စတုရန်းမီတာ ၁၅၀ ခန့် မီးလောင်သွားခဲ့သည်။ ကယ်ဆယ်ရေးသမားများက မီးလောင်မှုဖြစ်ပွားရာနေရာ၌ လူ ၂၅ ဦးကို ကယ်ဆယ်ပြီး ၎င်းတို့အနက် ရှစ်ဦးကို ဆေးကုသရန်အတွက် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ မီးလောင်မှုကြောင့် ငါးဦးသေဆုံးခဲ့ပြီး တစ်ဦးကို အထူးကုသဆောင်၌ စောင့်ကြပ်ကုသပေးနေကာ ကျန်နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

နံနက် ၇ နာရီ မိနစ် ၅၀ ၌ မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ကျွမ်းရသော အကြောင်းရင်းနှင့်ပတ်သက်သည့် နောက်ထပ်စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ပါကစ္စတန်တောင်ပိုင်း၌ မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် တစ်ရက်အတွင်း ၂၄ ဦးသေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၅**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုများကြောင့် လူ ၂၄ ဦးထက်မနည်း သေဆုံးကာ ၂၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများက ရေးသားဖော်ပြသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးသက်မုန်တိုင်းတိုက်ခတ်မှုများဖြစ်ပွားနေသည့် ဆင်းပြည်နယ် သာပါကာခရိုင်၌ မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုများကြောင့် အမျိုးသမီးလေးဦး၊ ကလေးငယ်သုံးဦးအပါအဝင် လူ ၂၁ ဦး သေဆုံးကာ အမြောက်အမြား ဒဏ်ရာရရှိခဲ့သည်။ ဆင်းပြည်နယ် ဂျာကိုဘာဘတ်နှင့် ဂုတ်ကီခရိုင်များတွင် မိုးကြိုးမုန်တိုင်း တိုက်ခတ်မှုများကြောင့် လူသုံးဦး သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူအားလုံးကို ဆေးရုံအသီးသီးသို့ ပို့ဆောင်ခဲ့ပြီး အများစုမှာ ပြင်းထန်သော မီးလောင်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်သည်။ ပြည်နယ်တစ်ဝန်း မိုးဆက်လက်ရွာသွန်းလျက်ရှိပြီး မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုများအတွင်း တိရစ္ဆာန်များစွာ သေဆုံးခဲ့သည်။

မနက်ဖြန်အထိ ဆက်လက်ရှိနေမည့် အနောက်ဘက်မှ တိုက်ခတ်သော ပင်လယ်ရေလှိုင်းက ပါကစ္စတန်နိုင်ငံ အောက်ပိုင်းဒေသများကို သက်ရောက်လျက်ရှိကြောင်း ပါကစ္စတန်မိုးလေဝသဌာန (PMD)က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆောဂတ်အထက်တန်းကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**ဆန်တာကလယ်ရီတာ နိုဝင်ဘာ ၁၅**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆောဂတ်အထက်တန်းကျောင်းတွင် ကြာသပတေးနေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ကျောင်းသားနှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ဖြင့်ပစ်ခတ်သော ဆယ်ကျော်သက်ကျောင်းသားမှာ မိမိကိုယ်ကိုလည်း ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာအပြင်းအထန်ရရှိပြီး ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ကွန်ဂရက်တွင် သေနတ်ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး လပေါင်းများစွာဆွေးနွေးခဲ့အပြီးတွင် ယခုကဲ့သို့သော ဖြစ်ရပ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားရန်မလွယ်သည့် အာရှနွယ်ဖွား သေနတ်သမားလူငယ်က ၄၅ ကာလီဘာ သေနတ်ဖြင့် ကျောင်းသားများအား ပစ်ခတ်သဖြင့် ကျောင်းသားများမှာ စာသင်ခန်းအတွင်း အကာအကွယ်ယူပုန်းခိုခဲ့ရသည်။ အခင်းဖြစ်အရပ်မှ ရိုက်ကူးထားသော ဗီဒီယိုမှတ်တမ်းအား စုံထောက်များက စစ်ဆေးခဲ့ရာတွင် သေနတ်သမားသည် ကျောပိုးအိတ်အတွင်းမှ သေနတ်ကိုထုတ်ယူပြီး ပစ်ခတ်ခဲ့သဖြင့် လူငါးဦးဒဏ်ရာရပြီး သေနတ်သမားမှာ ၎င်း၏ဦးခေါင်းအား ကိုယ်တိုင် ချိန်ပြီး ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိ ကန့်ဝင်ဂါက ပြောကြားသည်။

သေဆုံးသူများမှာ ၁၆ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးနှင့် ၁၄ နှစ်အရွယ်ရှိ ယောကျာ်းလေးတစ်ဦးတို့ဖြစ်သည်။ ကျောင်းဝင်းအတွင်း အဆိုပါသေနတ်သမားရှိနေချိန်တွင် အသက် ၁၇ နှစ်အရွယ်ရှိ ကျောင်းသား အန်ဒရီမိုဂျီကာမှာ စာသင်ခန်းထဲတွင်ရှိနေခဲ့သည်။ "အဲဒီပစ်ခတ်မှုဖြစ်တဲ့ အချိန်မှာ ကျွန်တော့်နှလုံးသားဆို့နင့်သွားခဲ့ပါတယ်"ဟု သူက ဆိုသည်။ သမ္မတ ဒေါ်နယ်ထရန့်က ယခုကဲ့သို့ ရက်စက်သောဖြစ်ရပ်များအပေါ်တွင် စောင့်ကြည့်သွားမည်ဖြစ်ပြီး ယခုဖြစ်ရပ်တွင် သေဆုံးခဲ့သော သူများနှင့် ထပ်တူဝမ်းနည်းကြေကွဲရကြောင်း တွစ်တာတွင်ရေးသားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ**



# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံ






**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် သတင်းမီဒီယာများနှင့် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ တွေ့ဆုံပြီး နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးအခြေအနေများအား ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

**ဝန်ကြီးဌာနနှစ်ခု ပေါင်းမည့်ကိစ္စ**

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုဝင်ဘာ ၁၄ ရက်က နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ် ၄၅/၂၀၁၉ ဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်ကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန နှစ်ခုပေါင်းမည့်ကိစ္စကို နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍လည်း လွှတ်တော်တွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက တရားရုံးများတွင် သတင်းရယူရာတွင် ကြုံတွေ့နေရသည့် အခက်အခဲအား ဖြေရှင်းပေးရန်၊ တရားမမှုများ ကြန့်ကြာနေမှုများကို အမြန်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံး၌ ပတ်စ်ပို့သက်တမ်းတိုးရာတွင် ကြုံတွေ့နေရသည့် အခက်အခဲအား ဖြေရှင်းပေးနိုင်မှု ရှိ၊ မရှိ၊ ငွေကြေးခဝါချမှု အမိန့်ကြော်ငြာစာနှင့်ပတ်သက်သည့်ကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ သံတမန်ရေးရာဆက်ဆံမှုအခြေအနေ၊ မူးယစ်ဆေးဝါးလက်ကြီးသမားများဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ မူးယစ်ဆေးဝါး သတင်းပေးသူဆုကြေးကိစ္စ၊ ICJ , ICC တို့မှ တရားစွဲဆိုထားသည့်ကိစ္စ၊ ဖုန်းဘေလ်များမှ အခွန်ငွေများရရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ အစိုးရနှင့် မြောက်ပိုင်းမဟာမိတ်လေးဖွဲ့ တွေ့ဆုံရန် အစီအစဉ် ရှိ၊ မရှိနှင့် လတ်တလောဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်စစ်ရေးအခြေအနေ၊ နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်စခန်းများ လျှော့ချရေးအတွက် ဖြေရှင်းရန် မူဝါဒ ရှိ၊ မရှိနှင့် တိုက်ပွဲရှောင်ဦးရေနှင့် စခန်းအရေအတွက်၊ ထိုင်း- မြန်မာနယ်စပ် တိုက်ပွဲရှောင်များ နေရပ်ပြန်နိုင်ရေးကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ် ဦးဟွေ့တင်း ပြန်လည်လွှတ်မြောက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်အား ရွှေအကြွေးကျန်ပေးဆောင်ရမည့် ကုမ္ပဏီများအား အရေးယူသွားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပါအဝင် အခြားသိလိုသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။

**သတင်းယူနိုင်ရေးအတွက် ပြောရေးဆိုခွင့်ရှိသူများ ခန့်ထား**

သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တရားရုံးများတွင် သတင်းယူနိုင်ရေးအတွက် ပြောရေးဆိုခွင့်ရှိသူများ ခန့်ထားပါကြောင်း၊ တရားမမှုများ ကြန့်ကြာနေမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် တရားသူကြီးများနှင့်တွေ့ဆုံစဉ် ဆွေးနွေးထားပြီး ဖြစ်ပါကြောင်း၊ တရားရုံးများတွင် တရားရေးဝန်ထမ်းအရေအတွက်မှာ နည်းပါးနေသည့်အတွက် ဖွဲ့စည်းပုံတိုးချဲ့ရန်နှင့် ဝန်ထမ်းခန့်ထားရေးအတွက် ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ သတင်းရယူရေးကိစ္စနှင့်ပတ်သက်၍ အဆင်ပြေစေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့လည်း အသိပေးသွားမည်ဖြစ်ပါကြောင်း။

**ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာ၏ စွပ်စွဲချက်များနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် မျက်စိစုံမှိတ်ငြင်းပယ်နေခြင်း မဟုတ်ပါကြောင်း၊ ပြည်ပမှ ယုံကြည်စိတ်ချရသူများ ပါဝင်သည့် သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ကို ဖွဲ့စည်းထားပါကြောင်း၊ ICOE အနေဖြင့်လည်း စုံစမ်းစစ်ဆေးဆဲဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း တပ်မတော်အနေဖြင့် စုံစမ်းစစ်ဆေးရေးခုံရုံးဖြင့် ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း။**

ICOE ၏ Final Report မထွက်သေးပါကြောင်း၊ ICOE သည် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် Independent ကော်မရှင်ကို အစိုးရက ဖွဲ့ထားခြင်းဖြစ်ပါကြောင်း၊ အဓိကအနေဖြင့် နိုင်ငံတကာမှာ ဖြစ်နေမှုသည် မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ချိုးဖောက်မှုများရှိခဲ့သည်ဆိုသည့် **စွပ်စွဲကြခြင်း** ဖြစ်ပါကြောင်း၊ ICOE အနေဖြင့် ယင်းကိစ္စများကို ဆောင်ရွက်နေပါကြောင်း၊ ယင်းဆောင်ရွက်ချက်များမှ ထွက်လာသည့်အပေါ် ယုံကြည်စိတ်ချမှုရှိစေရန် သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ထွက်ပေါ်လာသည့် တွေ့ရှိချက်များအပေါ် ထိုက်သင့်သည့်ဥပဒေနှင့်အညီ အရေးယူမှုလုပ်ဆောင်မည်ဖြစ်ပါကြောင်း။

စုံစမ်းစစ်ဆေးပြီး တိတိကျကျ ပေါ်ထွက်လာပါက လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိခဲ့မည်ဆိုပါက သည်းခံမည်မဟုတ်ဟု ယခင်ကတည်းက ပြောထားပြီး ဖြစ်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ချိုးဖောက်မှုများ ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပါကြောင်း၊ လုပ်ရန်လည်း နိုင်ငံရေးဆန္ဒ အပြည့်အဝရှိပါကြောင်း၊ ပေါ်ပေါက်လာပြီဆိုပါက ထိုက်သင့်သည့်အရေးယူမှုများကို ပြုလုပ်မည်ဖြစ်ပါကြောင်း၊ စုံစမ်းစစ်ဆေးချက်မှ တွေ့ရှိချက်များပေါ်လာမည်ဆိုလျှင် အရေးမယူပါက အစိုးရအနေဖြင့် Accountability မရှိဘူးဟု ပြောနိုင်ပါကြောင်း၊ သို့သော် ယင်းကိစ္စများ၏လုပ်ငန်းစဉ်များမှာ ပြည်တွင်းတွင် မပြီးပြတ်ဘဲ နိုင်ငံတကာက ဖိအားများက မိမိတို့အတွက် ပိုပြီးအနှောင့်အယှက်ဖြစ်စေပါကြောင်း။

အထူးသဖြင့် အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေသည့် သဘောရှိပါကြောင်း၊ ယင်းအတွက် နောက်အကျိုးဆက်မှာ မြန်မာနိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု စသည်ဖြင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများတွင် ထိခိုက်မှုများ ရှိလာနိုင်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် စုံစမ်းစစ်ဆေးမှုများကို အမှန်တကယ်လည်း လုပ်ဆောင်နေပြီး လုပ်နိုင်စွမ်းလည်း ရှိပါကြောင်း၊ ယင်းအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိပါကြောင်း၊ ပေါ်ပေါက်လာပါက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ဆောင်မည်ဖြစ်ပြီး ယင်းအနေအထားကို နိုင်ငံတကာအား ရှင်းပြနေခြင်းဖြစ်ပါကြောင်း၊ လောလောဆယ်အနေအထားအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု မရရှိခြင်းဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်လုပ်ထားသည့် မြန်မာနိုင်ငံဘက်ကိုလည်း အပုပ်ချခြင်းဖြင့် ယင်းပြဿနာကို မွေးမြူထားသကဲ့သို့ ဖြစ်နေပါကြောင်း၊ မိမိတို့က လုပ်သင့်လုပ်ထိုက်သည်များကို လုပ်နေပြီး စုံစမ်းစစ်ဆေးမှုများလည်း လုပ်နေပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်စရာရှိသည်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အရေးအကြီးဆုံးလိုအပ်သည်မှာ ပြည်တွင်းအခြေအနေတွင် နိုင်ငံတကာနှင့်ချီသည့် ဖိအားပေးမှုများ၊ အရေးယူမှုများ တိုးမြှင့်လုပ်ဆောင်သည့်အချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ကိုယ်ခံအားကောင်းရန်လိုအပ်ပါကြောင်း၊ ကိုယ်ခံအားကောင်းရန်ဆိုပါက နိုင်ငံရေးအရ စည်းလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ ယခု ICJ သည် မြန်မာနိုင်ငံကို စွဲခြင်းဖြစ်ပြီး မည်သူမည်ဝါကို စွဲခြင်းမဟုတ်ပါကြောင်း၊ ယင်းကဲ့သို့ ဖြစ်လာသည့်အနေအထားတွင် မိမိတို့ပြည်တွင်းမှာ စည်းလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးအယူဝါဒများ မည်သို့ပင် ကွဲပြားစေကာမူ မတူကွဲပြားမှုများကို အားလုံးက အသိအမှတ်ပြုပြီး လက်တွေ့ကျကျ ညီညွတ်မှုပြသရန် လိုပါကြောင်း၊ နိုင်ငံက အမှန်တကယ်ကြီးမားသည့် စိန်ခေါ်မှုများနှင့် ကြုံနေသည့်အချိန်တွင် စည်းလုံးမှုသည် အဓိကဖြစ်ပါကြောင်း၊ ပြည်တွင်းမှာ ညီညွတ်ရန် လိုအပ်ပါကြောင်း၊ ယင်းအတွက် မည်သည့်နိုင်ငံရေးပါတီဖြစ်စေ၊ မည်သည့်အဖွဲ့အစည်းဖြစ်စေ ယင်းအချက်များကို ထည့်သွင်းသုံးသပ်ရန် အကြံပြုလိုပါကြောင်း။

**၎င်းတို့၏ဆန္ဒအရ ပြန်လည်ဝင်ရောက်လာ**

ကော့ဘဇားကို ရောက်သွားသည့်သူများထဲမှ ၂၀၁၈ ခုနှစ် မေ ၁၄ ရက်တွင် ကျား ၂ ဦး၊ မ ၃ ဦး၊ မေ ၂၅ ရက်တွင် ကျား ၅၈ ဦး၊ မ ၄ ဦး၊ ဇွန် ၁၅ ရက်တွင် ကျား ၃၂ ဦး၊ မ ၆၀ ဦး အပါအဝင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်အထိ ၎င်းတို့၏ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသူ ကျား ၂၃၉ ဦး၊ မ ၁၇၆ ဦးရှိပြီး စုစုပေါင်း ၄၁၅ ဦး ရှိပါကြောင်း၊ အဆိုပါ ၄၁၅ ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစီအစဉ်အရ ပြန်လည်ဝင်ရောက်လာခြင်း မဟုတ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား UEHRD အစီအစဉ်ဖြင့် ပြန်လည်လက်ခံရေးစခန်းများသို့ ပို့ဆောင်ပြီး လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပေးပါကြောင်း၊ ကော့ဘဇားဘက်ရှိ Camp များသို့ ရောက်သွားသူများအထဲတွင် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများ ရှိပါကြောင်း၊ အထူးသဖြင့် ဟိန္ဒူ ၄၄၄ ဦး ရှိပါကြောင်း၊ ၎င်းတို့မှာ အပြီးအပိုင် မြန်မာနိုင်ငံသို့ ပြန်လာရန် အမှန်တကယ် ဆန္ဒပြုထားသူများ ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေး အဆင်ပြေစေရန် အဆိုပါ ဟိန္ဒူ ၄၄၄ ဦးနှင့် စတင်ရန် အဆိုပြုခဲ့ပါကြောင်း၊ ပြန်လည်လက်ခံရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ကြိမ်တိတိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

**သုံးပွင့်ဆိုင်ပြောဆိုရ**

အတွေ့အကြုံများအရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်ဆိုပါက ပြန်လည်လက်ခံရေးကိစ္စကို ပြေပြေလည်လည် ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် အဖွဲ့ဖွဲ့ထားပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ပြန်လည်လက်ခံရေးကိစ္စနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှု မရှိပါကြောင်း၊ သို့သော်လည်း နောက်ကွယ်တွင် မြန်မာနိုင်ငံကို အရေးယူပေးရန်၊ ပိတ်ဆို့ပေးရန် တောင်းဆိုမှုများရှိလာသည်ကို တွေ့ရပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လာသည့်အတွက် ယင်းသို့ ဆောင်ရွက်မှုများ မလုပ်သင့်ပါကြောင်း၊ မလုပ်သင့်သည်ဟုလည်း မြင်ပါကြောင်း၊ မြန်မာ - ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ဝန်ကြီးအဆင့် တွေ့ဆုံမှုများရှိသော်လည်း နောက်ကွယ်တွင် မီဒီယာအားမှားယွင်းစွာ ပြောဆိုမှုများရှိပါကြောင်း၊ သည့်အတွက် မိမိတို့အနေဖြင့် တရုတ်နိုင်ငံအား အသိသက်သေထားပြီး သုံးပွင့်ဆိုင်ပြောဆိုရပါကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် သက်သေအထောက်အထားများဖြင့် ပြောဆိုနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ကုလသမဂ္ဂညီလာခံတွင် အထွေထွေအတွင်းရေးမှူးချုပ်၊ တရုတ်နိုင်ငံ ကိုယ်စားလှယ် သက်သေထားပြီး ဆွေးနွေးပြောဆိုရမှုများ ရှိပါကြောင်း၊ ထိုသို့တွေ့ဆုံစဉ်တွင် ပြန်လည်လက်ခံရေးဆောင်ရွက်မည့်အချိန်နှင့် စပ်လျဉ်းပြီး ကတိပေးခဲ့သည့်အတွက် မိမိတို့အနေဖြင့် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ဆောင်ရွက်ခဲ့သော်လည်း အမှန်တကယ်တွင် ပြန်လည်လက်ခံရေး မစတင်နိုင်ခဲ့ပါကြောင်း၊ ကော့ဘဇားရှိ IDP စခန်းများတွင် သတ်ဖြတ်မှုများနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများ တွင်ကျယ်လျက်ရှိပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ကော့ဘဇားရှိ IDP များတွင် ဆန္ဒပြမှုများ ပြုလုပ်ကြပါကြောင်း၊ သို့ဖြစ်၍ IDP စခန်းများရှိ ပြန်လာရန် ဆန္ဒရှိသူများမှာ ပြောဆိုရန် မဝံ့မရဲဖြစ်နေကြပါကြောင်း၊ တိတ်တဆိတ်ပြန်လည်ဝင်ရောက်လာသူများမှာ ၄၁၅ ဦးရှိပြီ ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**

ပြောလိုသည်မှာ ပြန်လည်လက်ခံရေးကိစ္စများအဆင်ပြေစေရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိမ်နီးနားချင်းကောင်းပီသရန် လိုအပ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်မှု မရှိပါက အချိန်ကြာလာသည်နှင့်အမျှ Humanitarian Crisis များကြီးထွားလာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဖြစ်ပွားလာပါက အဓိကတာဝန်ရှိသူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသာ ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် အဆင်သင့်ဆောင်ရွက်ထားပါကြောင်း၊ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်အတိုင်း လိုက်နာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုမရှိသရွေ့ ပြဿနာအရှုပ်အထွေးမှာ ရှိနေမည်ဖြစ်ပါကြောင်း၊ ယင်းကိုနားလည်ရမည်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် မြောက်ပိုင်းမဟာမိတ်လေးဖွဲ့ဖြင့် အလွတ်သဘောတွေ့ဆုံမှုများရှိပါကြောင်း၊ ထို့ပြင် အဆိုပါလေးဖွဲ့ဖြင့် မကြာမီတွေ့ဆုံရန်ရှိပါကြောင်း၊ အစိုးရဘက်မှ လတ်တလောလုပ်ဆောင်နေသည် အချက် နှစ်ချက်ရှိပါကြောင်း၊ မြောက်ပိုင်းလေးဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားရန်နှင့် အမှန်တကယ်ငြိမ်းချမ်းရေးလမ်းကြောင်းကို လျှောက်လှမ်းရန်အတွက် သေချာရန် လိုအပ်ပါကြောင်း၊ ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရရှိရန် ဆောင်ရွက်နေပါကြောင်း၊ ယင်းကိစ္စကိုလည်း ကျိုင်းတုံဆွေးနွေးပွဲတွင် ဆွေးနွေးထားပါကြောင်း၊ ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရရှိပြီးပါက နောက်ထပ်လမ်းကြောင်းထပ်သွားရန် ဆောင်ရွက်နေပါကြောင်း။

**သီးသန့်ဆွေးနွေးရန်ရှိ**

**RCSS ဥက္ကဋ္ဌနှင့် အစိုးရဘက် ညှိနှိုင်းထားပါကြောင်း၊ မကြာမီ ထိုင်းနိုင်ငံတွင် RCSS ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် အစိုးရဘက်မှ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့်အဖွဲ့တို့ တွေ့ဆုံကြမည်ဖြစ်ပါကြောင်း၊ ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ဘက်မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်တို့နှစ်ဦး ပါဝင်မည်ဖြစ်ပါကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တပ်မတော်ဘက်မှ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်ဖြစ်ပါကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်မှာ ယင်းအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ပါကြောင်း၊ ၎င်းတို့နှစ်ဦးမှာ NRPC တွင်လည်း အဖွဲ့ဝင်များဖြစ်ပါကြောင်း၊ မိမိတို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ သွားမည့်အချိန်တွင် RCSS နှင့် ညှိနှိုင်းထားသည်မှာ အထူးသဖြင့် အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် သီးသန့်ဆွေးနွေးရန် ရှိပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်နိုင်ရန်အတွက် ဆွေးနွေးရန် ရှိပါကြောင်း။**

IDP များနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် မဟာဗျူဟာရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျွမ်းကျင်သူများပူးပေါင်းပြီး မကြာမီ National Strategy လုပ်မည်ဖြစ်ပါကြောင်း၊ ယင်းနောက် ပြည်နယ်နှင့်တိုင်းအလိုက် Action Plan များရေးဆွဲမည်ဖြစ်ပါကြောင်း၊ လောလောဆယ်အနေဖြင့် KBC ဥက္ကဋ္ဌ ဦးဆောင်သည့် KHCC နှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့ Working Team ဖွဲ့ထားပါကြောင်း၊ ပိုင်းလော့ပရော့ဂျက်လုပ်မည်ဖြစ်ပါကြောင်း၊ ပိုင်းလော့ပရော့ဂျက်အနေဖြင့် Government Control Area မှာရှိသည့် IDP Camp တစ်ခုရွေးမည် ဖြစ်ပါကြောင်း၊ နောက် EAO Control Area မှာရှိသည့် IDP Camp တစ်ခု မိမိတို့ရွေးမည်ဖြစ်ပါကြောင်း၊ ၎င်းတို့အား ၎င်းတို့နေရပ် မူလနေရာ၊ မူလဒေသတွင် မူလအသက်မွေးဝမ်းကျောင်းများ လုပ်ဆောင်နိုင်မည့်အနေအထားကို မျှော်မှန်းပြီး လုပ်ဆောင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဦးဇော်ဌေးက မေးခွန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# လဲချား၊ လွိုင်လင်နှင့် မိုင်းကိုင်မြို့နယ်တို့၌ ဘိန်းခင်း ၁၇ ဧက ဖျက်ဆီး



**နေပြည်တော် နိုဝင်ဘာ ၁၅**

လဲချားမြို့နယ် လဲချားမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မင်း ဦးစီးသောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်က ပန်ဆနန်းကျေးရွာ၏ အရှေ့မြောက်ဘက် လေးဖာလုံခန့်အကွာ၌ ဘိန်းပင်ပေါက် ဘိန်းခင်းစုစုပေါင်း ၁၀ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

အလားတူ လွိုင်လင်မြို့နယ် နောင်ဟင်းကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ သီးပွင့်ဆဲ ဘိန်းခင်း နှစ်ဧကခန့်၊ ပန်လင်းကျေးရွာ၏ မြောက်ဘက် မီတာ ၅၀ ခန့်အကွာ၌ သီးပွင့်ဆဲ ဘိန်းခင်း လေးဧကခန့်နှင့် မိုင်းကိုင်မြို့နယ် နမ့်မော်ပျဉ်ကျေးရွာ၏ အရှေ့ဘက် လေးဖာလုံခန့်အကွာ၌ ဘိန်းပင်ပေါက် တစ်ဧကခန့်တို့အား သက်ဆိုင်ရာရဲတပ်ဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ပေါင်းတည်မြို့နယ်၌ လူသတ်မှုကျူးလွန်သူအား အမှုဖွင့်ဆောင်ရွက်

**ပေါင်းတည် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ နိုဝင်ဘာ ၁၃ ရက်၌ လူသတ်မှု ကျူးလွန်သူအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီခန့်တွင် ပေါင်းတည်မြို့နယ် ရှမ်းတောင်ကျေးရွာနေသူ ဦးဝင်းမောင်သည် ဆဲဆိုအော်ဟစ်သံများ ကြားရသဖြင့် သွားရောက်ကြည့်ရှုရာ ဦးလှဝင်းအား တစ်ရွာတည်းနေ ဦးသန်းဌေးက ဓားတစ်ချောင်းဖြင့် ခုတ်နေသည်ကို မြင်တွေ့ခဲ့ရပြီး ဦးလှဝင်းမှာ ပြတ်ရှဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဝင်းမောင်က အစ်ကို အရင်းဖြစ်သူ ဦးလှဝင်းအား ဓားဖြင့်ခုတ်သတ်ခဲ့သူ တစ်ရွာတည်းနေ ဦးသန်းဌေးအား အရေးယူပေးပါရန် တိုင်တန်းချက်အရ ပေါင်းတည်မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ ဦးသန်းဌေးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**



# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ သစ်တန် ၇၅၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၃၃ ဒသမ ၂၀၈၄ တန်၊ သစ်မာ ၁၅၆ ဒသမ ၈၆၁၃ တန်၊ အခြား ၄၆၀ ဒသမ ၀၃၅၀ တန် စုစုပေါင်း ၇၅၀ ဒသမ ၁၀၄၇ တန်၊ ပြစ်မှုကျူးလွန်သူ ၅၇ ဦး၊ ယာဉ်/ယန္တရား ၃၉ စီး သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

# ခင်ဦးမြို့နယ်တွင် တရားမဝင်သစ် သယ်ဆောင်လာသောယာဉ်တစ်စီး သိမ်းဆည်းရမိ

**ခင်ဦး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် နိုဝင်ဘာ ၁၅ ရက် ညနေ ၆ နာရီခန့်က တရားမဝင်သစ် သယ်ဆောင်လာသော ယာဉ်တစ်စီး ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း ခင်ဦးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ် ငွေးကုန်းကျေးရွာအရှေ့ဘက်ရှိ မျိုးသန့်စိုက်ပျိုးရေးခြံအနီး DY-3 မြောင်းလက်တံပေါ်တွင် ထင်းနှင့်မီးသွေးများ သယ်ဆောင်ထားသော ယာဉ်တစ်စီးမှာ နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီခန့်က ရပ်ထားကြောင်း သတင်းအရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစောလားပွယ်၊ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထွန်းထွန်းနိုင်တို့ ဦးဆောင်သောအဖွဲ့ သွားရောက်စစ်ဆေးရာ အဆိုပါကားပေါ်တွင် ယမနေသစ်ခွဲသား ၂၄ ချောင်း (၀ ဒသမ ၃၆ တန်) ကာလတန်ဖိုးငွေကျပ် ၁၈၀၀၀၀၊ ပျဉ်းကတိုး အချောင်း ၃၀ (၂ ဒသမ ၀၁၅၈ တန်) ကာလတန်ဖိုးငွေကျပ် ၁၆၁၂၆၄၀ တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သစ်များ သယ်ဆောင်လာသော ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ရေး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစောလားပွယ်မှ တရားလိုပြုလုပ်၍ မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**





# ကျောက်ဆည်မြို့အဝင်တွင် ဆီဘောက်ဆာဖြင့် တင်ဆောင်လာသော တန်ဖိုးငွေကျပ် သိန်း ၄၀ ခန့်ရှိ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မန္တလေး–ရန်ကုန်သွားလမ်းဟောင်း ကျောက်ဆည်မြို့ အဝင်နေရာမှ တရားမဝင်သစ်လုံးများ တင်ဆောင်လာသော ဆီဘောက်ဆာယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး မူခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ်အောင်ကျော်မင်း ဦးစီးသောအဖွဲ့သည် မန္တလေး–ရန်ကုန် သွားလမ်းဟောင်း ကျောက်ဆည်မြို့အဝင်တွင် ယာဉ်မောင်း ဖြိုးဝေလင်း၊ ယာဉ်နောက်လိုက် ဖြိုးထက်ကျော် ပြည်ကြီးတံခွန်မြို့နယ်နေသူတို့ လိုက်ပါလာသော ၁၂ ဘီး ဆီဘောက်ဆာယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်သစ်လုံး လေးတန် (စုစုပေါင်း ကာလတန်ဖိုးငွေကျပ် သိန်း ၄၀ ခန့်) ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့အား စစ်မေးရာ အဆိုပါယာဉ်ပိုင်ရှင်မှာ မန္တလေးမြို့နေ ဦးမျိုးဆိုသူဖြစ်ကြောင်း သိရှိရသဖြင့် တရားမဝင်သစ်များ သယ်ဆောင်လာသူ ဖြိုးဝေလင်း၊ ဖြိုးထက်ကျော်နှင့် ဦးမျိုးတို့အား ကျောက်ဆည်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ပုသိမ်-မုံရွာကားလမ်းပေါ်တွင် ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံး

**ရေကြည် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်ဘုန်းတော်ကြီးကျောင်းအနီး ပုသိမ်–မုံရွာကားလမ်းပေါ်တွင် နိုဝင်ဘာ ၁၄ ရက် ညတွင် ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၄ ရက် ည ၈ နာရီခွဲတွင် နဂါးရစ်တောင်ဘုန်းတော်ကြီးကျောင်းအနီး ပုသိမ်–မုံရွာကားလမ်းမပေါ်တွင် စက်စက်ယိုရွာမှ ကုန်းပြင်သို့ လမ်း၏ ယာဘက်ခြမ်းအတိုင်း လမ်းလျှောက်လာသူ ပန်းပုကွင်းရွာသစ်ရွာနေ ဒေါ်သန်းလှိုင်အား ဘေးတွဲဆိုင်ကယ်တစ်စီးသည် နောက်မှ ဝင်ရောက်တိုက်မိသဖြင့် ဒေါ်သန်းလှိုင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် ရေကြည်မြို့နယ် ကုန်းပြင်နယ်မြေရဲစခန်းက ထွက်ပြေးတိမ်းရှောင် ပြစ်မှုကျူးလွန်သူအား စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# မြို့နယ်လေးမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီက မိုးညှင်းမြို့ မြို့မရပ်ကွက် မြသိန်းတန်ဘုရားအနီး အနောက်ဘက်လမ်းတွင် လမင်းကိုကို (ခ) ဟာနစ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၄၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုးညှင်းမြို့ အာလဝီကုန်းကွက်သစ်ရပ်နေ မျိုးလွင်(ခ)ဇော်မျိုးလွင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ သန်းထွန်းအား တွေ့ရှိပြီး နေအိမ်မှ ဘိန်းဖြူ ၇ ဒသမ ၁ ဂရမ်နှင့် စိတ်ကြွဆေးပြား ၁၄၈၀ တို့ကို လည်းကောင်း၊

**မိုးညှင်း**

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီက ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ရွာသစ်ကြီးကျေးရွာနေ မပြုံး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၅၇၀၀ ကိုလည်းကောင်း၊

**ဘုတ်ပြင်း**

ထို့အတူ ယင်းနေ့ နံနက် ၂ နာရီခွဲတွင် ဘုတ်ပြင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုတ်ပြင်းမြို့နယ် နို့ငှါးကျေးရွာအုပ်စု ကြိမ်နီတောင်ကျေးရွာနေ မစုစုလှိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂၂၂၀ ကိုလည်းကောင်း၊

**တန့်ယန်း**

အလားတူ ညနေ ၆ နာရီတွင် တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တာကော်အက်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဆမ်ခွက် မောင်းနှင်လာသည့် ယာဉ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂၄၇၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဆမ်ခွက်အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားနှင့်အတူ တွေ့ရစဉ်။

# ရွှေ့နေနှင့် နံနက်ခင်းစကား

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

" ဆရာ"

" ဗျာ"

" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရွှေ့နေနှင့် နံနက်ခင်းစကား ပါ"

" ဘာကိုဆိုလိုတာလဲဆရာ"

"အေးဗျာ– နံနက်ခင်းဟာ လူတိုင်းအတွက် တစ်နေ့တာ ဘဝအစပါပဲ"

"အဲဒါ ဘာဖြစ်သလဲဆရာ"

"ဆက်တွေး၊ ဆက်ရေး၊ ဆက်ပြီးလေ့လာကြည့်ရအောင်နော်"

**International Books**

The Voice Weekly ဂျာနယ်ကို ကျွန်တော် အမြဲဖတ်သည်။ ဂျာနယ်ထဲမှာ ဆရာဇေယျာသူရေးသော International Books ကဏ္ဍပါသည်။ ဆရာက ကမ္ဘာနှင့် မြန်မာကို မိတ်ဆက်ပေးနေသူ။ အထူးသဖြင့် နိုင်ငံတကာက ထင်ရှားသောစာအုပ်တွေအကြောင်း။ ရွေးတတ်၊ ရေးတတ်၊ တင်ပြတတ်သူ ဇေယျာသူ။ ထိုကဏ္ဍ ကျွန်တော်ကြိုက်သည်။

ယခုလည်းကြည့်။ မနက် ၅ နာရီထမလားတဲ့။ အတွဲ ၁၅ အမှတ် ၃၉ ( (Nov 11–17) 2019 နေ့ထုတ်ဂျာနယ်တွင် နိုင်ငံပေါင်း ၉၆ နိုင်ငံမှာ စာအုပ်ရေ ၁၅ သန်းလောက် ရောင်းရတဲ့ ကမ္ဘာကျော် စာရေးသူ ROBIN SHARMA အကြောင်း၊ The monk who sold his Ferrari စာအုပ်နှင့် နာမည်ကြီးသူအကြောင်း ဇေယျာသူရေးသည်။

အလုပ်တွေ အများကြီးလုပ်နိုင်သူတွေဟာ မနက်အစောကြီး ထကြတယ်။ မနက်စောစောထပြီး ဘာတွေလုပ်ရမလဲ။ ဒီစာအုပ်မှာ အရေးအကြီးဆုံးက ၂၀: ၂၀: ၂၀: ပုံသေနည်းပါ။

မနက် ၅ နာရီထပြီး ပထမဆုံးမိနစ် ၂၀ က လေ့ကျင့်ခန်းလုပ်ရမယ်။ ချွေးလေးတရွှဲရွှဲထွက်အောင် နှလုံးခုန်သံမြန်လာအောင်လုပ်ပါ။ စိတ်ခံစားမှုကောင်းစေတဲ့ ခေတ်တွေထွက်လာမယ်။ စိတ်ဖိစီးမှုဖြစ်စေတဲ့ ဟော်မုန်းတွေကို လျှော့ကျစေတယ်။ ဒီမိနစ် ၂၀ ဟာ တစ်နေ့တာလုံးအတွက် အသင့်ဖြစ်အောင် ခန္ဓာကိုယ်ကို စက်နှိုးလိုက်တာ။ ကိုယ်ကို ပြင်လိုက်တာ။

ဒုတိယမိနစ် ၂၀ က ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပါ။ ကိုယ့်ရည်မှန်းချက်တွေက ဘာလဲ။ ဒီတစ်နှစ်အတွင်း ဘာတွေ ပြီးမြောက်ချင်လဲ။ဒီလလုပ်ရမယ့်ဟာတွေပြီးပြီလား။ စဉ်းစားကြည့်ပါ---တဲ့။

တတိယမိနစ် ၂၀ ကတော့ သင်ယူပါ။ စာအုပ်ကောင်းကောင်းတစ်အုပ်ဖတ်။ ပုဂ္ဂိုလ်ကျော်ကြီး တွေရဲ့ အတ္ထုပ္ပတ္တိကို လေ့လာ။ ကိုယ့်လုပ်ငန်းခွင်နဲ့ဆိုင်တဲ့ ပို့ချချက်ကို နားထောင်။ ကိုယ်သင်ချင်တဲ့ ဘာသာစကားတစ်ခုသင်။ နောက်ဆုံးမိနစ် ၂၀ က ဦးနှောက်ကို နှိုးဆွတာ . . . တဲ့။

ဆရာဇေယျာသူစကား (သူ့အရေးအသား)က ကျွန်တော့်ကို ရင်ခုန်စေသည်။ တတိယမိနစ် ၂၀ အတွက်(သင်ယူပါအတွက်) စာအုပ်ကောင်းကောင်းတစ်အုပ် ဖတ်ဖို့တဲ့ ခင်ဗျာ။ ROBIN SHARMA ၏ အဓိကအကြံပေးချက်ပါ။

**ဒီနေ့မနက် ၅ နာရီဖတ်ရမည့်စာအုပ်**

ဆရာဇေယျာသူ၏အတွေး၊ အရေးကြောင့် ဒီနေ့မနက် ၅ နာရီ၊ အိပ်ရာကထ။ လေ့ကျင့်ခန်းလုပ်။ တတိယမိနစ် ၂၀ အတွက် စာအုပ်ကောင်းတစ်အုပ်ဖတ်ဖို့ ကျွန်တော်ရွေးသည်။ တွေ့ပါပြီ။

စာရေးဆရာ ဟိန်းလတ်ရေးသည့် နံနက်ခင်းစကား၊ နံနက်ခင်းတရား (ဖတ်မှတ်ကြားနာ ဆင်ခြင်စရာအတွေးပဒေသာ) စာအုပ်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ မေလတွင် မဇ္ဈိမစာပေမှ ထုတ်ဝေတာပါ။

**ဟိန်းလတ်၏ အမှာစာ**

စာရေးဆရာဟိန်းလတ်က စာပေလောက၊ မီဒီယာလောကမှာ ထင်ရှားသူ။ လူထုကြားထဲ ထိုးဖောက်နေသူ။ စာစုံရေးသူ။ စွယ်စုံထူးချွန်သူ။ ဘိသိက်ဆရာပင် ဖြစ်နေပြီကြားသည်။ နံနက်ခင်းစကား၊ နံနက်ခင်းတရား စာအုပ်တွင် ဆရာဟိန်းလတ်၏အမှာစာမှာ–

“လူငယ်တွေ သိပ်စာမဖတ်ကြတာ၊ စာအုပ်အရောင်းကျလာတာတွေဟာ အင်တာနက်တို့၊ ဖေ့စ်ဘွတ်ခ်တို့ အသုံးများနေကြလို့”ဟု အချို့က ဝေဖန်သုံးသပ်ကြသည်။ ထိုအဆိုကို ကျွန်တော် ရာနှုန်းပြည့် လက်မခံနိုင်ပါ။ မြန်နှုန်းပိုမြင့်ပြီး လိုင်းဆွဲအားအလွန်ကောင်းသော နိုင်ငံများမှ လူငယ်များက ဖေ့စ်ဘွတ်ခ်လည်း အသုံးများကြသကဲ့သို့ စာလည်းဖတ်ကြပါသည်။ စာအုပ်ရောင်းရနှုန်း သိသိသာသာကျမသွားကြပါ။ ယခု အင်တာနက်ခေတ်ကြီးထဲတွင် မိမိသိလို၊ ရှာလိုသောအချက်ကို မိမိ၏လက်ကိုင်ဖုန်း “ ဂူဂယ်လ်” သုံးပြီး အလွယ်တကူ ရှာဖတ်နေနိုင်ကြပါပြီ။ ကမ္ဘာအနှံ့၊ မြန်မာပြည်အနှံ့ နေထိုင်ကြသော မတွေ့ရတာကြာ၊ အဆက်အသွယ်တွေ ပြတ်နေကြသူများလည်း ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် အဆက်အသွယ်ရနေကြပါပြီ။ မိုင်ပေါင်းမည်မျှဝေးဝေး ‘မက်ဆင်ဂျာ’ မှ တစ်ဆင့် ရုပ်ရောအသံပါ တွေ့မြင်ပြောကြားနိုင်ကြသည်မှာလည်း တိုးတက်မှု၏ အကျိုးအမြတ်များပင်ဖြစ်ပါသည်။ မည်သည့်အရာမဆို “သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး” ဖြစ်၏။ “တန်ဆေး လွန်ဘေး” ဖြစ်၏။ ဒါတွေက ဆိုရိုးစကားတွေ၊ စကားပုံတွေမျှသာမဟုတ်။ တကယ်လက်တွေ့ဘဝတွင် အထပ်ထပ်အခါခါ စမ်းသပ်ခဲ့သော တွေ့ရှိချက် အမှန်တရားတွေပင် ဖြစ်ပါသည်။

ကျွန်တော့်အတွက်တော့ “ဖေ့စ်ဘွတ်ခ်” မှတစ်ဆင့် တန်ခိုးကြီးမားစေတီပုထိုးများကို ဖူးမြော်ရ၊ ဆရာတော်၊ သံဃာတော်ကြီးများ၏ တရားဓမ္မကို နာကြားရသည်ပင် ကြီးစွာသောအမြတ် ဖြစ်နိုင်သည်။ မနက်တိုင်း အိပ်ရာထ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးလျှင် ကျွန်တော် ဘုရားရှိခိုးသည်။ ထို့နောက် အမျှအတမ်းဝေ။ နောက်ထပ်လုပ်ရိုးလုပ်စဉ်ကတော့ ဖုန်းကိုဖွင့်ကာ “မက်ဆင်ဂျာ” မှတစ်ဆင့် ဆရာသမား၊ ဆွေမျိုးရင်းချာမိတ်ဆွေများအား “မင်္ဂလာနှုတ်ခွန်းဆက်” ပို့တတ်သည်။ ထိုသို့ နှုတ်ခွန်းဆက်ရသူ အပေါင်းက ယခုအယောက် ၅၀၀ ပင် ကျော်နေပါပြီ။ နာမည်တစ်ခုချင်းကို ခလုတ်လေးနှိပ်ရသည်ပင် ပုဂ္ဂိုလ် ၅၀၀ ကျော်ဆိုတော့ ဆယ်မိနစ် ဆယ့်ငါးမိနစ်မျှထိ အချိန်ပေးရတတ်သည်။ မည်သို့ ပင်ဆိုစေ နံနက်ခင်းတိုင်းတွင် မေတ္တာပွားရသည်မှာ စိတ်ချမ်းမြေ့စရာကောင်းလှသည်။

နောက်ပိုင်းတွင်ကား ကျွန်တော်က “မင်္ဂလာပါ၊ ချမ်းမြေ့သာယာသောနေ့ ဖြစ်ပါစေ” ဆိုသော ဆုတောင်းစကားထက် ကျွန်တော်ဖတ်ခဲ့၊ ကြားခဲ့၊ တွေးခဲ့သော စကားစုအချို့ကို နေ့စဉ်နေ့တိုင်း “ဖေ့စ်ဘွတ်ခ်” စာမျက်နှာပေါ်တွင် တင်၏။ ဤမေတ္တာစာ သဝဏ်လွှာများကို ဖတ်မိကြသူများက ကျေးဇူးတင်ကြောင်း၊ အသိပညာ အတွေးအမြင်သစ်ရကြောင်း ကျွန်တော့်ထံ ပြန်ကြားကြ၍ ကျွန်တော့်လုပ်ရပ်ကို ကျွန်တော် ပီတိဖြစ်မိသည်။ ထို့ကြောင့် ကျွန်တော်၏မိတ်ဆွေများသာမက စာဖတ်သူအားလုံးအတွက် “ နံနက်ခင်းစကား နံနက်ခင်းတရား” အမည်ဖြင့် စုစည်းကာ ယခုစာအုပ်ထုတ်ဖြစ်လိုက်ပါသည်” ဟု ရေးသားထားပါသည်။

**မနက် ၅ နာရီထပြီး**
**ပထမဆုံးမိနစ် ၂၀ က လေ့ကျင့်ခန်းလုပ်ရမယ်။**
**ဒုတိယမိနစ် ၂၀ က ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပါ။**
**တတိယမိနစ် ၂၀ ကတော့ သင်ယူပါ။**

**၁၂ လစာ**

ဆရာဟိန်းလတ်က နံနက်ခင်းစကားကို ၁၂ လစာ (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) ရေးပြထားသည်။ ကျွန်တော်ကြိုက်နှစ်သက်သမျှ ကောက်နုတ်တင်ပြခွင့်ပြုပါ။

**ဇန်နဝါရီလ**

ဘဝဆိုတာက သိပ်ခက်တဲ့စာမေးပွဲကြီးပဲ။ လူတွေ အများကြီး ကျရှုံးကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သူများဆီက ပုံစံတူကူးချလို့ပဲ။ လူတိုင်းအတွက် ကွဲပြားခြားနားတဲ့ မေးခွန်းကိုယ်စီ ရှိနေတာမှ မသိကြတာ။

**ဖေဖော်ဝါရီလ**

စိတ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန တွေထည့်ထားတဲ့ အမှိုက်ပုံးမဟုတ်ဘူး။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ကိုယ်ချင်းစာနာမှုတွေ စုဆောင်းထားတဲ့ ရတနာသေတ္တာ။

**မတ်လ**

အခွင့်အရေးဆိုတာ နေထွက်ချိန်လိုပဲ။

သိပ်စောင့်လွန်းရင် လွတ်သွားတတ်တယ်။

**ဧပြီလ**

မနက်တိုင်း အိပ်ရာက နိုးလာတာနဲ့ အသက်ရှင်တာကို ကံကောင်းတယ်လို့ မှတ်လိုက်ပါ။

လူ့ဘဝဟာ တန်ဖိုးသိပ်ရှိတယ်။ ဖြုန်းတီးမပစ်နဲ့။

လူသားတိုင်းအတွက် အကျိုးရှိရာတစ်ခုခု လုပ်ပေးရမယ်။

လူတွေအပေါ် မနာလိုမှု၊ ဒေါသ၊ အာဃာတတွေ မထားရဘူး။

တခြားသူတွေအပေါ် နိုင်စွမ်းသမျှ ကူညီစောင့်ရှောက်မှ လူပီသမယ်။

**မေလ**

ကမ္ဘာမှာ လူသုံးမျိုးသုံးစားပဲရှိတယ်။

(၁) တစ်စုံတစ်ရာကို ဖြစ်အောင်လုပ်သူတွေ

(၂) တစ်စုံတစ်ရာဖြစ်တာကို စောင့်ကြည့်သူတွေ

(၃) သူတို့ဖြစ်တာတွေကို အံ့သြနေကြသူတွေ
မိတ်ဆွေကော ဘယ်အမျိုးအစားမှာပါသလဲ။

**ဇွန်လ**

မာကျောသန်မာမှုဆိုတာ ကြွက်သားထဲမှာ မရှိဘူး။ စိတ်ဝိညာဉ်ထဲမှာပဲရှိတယ်။

ဘဝမှာ တစ်ခုတည်းသော မသန်စွမ်းမှုက မကောင်းမြင်စိတ်ခံတတ်ပဲ။

**ဇူလိုင်လ**

ဘယ်နေရာသွားသွား၊ ကြင်နာမေတ္တာတရား၊ ခြေရာလေးများ ချန်ချထား။




**ဩဂုတ်လ**

ခွင့်လွှတ်ပါ။

မေ့ပစ်ပါ။

ဒါပေမယ့် သင်ခန်းစာကိုတော့ သတိရနေပါ။

**စက်တင်ဘာလ**

သစ္စာရှိတဲ့ သူငယ်ချင်းမိတ်ဆွေ လေးမျိုးရှိတယ်။

(၁) အကူအညီပေးသူ။

(၂) မိမိကောင်းနေစေ၊ ဆိုးနေစေကာမူ အတူပေါင်းသင်းနေသူ။

(၃) ကောင်းတာကို ညွှန်ပြတတ်သူ။

(၄) သနားကြင်နာတတ်သူ။

**အောက်တိုဘာလ**

သူတို့က ကျွန်တော့်ကို သေစေချင်လို့ မြေကြီးထဲမှာ မြှုပ်နှံခဲ့ကြတယ်။

ဒါပေမယ့် သူတို့မသိတာတစ်ခုရှိတယ်။ ကျွန်တော်က သစ်စေ့လေ။

**နိုဝင်ဘာလ**

ဘဝရဲ့ အာဟာရက ချစ်ခြင်းမေတ္တာ၊ ဘဝရဲ့အားက အလုပ်၊ ဘဝရဲ့ ချိုမြခြင်းက ကဗျာ၊ ဘဝရဲ့ရှေ့ရေးက ယုံကြည်မှု။

**ဒီဇင်ဘာလ**

ကိုယ်ဘာဖြစ်ချင်သလဲ။ စိတ်ကူးကြည့်။ဖြစ်ချင်တာ ဖြစ်လို့ရတယ်။

ရုပ်ရှင်သရုပ်ဆောင်လား၊ အဆိုကျော်လား၊ သူဌေးကြီးလား၊ နိုင်ငံ့ခေါင်းဆောင်လား။

စိတ်ကူးနေလို့၊ ပြောနေလို့ကတော့ ဘာမှမဖြစ်ဘူး။

မိမိရဲ့ဘဝကို ပုံဖော်ဆုံးဖြတ်ပေးနိုင်တဲ့သူကတော့ တစ်ယောက်ပဲရှိတယ်။

အဲဒါက မင်းပဲ။

**ကြည်နူး**

ကျွန်တော်ကြည်နူးနေပါသည်။ ပျော်ရွှင်နေပါသည်။ ချမ်းမြေ့နေပါသည်။

ဘာကြောင့်လဲ။ ဆရာဇေယျာသူနှင့် ဆရာဟိန်းလတ်တို့၏ စာများ၊ ကျေးဇူးများကြောင့်ပါ။

**နိဂုံး**

(၁) ဆရာဇေယျာသူနှင့် ဆရာဟိန်းလတ်တို့ ကျန်းမာအသက်ရှည်ပြီး ပြည်သူ့အကျိုးပြုစာတွေ အများကြီး ဆက်ရေးနိုင်ကြပါစေ။

(၂) နံနက်ခင်းအစ မင်္ဂလာယူချိန်အရုဏ်ဦးတိုင်းမှာ ဘဝကိုနိုးထသည့် စာအုပ်ကောင်းတွေကို ကြေးမုံစာချစ်ပရိသတ်နှင့်အတူ ကျွန်တော်ဖတ် ခွင့်ကြုံပါရစေကြောင်း။ ။

❖ ❖ ❖

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့် ထုတ်ပြန်

**ယမန်နေ့မှအဆက်**

(ဋ) ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်းနှင့် ယင်း၏ မှတ်ပုံတင်ကို မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏အမည်၊ တရားဝင်ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းများသတ်မှတ်ခြင်း။

၁၃။ ငွေကြေးခဝါချသည်ဟု သံသယရှိသည့်ပြစ်မှုများနှင့် အကြမ်းဖက်အဖွဲ့အစည်းအား ငွေကြေးထောက်ပံ့သည့်ပြစ်မှုများအား စုံစမ်းစစ်ဆေးရာတွင် ဥပဒေအရ အရေးယူဆောင်ရွက်မည့် သက်ဆိုင်သည့်အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ သက်ဆိုင်သည့် သတင်းအချက်အလက်များအားလုံးကို တောင်းယူခွင့်ရှိသည်။

၁၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၁၉ (ဃ) အရ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များပြုလုပ်ရာတွင် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်းကို သိရှိနိုင်ရန် အောက်ပါသတင်းအချက်အလက်များကိုအခြေခံနိုင်သည်-

(က) ဥပဒေရေးရာပုဂ္ဂိုလ်ဖြစ်လျှင်-

(၁) လူပုဂ္ဂိုလ်ကို အတည်ပြုခြင်း၊ ပိုင်ရှင်သည် အများအပြားဖြစ်နိုင်ပြီး လူပုဂ္ဂိုလ်များ မရှိလျှင် ပိုင်ဆိုင်မှုကိုအဆုံးစွန်ထိန်းချုပ်နိုင်သည့် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုကို ဖော်ထုတ်ခြင်း၊

(၂) အထက်အပိုဒ်အပေါ် သံသယဖြစ်လျှင် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်သည် ပိုင်ဆိုင်မှုကို ထိန်းချုပ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သို့မဟုတ် ပိုင်ဆိုင်မှုကို ထိန်းချုပ်သည့် ပုဂ္ဂိုလ်မဟုတ်ကြောင်း အခြားနည်းလမ်းများကို အသုံးပြု၍ ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုဆိုင်ရာ ထိန်းချုပ်ခြင်းကို ဖော်ထုတ်ခြင်း၊

(၃) အထက်ဖော်ပြပါ အပိုဒ်ခွဲငယ်(၁)နှင့် (၂)တို့အရ လူပုဂ္ဂိုလ်ကို သတ်မှတ်ဖော်နိုင်ခြင်း မရှိလျှင် အကြီးတန်းစီမံခန့်ခွဲမှုအရာရှိတာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ လူပုဂ္ဂိုလ်ကို အတည်ပြုမှု ဖော်ထုတ်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အတည်ပြုမှုနှင့် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုကို လုပ်ဆောင်ရမည်။

(ခ) ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုဖြစ်လျှင်-

(၁) ယုံကြည်အပ်နှံမှုများနှင့်ပတ်သက်၍ ထူထောင်သူ၊ ယုံကြည်အပ်နှံခြင်းခံရသူ၊ ကာကွယ်စောင့်ရှောက်သူ၊ အကျိုးခံစားခွင့်ရှိသူများ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ အတန်းအစားတို့ကို အတည်ပြုခြင်းနှင့် ယုံကြည်အပ်နှံမှုအပေါ် ထိန်းချုပ်မှု သို့မဟုတ် ပိုင်ဆိုင်မှုအဆင့်ဆင့် အပါအဝင် အဆုံးစွန်ထိရောက်စွာ ထိန်းချုပ်သည့် မည်သည့်လူပုဂ္ဂိုလ်ကိုမဆို ဖော်ထုတ်ခြင်း၊

(၂) အခြားသော ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုပုံစံများဖြစ်လျှင် တူညီသော သို့မဟုတ် အလားတူ ရာထူးတာဝန်ရှိသည့် ပုဂ္ဂိုလ်များကို အတည်ပြုခြင်း။

၁၅။ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအပေါ် သံသယဖြစ်၍လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူက သတိပြုမိသည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်အခါတွင်လည်းကောင်း၊ အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပေးပို့ရမည်။

၁၆။ သတင်းပို့အဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးဦးအား ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် နိုင်ငံတကာတွင် ဩဇာတိက္ကမရှိသူများ ဟုတ်၊ မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍-

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကို ဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ် ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာတွင် ဩဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများက အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ(က)ပါ အရေးယူ ဆောင်ရွက်မှုများကို ကျင့်သုံးခြင်း။

၁၇။ ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် နိုင်ငံတကာတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၂၂ ၌ ဖော်ပြထားသည့် အချက်များအပြင် ယင်းဥပဒေ၌ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကိုလည်း ဆောင်ရွက်ရမည်။ ထို့အပြင် ယင်းဆောင်ရွက်ချက်များကို ယင်းဩဇာတိက္ကမရှိသူများနှင့် ဆက်နွယ်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ်ဆောင်ရွက်ရမည်။

၁၈။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကိုဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းတို့ကို အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများအပေါ်တွင်မက လက်ရှိဈေးကွက်၌ရှိပြီးဖြစ်သော ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့် ယင်းတို့ဖြန့်ဖြူးသည့် စနစ်များအပေါ်တွင်ပါ ဆောင်ရွက်ရမည်။ အန္တရာယ်များကိုဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့် ယင်းတို့ ဖြန့်ဖြူးသည့်စနစ်များ ဈေးကွက်အတွင်း စတင်မဖြန့်ဖြူးခင် ဆောင်ရွက်ရမည်။

၁၉။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများ မပြုလုပ်မီ အပိုဒ် ၁၂ ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည်-

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းသဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ အများပြည်သူသိရှိနိုင်သည့် သတင်းအချက်အလက်များပေါ်မူတည်၍ ဆုံးဖြတ်ထားသည့် ၎င်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ-မရှိကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသော သတင်းအချက်အလက်များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

(ခ) အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုအရည်အသွေးကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

(င) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့် စပ်လျဉ်း၍ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်သည့် ဘဏ်၏ ဆက်သွယ်ဆောင်ရွက်သူများက မိမိတို့၏ ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုကြောင်းနှင့် အဆိုပါ လက်ခံဆောင်ရွက်သည့် ဘဏ်အနေဖြင့် မိမိက တောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှုရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၂၀။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၂၈ (ဃ) (၂) အရ သတင်းအချက်အလက်ဖလှယ်ရာတွင် လုပ်ငန်းအုပ်စုအလိုက် လိုက်နာကျင့်သုံးခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များနှင့်ပတ်သက်သည့် လုပ်ငန်းများအတွက် ဘဏ်ခွဲများနှင့် လက်အောက်ခံလုပ်ငန်းခွဲများမှ ဆက်သွယ်ဆောင်ရွက်သူအမည်၊ ဘဏ်စာရင်း၊ ဆောင်ရွက်သည့် သတင်းအချက်အလက်များပံ့ပိုးပေးရမည်။

၂၁။ ၎င်းတို့၏ပြည်ပရှိဘဏ်ခွဲများ သို့မဟုတ် ၎င်းတို့အများစုပိုင်ဆိုင်သည့် လက်အောက်ခံ ဘဏ်ခွဲငယ်များသည် သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် ပြဋ္ဌာန်းချက်များသည် မိမိနိုင်ငံထက်လျော့နည်းနေလျှင် မိမိနိုင်ငံ၏ဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ အကယ်၍ သက်ဆိုင်ရာနိုင်ငံသည် မိမိနိုင်ငံ၏ဥပဒေနှင့် ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်မှုကို ခွင့်မပြုလျှင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များကို စီမံခန့်ခွဲနိုင်မည့် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ပြီး မိမိနိုင်ငံ၏ ကြီးကြပ်ရေးအာဏာပိုင်များထံ သတင်းပို့ရမည်။

၂၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၈) ပုဒ်မ ၃၁(က) အရ ဖော်ထုတ်သတ်မှတ်ထားသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့်အချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံများမှ ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် အားနည်းသည့်နိုင်ငံများ၊ ဒေသများမှ ဘဏ္ဍာရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ဥပဒေရေးရာ ပုဂ္ဂိုလ်တို့နှင့် စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အန္တရာယ်အဆင့်မြင့်မားလျှင် မြင့်မားသည့်အလျောက် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လိုအပ်ပါက အန္တရာယ်အဆင့်အလိုက် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၊ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ သို့မဟုတ် အလားတူ ဒေသတွင်းအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများက တောင်းဆိုလာသည့်အခါ အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရမည်၊

(ခ) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၊ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ သို့မဟုတ် အလားတူ ဒေသတွင်းအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် ကြီးကြပ်ရေးအာဏာပိုင်များ သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်မြင့်မားသည်ဟု သတ်မှတ်ဖော်ထုတ်ထားသည့်နိုင်ငံများ သို့မဟုတ် ဒေသများနှင့်ဆက်နွယ်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ဥပဒေရေးရာပုဂ္ဂိုလ်တို့နှင့် စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အန္တရာယ်အဆင့်မြင့်မားလျှင် မြင့်မားသည့်အလျောက် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က သတင်းပို့အဖွဲ့အစည်းများအား ညွှန်ကြားရမည်။

၂၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၃၆ (ခ) အရ ကြီးကြပ်ရေးအာဏာပိုင်က သတင်းပို့အဖွဲ့အစည်းများတွင် ရှိနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် အကဲဖြတ်ခြင်းကိုဆောင်ရွက်ရာတွင် ပုံမှန်အစီအစဉ်ချမှတ်၍သော်လည်းကောင်း၊ သတင်းပို့အဖွဲ့အစည်း သို့မဟုတ် အုပ်စုအဖွဲ့အစည်းများ၌ ထူးခြားဖြစ်စဉ်ဖြစ်သည့်အချိန်များတွင်လည်းကောင်း၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှု တိုးတက်ပြောင်းလဲသည့်အချိန်များတွင်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၂၄။ ကြီးကြပ်စစ်ဆေးမှုများကို သတင်းပို့အဖွဲ့အစည်းများ စည်းကမ်းလိုက်နာမှုပေါ်မူတည်၍ သတ်မှတ်ထားသော အန္တရာယ်ရှိမှုအခြေခံကြီးကြပ်စစ်ဆေးမှုကို ကြီးကြပ်ရေးအာဏာပိုင်က ပုံမှန်ကာလများသတ်မှတ်၍ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ရုံးတွင်းစစ်ဆေးခြင်း ဆောင်ရွက်ရမည်။

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှ

၂၅။ အခြားဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိပါက ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် သတင်းပို့အဖွဲ့အစည်းများကို မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ခွင့်ပြုချက်ပေးခြင်းတို့တွင် လည်းကောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် သို့မဟုတ် အဖွဲ့အစည်း၏ ရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူတို့အပါအဝင် သတင်းပို့အဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင်ပြစ်မှုကျူးလွန်သူ သို့မဟုတ် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပိုင်ဆိုင်ခြင်း ထိန်းချုပ်ခြင်းအပါအဝင် ဆောင်ရွက်ခြင်းတို့မှ ကာကွယ်နိုင်ရန်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခြားကိုက်ညီ သင့်လျော်မှု၊ ပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်ချက်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

၂၆။ ကြီးကြပ်ရေးအာဏာပိုင်သည်တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများ၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါအရေးယူဆောင်ရွက်မှု တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့် သတိပေးခြင်း၊ ရာထူးမှ ရပ်ဆိုင်းခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့် ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် မှတ်ပုံတင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း အပါအဝင် စီမံခန့်ခွဲခြင်းနည်းလမ်းအရ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(င) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ ငွေဒဏ် အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁,၀၀၀ အထိ ချမှတ်ခြင်း။

၂၇။ (က) သတင်းပို့အဖွဲ့အစည်းမှ ဒါရိုက်တာ၊ လုပ်ဖော်ကိုင်ဖက်၊ အမိကတာဝန်ရှိသူ အရာရှိနှင့် ဝန်ထမ်းများစသည့် တာဝန်ရှိသူများနှင့် ယင်းတို့နှင့် ဆက်သွယ်ဆောင်ရွက်သူ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းချက်များမှအပသတင်းပို့ချက် သို့မဟုတ် အခြားသော သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ တင်ပြနေသည် သို့မဟုတ် တင်ပြခဲ့သည်ဟုလည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စစ်ဆေးနေသည် သို့မဟုတ် စစ်ဆေးခံပြီးဖြစ်သည်ဟု မည်သူကိုမျှ ထုတ်ဖော်ပြောကြားခြင်း မပြုရ၊

(ခ) အထက်အပိုဒ်ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တာဝန်အရ ထုတ်ဖော်ပြောကြားချက်များနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၂၈။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၁၀) ပုဒ်မ ၄၂ အရ အကောက်ခွန်ဦးစီးဌာနက ရရှိထားသည့် သတင်းအချက်အလက်များကို ပေးပို့ရာတွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနတို့အပြင် လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်းအခွန်များဦးစီးဌာနအပါအဝင် အခြားသက်ဆိုင်သည့် အာဏာပိုင်အဖွဲ့အစည်းတို့က တောင်းခံလာပါက ပေးပို့နိုင်သည်။

၂၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၁၂) အရ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သတင်းဖလှယ်ရန်အချက်ကို အခြားဥပဒေများတွင် ဖော်ပြထားခြင်းမရှိပါက အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်-

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များအတွက် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းဖလှယ်နိုင်သည်၊

(ခ) သတင်းဖလှယ်ရာတွင် ပြည်ပမိတ်ဖက်အဖွဲ့အစည်း၏ လိုအပ်ချက်အတိုင်း သတင်းအချက်အလက် စုဆောင်းဖလှယ်ရမည်၊

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများကိုယ်စား စုံစမ်းပေးရမည်။ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများက စုံစမ်းစစ်ဆေးမှုကို ၎င်းတို့ကိုယ်တိုင် မိမိနိုင်ငံအတွင်း၌ ဆောင်ရွက်လိုလျှင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က ပူးပေါင်းစုံစမ်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်၊

(ဃ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပူးပေါင်းစုံစမ်းရာတွင် တာဝန်ရှိမှု တန်းတူဖြစ်ပြီး လိုအပ်လျှင် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို ဖလှယ်နိုင်သည်-

(၁) ပြည်တွင်းစည်းမျဉ်းစည်းကမ်း ကြီးကြပ်ရေးဆိုင်ရာ အချက်အလက်များနှင့် ငွေကြေးကဏ္ဍများရှိ အထွေထွေသတင်းအချက်အလက်များ၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စီးပွားရေးဆောင်ရွက်ချက်များ၊ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၊ စီမံခန့်ခွဲမှုနှင့် ကိုက်ညီသင့်လျော်သည့် ဆောင်ရွက်ချက်ဆိုင်ရာ သတင်းများ၊

(၃) ပြည်တွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏မူဝါဒများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များ၊ စာရင်းများနှင့် လွှဲပြောင်းမှု သတင်းနမူနာပုံစံများ။

(င) သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် ဆက်နွယ်နေသော မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ထောက်လှမ်းချက်နှင့် ယင်းတို့ကိုစုံစမ်းနိုင်ရန်အတွက် ပြည်တွင်း၌ သတင်းဖလှယ်နိုင်သကဲ့သို့ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း သတင်းဖလှယ်နိုင်သည်၊

(စ) သတင်းဖလှယ်ရာတွင် မိမိတို့ရရှိထားသော လုပ်ပိုင်ခွင့်များအားလုံးကို အသုံးပြုနိုင်သည်၊

(ဆ) သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များသည် ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် ဆက်နွယ်နေသော မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာ မိတ်ဖက်မဟုတ်သည့် အဖွဲ့အစည်းများနှင့်လည်း သတင်းအချက်အလက်ဖလှယ်နိုင်သည်။

၃၀။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်သည့်အခါ သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက်အလက်များကိုတင်ပြရမည်။

၃၁။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် စာရင်းကိုင်များ၊ စာရင်းစစ်များအနေဖြင့် မိမိတို့ဆက်သွယ်ဆောင်ရွက်သူများ၏ ဥပဒေရေးရာရပ်တည်ချက်ကို စိစစ်သည့်ကိစ္စရပ် သို့မဟုတ် တရားရေး၊ စီမံခန့်ခွဲရေး၊ ခုံသမာဓိ သို့မဟုတ် စေ့စပ်ဖျန်ဖြေမှုဆိုင်ရာ စစ်ဆေးစီရင်မှုများတွင် အဆိုပါဆက်သွယ်ဆောင်ရွက်သူအား ခုခံကာကွယ်ပေးခြင်း သို့မဟုတ် ၎င်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းကိစ္စရပ်များအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေး သို့မဟုတ် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထူးအခွင့်အရေးနှင့်သက်ဆိုင်သည့် အခြေအနေများတွင် ရရှိသည့်သတင်းအချက်အလက်များဖြစ်ပါက သံသယဖြစ်ဖွယ် သတင်းပို့ချက်ဖြင့် သတင်းပို့ရန် လိုအပ်ခြင်း မရှိစေရ။

၃၂။ တရားစွဲအဖွဲ့အစည်းသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအခန်း (၁၅) ပုဒ်မ ၆၁ နှင့်အညီ ဆောင်ရွက်ရမည်။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့်ပစ္စည်းများဖြစ်ပေါ်စေသော သို့မဟုတ် ရရှိစေသောပြစ်မှုသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအခန်း (၃) ပုဒ်မ ၅ နှင့် ဤအမိန့်အပိုဒ် (၃)တွင်ဖော်ပြထားသည့် ငွေကြေးခဝါချမှုဆိုင်ရာပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းနှင့်ပတ်သက်ပါက ယင်းငွေကြေးနှင့်ပစ္စည်းများသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကြောင့် သက်သေပြရန်လိုအပ်ခြင်းမရှိစေရ။

၃၃။ မည်သူမဆို ဤအမိန့်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အပြစ်ပေးခြင်းခံရမည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**ကော့သောင်း**

(၉၉)နှစ်မြောက် အမျိုးသား အောင်ပွဲ နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ရွှေဟသာ်ာရပ်ကွက်အခြေခံပညာ အလယ်တန်းကျောင်းတွင်အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ကော့သောင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးက အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စသည်တို့ကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**လှိုင်းဘွဲ**

(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုနယ်လှည့်အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက်က ခဘိုင်းကျေးရွာ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က အမျိုးသားအောင်ပွဲနေ့ စတင်ဖြစ်ပေါ်လာပုံ၊ မြန်မာလူမျိုးတို့၏ဓာတိပုညဂုဏ်မာနနှင့် ဇာတိသွေးဇာတိမာန် တက်ကြွစွာဖြင့် လက်တွဲညီညာ ရဲရင့်ပြောင်မြောက်စွာဖြင့် နယ်ချဲ့တို့အား ခုခံတွန်းလှန်ခဲ့ကြပုံများအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**သိန်းသန်း**

**ငါ့သရောက်**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက (၉၉) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

အဆိုပါ (၉၉) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုစာစီစာကုံးပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြကာ ဆုရကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၂၁ ရက် အမျိုးသားအောင်ပွဲနေ့တွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**

**ရေကြည်**

(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အထက်တန်းအဆင့်နှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ရေကြည်မြို့ အ.ထ.က (မြို့မ) ၌ ကျင်းပသည်။

အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားအောင်ပွဲနှင့် ကျောင်းသားတာဝန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "အမျိုးသားအောင်ပွဲနေ့အဓိဋ္ဌာန်" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**အောင်သူဟန် (ပြန်/ဆက်)**

**ကျိုက်မရော**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် (၉၉)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက "အမျိုးသားအောင်ပွဲနေ့ ဆင်နွှဲစို့" ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲဝင်ခဲ့ကြပြီး ဆေးရောင်စုံပန်းချီပြိုင်ပွဲကို အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**



## ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည်

**ရေတာရှည် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးသောတောင်သူများအတွက် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဦးဝေလင်းက နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးသည်။

ယခုနှစ်ဆောင်းရာသီစိုက်ပျိုးရာသီအတွက် ကျေးရွာအုပ်စုရှစ်အုပ်စု၊ မြေဧက ၁၀၀၀ အတွက် ကျပ်သိန်း ၁၀၀၀ ထုတ်ချေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**ကိုလွင်(ဆွာ)**




## မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းက (၆)ကြိမ်မြောက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အခြေခံသင်တန်း ထပ်မံဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

(၆)ကြိမ်မြောက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အခြေခံသင်တန်းကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာ အဖွဲ့အစည်း (WIPO)နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း(MIPPA)က နိုဝင်ဘာ ၁၇ ရက်တွင် ရုံးခန်းအမှတ် (၂၁၀) အခန်း ၇(ခ) ခုနစ်လွှာ မြတ်ဆုမွန်ကွန်ဒို ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော တီထွင်ဖန်တီးမှုကို မြှင့်တင်အကာအကွယ်ပေးမည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေများကို ပြည်သူ့လွှတ်တော်က ယခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှ တီထွင်ဖန်တီးသူများ၊ မူပိုင်ခွင့်အကျိုးဆောင်လိုသူများ၊ ရှေ့နေရှေ့ရပ်များနှင့် အများပြည်သူအား မူပိုင်ခွင့်ဆိုင်ရာ အသိပညာဖြန့်ဝေပေးနိုင်ရန်အတွက် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများ MIPPA ရုံးသို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓနုဖြူမြို့နယ်တွင် ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဓနုဖြူ နိုဝင်ဘာ ၁၅**

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဓနုဖြူမြို့နယ် ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဓနုဖြူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်နှင့်အတူ ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများက ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဓနုဖြူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ကလေးစာပေပွဲတော် Theme Song သီဆို၍ အခမ်းအနားဖွင့်လှစ်သည်။ ထို့နောက် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဓနုဖြူမြို့နယ်တွင် ကျင်းပသည့် ကလေးစာပေပွဲတော်သည် လေးမြို့နယ်မြောက်ကျင်းပသော ပွဲတော်ဖြစ်ကြောင်း၊ ကလေးစာပေပွဲတော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် မြို့နယ် ၂၆ မြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကလေးစာပေပွဲတော်များသည် အစိုးရသစ်လက်ထက်တွင် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် ရည်ရွယ်ချက်ကောင်းများဖြင့် အကောင်အထည်ဖော်ပေးသော ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ မိမိဒေသကို အကျိုးပြုသော ငွေအား၊ လူအား ကူညီဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်းနှင့် အစိုးရနှင့် ပြည်သူလက်တွဲ ညီညီဆောင်ရွက်ကြသည့် ပွဲတော်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ အကအလှ ဖျော်ဖြေမှုများ၊ အားကစားပြိုင်ပွဲများ၊ ဌာနဆိုင်ရာများ၏ ပြခန်းများ၊ ထူးချွန်ထင်ရှား ရောဝတီတိုင်းသားများပြခန်းနှင့် ပြပွဲ၊ ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၇)ကြိမ်မြောက် Memory နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

(၇)ကြိမ်မြောက် Memory နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြပွဲတွင်ပါဝင်သည့် ရုပ်ရှင်ဖန်တီးသူပညာရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Mr. Andrea Faulkner ၊ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr. Christian Lechervy ၊ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt နှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin တို့က အမှတ်တရစကားပြောကြားကြသည်။

ဆက်လက်၍ Memory Cinema ၏ တွဲဖက်တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ Ms. Severine Wemaere ၊ ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီဆွေဇင်ထိုက်နှင့် ပြင်သစ်နိုင်ငံမှ ရုပ်ရှင်မင်းသမီးကြီး Ms. Isabelle Huppert တို့က မိတ်ဆက်စကား ပြောကြားကာ Memory နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ဝဇီရာရုပ်ရှင်ရုံနှင့် မဟာဗန္ဓုလပန်းခြံတွင် မြန်မာဂန္ထဝင်ရုပ်ရှင်ကားများအပါအဝင် ခေတ်အဆက်ဆက်က နိုင်ငံတကာရုပ်ရှင်ကား ၆၀ ကျော်ကို နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓနုဖြူမြို့နယ် ကလေးစာပေပွဲတော်ပါဝင်သူများ၏ ရင်တွင်းစကားသံများ

**ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်–**

**ဦးတင်လှ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဓနုဖြူမြို့)**

ဒီလို ကလေးစာပေပွဲတော်ကို ကျင်းပပေးခြင်းအားဖြင့် တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ ကိုယ်ရည်ကိုယ်သွေး၊ တွေးခေါ်မြော်မြင်မှု၊ စဉ်းစားတီထွင်ကြံဆမှုတွေ၊ စုပေါင်းဆောင်ရွက်မှုတွေ တစ်နည်းဆိုရရင် ၂၁ ရာစုရဲ့ စွမ်းဆောင်ရည်တွေကို လေ့ကျင့်ပေးတဲ့ပွဲဖြစ်တယ်လို့ ပြောလိုပါတယ်။ ဒီလိုပွဲမျိုးကို ကျင်းပခြင်းအားဖြင့် စီစဉ်ပေးသူတွေ၊ ဝိုင်းဝန်းဆောင်ရွက်သူတွေ၊ တာဝန်ရှိသူတွေဘက်ကလည်း ဂုဏ်ယူစရာ ဓနုဖြူမြို့ရဲ့ ကလေးစာပေပွဲတော်ဖြစ်ကြောင်း ပြောချင်ပါတယ်။ အတွက် စည်စည်ကားကား ကျင်းပနိုင်ပြီး ကလေးတွေအတွက် စာဖတ်မှုအလေ့အကျင့်ကောင်းတွေ၊ ပူးပေါင်းဆောင်ရွက်မှုအလေ့အကျင့်ကောင်းတွေ ပိုမိုတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်ချိုချိုငြိမ်း(ဓနုဖြူမြို့ အထက (၂) ကျောင်းအုပ်ဆရာမကြီး)**

အရင်က ဒီလိုပွဲမျိုး မကြုံဖူးခဲ့ပါဘူး။ အခုဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီစဉ်မှုနဲ့ ကလေးစာပေပွဲတော် ကျင်းပခွင့်ရခဲ့ပြီး ကလေးများတစ်ဦးနဲ့တစ်ဦး ချစ်ခင်ရင်းနှီးလာမယ်၊ ကလေးစာပေပွဲတော်မှာ မိဘတွေပါ ပါဝင်လာတာဖြစ်တဲ့အတွက် ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများ လက်တွဲညီညီ ချစ်ခင်ရင်းနှီးစွာ၊ ပျော်ရွှင်စွာ ဆင်နွှဲတာဖြစ်တဲ့အတွက် ကျွန်မတို့ကျောင်းအနေနဲ့ ဂုဏ်ယူပြီး အနာဂတ်မှာ မျိုးဆက်သစ်လူငယ်တွေ ပေါ်ထွန်းလာမယ်ဆိုတာ ယုံကြည်မိပါတယ်။


ဦးတင်လှ


ဦးကျော်ကျော်ဦး


ဒေါ်ချိုချိုငြိမ်း

**ဦးကျော်ကျော်ဦး(ဓနုဖြူမြို့နယ် အုပ်ချုပ်ရေးမှူး)**

ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီအစည်းအဝေး ကျင်းပပြီး ဆပ်ကော်မတီအလိုက် ဌာနဆိုင်ရာတွေ၊ မြို့မိမြို့ဖတွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့နဲ့အတူ ပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တာဝန်ရှိသူတွေနဲ့အတူ ဓနုဖြူမြို့ရှိ ပြည်သူများပါ ပူးပေါင်းဆောင်ရွက်တာဖြစ်တဲ့

**တွေ့ဆုံမေးမြန်း–ဝဠာနိုင် (ညောင်တုန်း)**
**ဓာတ်ပုံ– အောင်ခိုင်(မအူပင်)**

# “မုဒြာရဲ့ခေါ်သံ”ရုပ်ရှင်ဇာတ်ကား တရုတ်ရွှေကြက်ရာပန်းရုပ်ရှင်ပွဲတော်တွင် ပြသရန်ရွေးချယ်ခံရ

**ရန်ကုန် နိုဝင်ဘာ ၁၅**

တရုတ်နိုင်ငံ ဖူကျင့်ပြည်နယ် ရှားမန့်မြို့တွင် နိုဝင်ဘာလ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၂၈) ကြိမ်မြောက် တရုတ်ရွှေကြက်ရာပန်းရုပ်ရှင်ပွဲတော်တွင် “မုဒြာရဲ့ခေါ်သံ” ရုပ်ရှင်ဇာတ်ကားပြသရန် ရွေးချယ်ခံရကြောင်း သိရသည်။

အဆိုပါရွေးချယ်ခံရသော ရုပ်ရှင်ဇာတ်ကားကို ရုပ်ရှင်ပွဲတော်၌ပြသပြီး အကောင်းဆုံးနိုင်ငံရပ်ခြားရုပ်ရှင်ဆု၊ အကောင်းဆုံးနိုင်ငံရပ်ခြားဒါရိုက်တာဆု၊ အကောင်းဆုံးနိုင်ငံရပ်ခြားဇာတ်ဆောင်မင်းသားဆုနှင့် အကောင်းဆုံးနိုင်ငံရပ်ခြားဇာတ်ဆောင်မင်းသမီးဆုများကို ကြည့်ရှုသူပရိသတ်များ၏ မဲအရေအတွက်ဖြင့် ရွေးချယ်၍ ဆုချီးမြှင့်သွားမည်ဖြစ်သည်။

**ရွေးချယ်ခံရ**

“မုဒြာရဲ့ခေါ်သံ”ဇာတ်ကားသည် ပြည်တွင်း၌ ပြသခဲ့စဉ် အောင်မြင်မှုများရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် Mexico International Film Festival 2017 ပွဲတွင် Silver Palm Award ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော International Student Newcomer Woman Film Festival (ISENMA) 2017 ပွဲတွင် Platinum Award ကိုလည်းကောင်း ဆုများရရှိခဲ့သည့်အပြင် အခြားနိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင်လည်း ပြသရန် ရွေးချယ်ခံရကြောင်း သိရသည်။

“မုဒြာရဲ့ခေါ်သံ”ဇာတ်ကားကို Central Base ရုပ်ရှင်ထုတ်လုပ်ရေးမှထုတ်လုပ်ပြီး ဒါရိုက်တာ ခရစ္စတီးနားခီ ရိုက်ကူးကာ သရုပ်ဆောင် ဇာဇာခီ၊ လှယဉ်ကျေးနှင့် နန်းဝေဝေထွန်းအပါအဝင် အခြားသော သရုပ်ဆောင်များ ပါဝင်သည့် ချစ်ခြင်းမေတ္တာဘွဲ့ဇာတ်လမ်းတစ်ခုဖြစ်ကြောင်း၊ ၎င်းဇာတ်ကားတွင် မြန်မာနိုင်ငံမှမြင်တွေ့ရခဲ့သော သဘာဝရှုခင်းများကို ရိုက်ကူးထားကြောင်း သိရသည်။

**ထူးခြားသော ဝိသေသတစ်ခုဖြစ်**

တရုတ်ရွှေကြက်ရာပန်းရုပ်ရှင်ပွဲတော်ကို China Film Association (CFA) က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ၁၉၉၂ ခုနှစ်မှစတင်၍ “Golden Rooster Award” နှင့် “Hundred Flower Award” များ ချီးမြှင့်ခဲ့ကြောင်း၊ “Golden Rooster Award” သည် တရုတ်နိုင်ငံ၏အမြင့်ဆုံး Professional ဆုဖြစ်ပြီး “Hundred Flower Award” သည် ပရိသတ်အကြိုက်အများဆုံးဖြစ်သည့် ဇာတ်ကားကိုပေးအပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာမှထုတ်လုပ်သော ရုပ်ရှင်ဇာတ်ကားများကို တစ်နေရာတည်းတွင် ပြသနိုင်ခြင်းနှင့် ယင်းဇာတ်ကားထုတ်လုပ်သူများ၊ သရုပ်ဆောင်များအနေဖြင့် ၎င်းတို့၏အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးဖလှယ်နိုင်ခြင်းများသည် အဆိုပါပွဲတော်၏ ထူးခြားသော ဝိသေသတစ်ခုဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော (၁၉) ကြိမ်မြောက် တရုတ်ရွှေကြက်ရာပန်းရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ “အတိတ်၏အရိပ်”ရုပ်ရှင်ဇာတ်ကားပြသခဲ့ရာ သရုပ်ဆောင်အောင်သူရက အမျိုးသားဇာတ်ဆောင်ဆုရရှိခဲ့ကြောင်း သိရသည်။

**ကျော်စွာ(FDC)**




**“မုဒြာရဲ့ခေါ်သံ”ဇာတ်ကားမှ ရရှိသောဆုများနှင့် ပြသရန် ရွေးချယ်ခံရသော ပွဲတော်များ**

(၁) CayFilm Cayman Islands International Film Festival 2017 (Official Selection)
(၂) Mexico International Film Festival 2017 (Silver Palm Award)
(၃) Canadian Diversity Film Festival 2017 (Official Selection)
(၄) CINEBALU Kota Kinabulu International Film Festival 2017 (Official Selection)
(၅) International Student Newcomer Woman Film Festival (ISENMA) 2017 (Platinum Award)
(၆) Scalarama Film Festival UK 2017 (Official Selection)
(၇) Phnom Penh International Film Festival 2017 (Official Selection)
(၈) Kashmir International Film Festival 2018 (Official Selection)
(၉) I Filmmaker International Film Festival Marbella, Spain 2018 (Semi Finalist)

# ၂၀၁၈ ခုနှစ် စာပေဗိမာန်စာမူဆုရ စာရေးဆရာများ၏ စကားသံများ

ရန်ကုန် နိုဝင်ဘာ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသော စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ ဆုရစာရေးဆရာအချို့နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ကြေးမုံက စုစည်းဖော်ပြအပ်ပါသည်-**

**ဆရာ ထက်ခိုင်**

စေတနာလမ်းကလျှောက်ခဲ့ပါ စာမူနဲ့စာပဒေသာ ပထမဆုရခဲ့ပါတယ်။ ကျွန်တော့်ရဲ့ဘဝတစ်လျှောက်မှာ အလုပ်စတင်တာဝန်ထမ်းဆောင်တဲ့ အချိန်ကနေ ပင်စင်ယူတဲ့အချိန်အထိ လုပ်ငန်းအားလုံးကို စေတနာနဲ့ထမ်းဆောင်ခဲ့ပါတယ်။ စေတနာနဲ့လုပ်ဆောင်ခြင်းဟာ စေတနာပင်တွေကို စိုက်ပျိုးခြင်းဖြစ်ပါတယ်။ ပင်စင်ယူပြီးတော့ စေတနာအသီးအပွင့်တွေကို ခံစားရတဲ့အကြောင်းကို ခံစားရေးဖွဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူး အငြိမ်းစားဖြစ်ပါတယ်။ ဘာပဲလုပ်လုပ် စေတနာထားလုပ်ခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ ဝန်ထမ်းတိုင်းက စေတနာလမ်းကလျှောက်မယ်ဆိုရင် စေတနာအသီးအပွင့်တွေကို ခံစားရမှာ ဖြစ်ပါတယ်။

**ဆရာ ခက်လှိုင်းကျော်**

ကျွန်တော်က ညဥ့်သုံးယံခါ အလင်္ကာကဗျာများနဲ့ ကဗျာပေါင်းချုပ် ဒုတိယဆုရခဲ့ပါတယ်။ ကဗျာက ဂန္ထဝင်ကဗျာကို သုံးပိုင်း ခွဲရေးလိုက်တာပါ။ အလင်္ကာညဥ့်ဦးယံ၊ အလင်္ကာသန်းခေါင်ယံ၊ အလင်္ကာမိုးသောက်ယံဆိုပြီး ပါဝင်



ဆရာ ထက်ခိုင်



ဆရာ ခက်လှိုင်းကျော်

ပါတယ်။ ပထမအလင်္ကာညဥ့်ဦးယံမှာတော့ ပုဂံခေတ်ကနေစပြီး ကုန်းဘောင်ခေတ်အထိအောင် ရေးလာခဲ့တဲ့ ဂန္ထဝင်ရိုးရိုးတွေပေါ့။ အလင်္ကာသန်းခေါင်ယံမှာတော့ ကျွန်တော်တို့ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ရေးနေတဲ့ ရေးပုံရေးနည်းတွေပါ။ နောက်ဆုံးဖြစ်တဲ့ အလင်္ကာမိုးသောက်ယံမှာတော့ ဂန္ထဝင်ကဗျာရဲ့ versionကို ကျွန်တော်တို့ဒီကနေ့ရေးနည်းရေးပုံအသစ်တွေ၊ နိမိတ်ပုံအသစ်တွေပေါ့ဗျာ။ လက်ရှိမှာတော့ သာယာဝတီမြို့မှာ နေပါတယ်။ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း- မြင့်မောင်**

# ကသာမြို့တွင် ညအလှ သန့်ရှင်းသာယာလှပရေး လျှပ်စစ်မီးအလှဆင်တိုင်ထူ

**ကသာ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင်း ညအလှပေါ်လွင်ကာ သန့်ရှင်းသာယာလှပရေး စတီးလျှပ်စစ်မီးတိုင်တပ်ဆင်ခြင်းကို နိုဝင်ဘာ ၁၃ ရက်နေ့လယ်ပိုင်းက စတင်၍ လုပ်ဆောင်လျက်ရှိသည်။

ပထမအဆင့်အနေဖြင့် စတီးတိုင်ပေါင်း ၃၀ စိုက်ထူလျက်ရှိပြီး ဒုတိယအဆင့်အနေဖြင့် စတီးလျှပ်စစ်တိုင် ၂၀ ကို စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

ကသာမြို့တွင်း လျှပ်စစ်မီးအလှဆင်တိုင် စိုက်ထူခြင်းကို ဆောင်ရွက်ရာ ငါးနှစ်သက်တမ်းရှိအာမခံ ချက်ဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် မြေအောက်ပိုက်လိုင်းများဖြင့် လုပ်ဆောင်ပေးနေလျက်ရှိကြောင်း နေပြည်တော်အခြေစိုက် Krislite Co, Ltd မှ အင်ဂျင်နီယာ ကိုလွင်မင်းဦး ပြောကြားသည်။

**ငွေအိုး(ကသာ)**



နိုဝင်ဘာ ၁၃ ရက်တွင် ဂန့်ဂေါမြို့နယ် စိုင်ဒူးရွာ အလက၌ မြို့မရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူး လှမောင်နှင့်အဖွဲ့က မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ **စိန်ကျော်**

# ကျား၊ မ အခြေပြု အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ မှန်ကန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေး

**တောင်ကြီး နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က ကျား၊ မ အခြေပြုအကြမ်းဖက်မှု (Gender-based Violence- GBV)နှင့်စပ်လျဉ်း၍ ကောင်းမွန်မှန်ကန်စွာ တုံ့ပြန် ဆောင်ရွက် နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဇော်ခင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးရန်ကုန်(UNODC)မှ တရားဥပဒေစိုးမိုးရေးကျွမ်းကျင်သူအရာရှိ(ရဲမှူးချုပ်ငြိမ်း) ဦးစိုးမြင့်က အလုပ်ရုံဆွေးနွေးပွဲများမှ တစ်ဆင့် ရှေ့တန်းတရားဥပဒေစိုးမိုးရေးတာဝန်ယူရသည့် ရဲတပ်ဖွဲ့ဝင်များက GBV ကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ကြစေရန် စွမ်းဆောင်ရည်များ တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများသည် GBV ကို ကာကွယ်တားဆီးရန်၊ တုံ့ပြန်နိုင်ရန်အတွက် ရဲတပ်ဖွဲ့စွမ်းရည်ကို ရှေ့သို့ တိုးတက်စေသည့်အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲစခန်းများမှ ရဲအရာရှိ ၁၀၀ ခန့်က အလုပ်ရုံဆွေးနွေးပွဲ သင်တန်းပို့ချသည့် ဆရာ၊ ဆရာမ သုံးဦးနှင့် အပြန်အလှန်ဆွေးနွေးကြကာ သင်တန်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လှိုင်ကော်မြို့တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ဖွင့်

**လှိုင်ကော် နိုဝင်ဘာ ၁၅**

ကယားပြည်နယ် လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၁) ကယားရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၁၈)နှင့်အခြေခံသိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် စနာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားကာ အခမ်းအနားတက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်း ခေတ်မီဒီဇိုင်းလက်ရာများကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၀၊ ကယားရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး နှင့် အခြေခံသိုးမွေးစက်ဆွဲသင်တန်းသူ ငါးဦး တက်ရောက်ကြမည် ဖြစ်သည်။

**လှိုင်ကော်သား**

## တောင်ပံကစားသမား ဂျာဒန်ဆန်ချို လာမယ့်နွေရာသီမှာ ဒေါ့မွန်မှ ထွက်ခွာမည်

တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ ဥရောပရဲ့ ထိပ်တန်းအဆင့်ရှိ အသင်းတွေကခေါ်ယူဖို့ စီစဉ်နေတာကြောင့် လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ လက်ရှိကလပ် ဒေါ့မွန်အသင်းမှ ထွက်ခွာမယ်လို့ သိရပါတယ်။

ဆန်ချိုဟာ လာမယ့်နွေရာသီကာလမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်လို့ ပရီမီယာလိဂ်ထိပ်တန်းကလပ် လီဗာပူးအသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ အင်္ဂလန်လူငယ်ကစားသမား ဆန်ချိုဟာ ၂၀၁၇ ခုနှစ်က မန်စီးတီးအသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဥရောပရဲ့ စိတ်ဝင်စားမှုအခံရဆုံး လူငယ်ကစားသမားတစ်ဦးဖြစ်လာတဲ့အပြင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ အရေးပါဆုံးကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

ဒေါ့မွန်အသင်းအနေနဲ့ ကစားသမားကိုယ်တိုင်က ထွက်ခွာဖို့ဆန္ဒရှိနေရင် ပြောင်းရွှေ့ကြေးပေါင် ၁၀၀ ကျော်နဲ့ ရောင်းချသွားမယ်လို့ ပြောကြားထားတာဖြစ်ပါတယ်။ အဲဒါကြောင့် ပရီမီယာလိဂ် ကလပ်မန်ယူအသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူဖို့ ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကတည်းက ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတာဖြစ်ပါတယ်။

လက်ရှိမှာတော့ လီဗာပူးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ကလည်း ဆန်ချိုကို ခေါ်ယူမယ့်အသင်းတွေထဲမှာ ပါဝင်လာခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ ဂျာဒန်ဆန်ချို မန်စီးတီးအသင်းမှ ထွက်ခွာမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်စဉ်ကတည်းက ခေါ်ယူဖို့ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။






## ချယ်လ်ဆီးအသင်းနဲ့ စာချုပ်သက်တမ်းကုန်တော့မယ့် ဝီလီယံကို ဂျူဗင်တပ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ခေါ်ယူဖို့ပစ်မှတ်ထားနေ

ချယ်လ်ဆီးအသင်းရဲ့ တောင်ပံကစားသမား ဝီလီယံဟာ လာမယ့်နွေရာသီမှာ စတမ်းဖို့ဒ် ဘရစ်ချ်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ကုန်ဆုံးတော့မှာဖြစ်တာကြောင့် ဥရောပရဲ့ အင်အားကြီးအသင်းနှစ်သင်းဖြစ်တဲ့ ဂျူဗင်တပ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ဂျူဗင်တပ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ ဝီလီယံကို ခေါ်ယူနိုင်ဖို့အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်ကို ကြိုတင်ချုပ်ဆိုဖို့လည်း စီစဉ်နေတယ်လို့ ဆိုပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်ကတော့ အသင်းအတွက် အားထားရတဲ့ ဝီလီယံကို စာချုပ်သစ်ချုပ်ဆိုဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ တစ်ပတ်ကခရစ္စတယ်ပဲလေ့ အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဝီလီယံဟာ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အကောင်းဆုံးကစားနိုင်ခဲ့လို့လည်း အသက်အရွယ် ၃၁ နှစ်ရှိပြီဖြစ်ပေမယ့် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း နည်းပြဖရန့်လမ်းပတ်က အသိအမှတ်ပြုထားတာဖြစ်ပါတယ်။

ဝီလီယံဟာ ၂၀၁၃ ခုနှစ်က ရုရှားကလပ် အန်ဇီအသင်းကနေ ချယ်လ်ဆီးအသင်းကို ရောက်ရှိလာတာဖြစ်ပြီး အဲဒီအချိန်ကစလို့ အခုအချိန်အထိ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား တစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်နဲ့ ယူရိုပါလိဂ်ဖလား တစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်-စုစည်းသည်

## အနုပညာ


### ဘေလီအဲလစ်ရှ်၏ တေးသီချင်းသစ် Everything I Wanted

ကမ္ဘာကျော် တေးသံရှင်တစ်ဦးဖြစ်သူ ဘေလီအဲလစ်ရှ်ဟာ လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါတေးသီချင်းဟာ Everything I Wanted လို့ အမည်ရပြီး နိုဝင်ဘာ ၁၃ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်တယ်လို့ ဂလိုဘယ်နယူးစ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Everything I Wanted ဟာ အသက် ၁၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘေလီအဲလစ်ရှ်ရဲ့ ပွဲဦးထွက်တစ်ကိုယ်တော် တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတွေကို ထုတ်လွှင့်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ထုတ်လွှင့်လိုက်တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းမဟုတ်ဘဲ စင်ဂယ်တေးသီချင်းတစ်ပုဒ်ဖြစ်တယ်လို့လည်း သိရပါတယ်။

Everything I Wanted ကို တေးသံရှင်က သူ့ရဲ့ အစ်ကိုဖြစ်သူနဲ့အတူ တွဲဖက်ရေးသားထားတာဖြစ်ပြီး ရိုးလင်းစတုန်းရဲ့ ဖော်ပြချက်အရ အဆိုပါတေးသီချင်းဟာ ဘေလီအဲလစ်ရှ်ရဲ့ အစ်ကိုဖြစ်သူကို ရည်ရွယ်ရေးသားတာဖြစ်တယ်လို့လည်း သိရပါတယ်။





### တေးသီချင်းသစ် ထုတ်လွှင့်ခဲ့တဲ့ ကမ်မီလာကပ်ဘဲလို

ပေါ့ပ်ကြယ်ပွင့် ကမ်မီလာကပ်ဘဲလိုဟာ လတ်တလောမှာ သူ့ရဲ့ တေးသီချင်းသစ် Living Proof ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ ဒီတေးသီချင်းသစ်ဟာ ကမ်မီလာကပ်ဘဲလိုရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်သွားမယ့် တေးသီချင်းတစ်ပုဒ်လည်းဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၁၄ ရက်မှာ ကမ်မီလာကပ်ဘဲလိုက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေးအယ်လ်ဘမ်သစ် Romance အတွက် ကြိုတင်မှာယူနိုင်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့အပြင် ဒီတေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Living Proof ကိုလည်း တေးဗီဒီယိုမပါဘဲ ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။

Living Proof ကို သူကြိုက်နှစ်သက်သကဲ့သို့ ပရိသတ်တွေလည်း နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်မိကြောင်းလည်း ကမ်မီလာကပ်ဘဲလိုက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီတေးသီချင်းဟာ အချစ်ဇာတ်လမ်းတစ်ခုအကြောင်း ရေးသားပုံဖော်ထားတာဖြစ်ပြီး ဒါဟာ ကမ်မီလာနဲ့ ဆွမ်မန်းဒပ်စ်တို့ရဲ့ အချစ်ဇာတ်လမ်းလည်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ကမ်မီလာကပ်ဘဲလိုရဲ့ တေးအယ်လ်ဘမ်သစ် Romance ကို လာမယ့် ဒီဇင်ဘာ ၆ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



သီတင်းပတ်အကုန်က စင်ကာပူမှာ KAMP Global က ပြုလုပ်ခဲ့တဲ့ ပထမဆုံးသော multi-artist K-pop Music Festival ကို တက်ရောက်လာတဲ့ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ Super Junior ။



### Cats မှာ ပါဝင်တဲ့ တေလာဆွစ်ရဲ့ တေးသီချင်း ထုတ်လွှင့်

တေးဂီတအသားပေးရုပ်ရှင်ဖြစ်တဲ့ Cats အတွက် အစမ်းရုပ်ရှင်ကို ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ထုတ်လွှင့်ခဲ့ပါတယ်။ လတ်တလောမှာတော့ အဆိုပါရုပ်ရှင်မှာ ပါဝင်တဲ့ တေလာဆွစ်သီဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ပေးခဲ့ကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ထုတ်လွှင့်ပေးခဲ့တဲ့ တေးသီချင်းဟာ Beautiful Ghosts လို့ အမည်ရပါတယ်။ ဒီတေးသီချင်းကို တေလာဆွစ်နဲ့ အန်ဒရူးလွိုက်ဝက်ဘာတို့ တွဲဖက်ရေးသားထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီတေးသီချင်းကို တေလာဆွစ်က သီဆိုထားတာဖြစ်ပေမယ့် Cats ရုပ်ရှင်မှာတော့ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဖရန်ချက်စကာဟေဝက်ဒ်က ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။

Cats ကို လာမယ့် ဒီဇင်ဘာ ၂၀ မှာ စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ စနေ၊ တနင်္ဂနွေနေ့များတွင် ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ အောက်တိုဘာလမှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖျော်ဖြေရေးအစီအစဉ်များ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့် တိုင်းရင်းသားရိုးရာအဆို၊ အက၊ အလှများအပြင် မျက်လှည့်ဖျော်ဖြေမှုများကိုပါ နံနက်ပိုင်းတွင် တစ်ကြိမ် ညနေပိုင်းတွင် တစ်ကြိမ် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သရက်ခရိုင် ကလေးစာပေပွဲတော်အကြို စကားသံများ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်း၍ ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ သရက်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်မည်ဖြစ်ရာ ပွဲတော်ကျင်းပပေးခြင်းနှင့် ပတ်သက်၍ အကြိုဝမ်းသာပီတိရင်တွင်းစကားသံများကို တာဝန်ယူဆောင်ရွက်ရသူများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။


ဦးမျိုးကျော်ကျော်


ဒေါ်ခင်လေးရီ


မသွန်းနေခြည်ထက်

**ဦးမျိုးကျော်ကျော် (မြို့နယ်အုပ်ချုပ်ရေးမှူး)**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**သရက်မြို့**

ကလေးတွေ ငယ်စဉ်ကတည်းကစလို့ ပျော်ရွှင်မှုတွေနဲ့အတူ စာပေဝါသနာထုံပြီး အသိပညာဗဟုသုတတွေ ရရှိလာမှာဖြစ်ပါတယ်။ ဒီပွဲတော်ကစလို့ကလေးများ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်လေးတွေ ရရှိပြီးတော့ နောင်အနာဂတ်အတွက် နိုင်ငံ့သားကောင်းတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ကလေးတွေလည်း ဒီပွဲတော်မှာ ပျော်ရွှင်စွာလာရောက်ဆင်နွှဲမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်ခင်လေးရီ (တာဝန်ခံကျောင်းအုပ်)**
**အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊**
**သရက်မြို့**

ကျွန်မတို့ကျောင်းမှာ အခုလို ကလေးစာပေပွဲတော်ကျင်းပခွင့်ရလို့ ဝမ်းသာပါတယ်။ ပွဲတော်မှာ စာအုပ်စာပေတွေအပြင် ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းတွေ၊ အားကစားပြိုင်ပွဲတွေ ထည့်သွင်းထားတဲ့အတွက် မြို့နယ်အတွင်းမှာရှိတဲ့ ကလေးတွေ ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ကလေးတွေအချင်းချင်း ချစ်ခင်ရင်းနှီးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခွင့်ရမှာဖြစ်လို့ ပွဲတော်ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**မသွန်းနေခြည်ထက်**
**သတ္တမတန်း(က)၊ အထက(၁ )၊ သရက်မြို့**

ကလေးစာပေပွဲတော်မှာ ကဗျာပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနဲ့ အားကစားပြိုင်ပွဲ စတဲ့ပြိုင်ပွဲတွေမှာ ပျော်ရွှင်စွာနဲ့ ပါဝင်ဆင်နွှဲခွင့်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စာအုပ်စာပေများလည်း ဈေးနှုန်းချိုသာစွာ ဝယ်ယူ ဖတ်ရှုနိုင်မှာဖြစ်လို့ ဝမ်းသာမိပါတယ်။

**သတင်း၊ဓာတ်ပုံ– ဝေဖြိုးလေး(ပြန်/ဆက်)၊ ချင်းကလေး(မင်းတုန်း)**

## ကလေးအလုပ်သမားပပျောက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ဒီးမော့ဆို နိုဝင်ဘာ ၁၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဌာနဆိုင်ရာများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးခြင်းကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ဒီးမော့ဆိုမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်၊ ပြည်နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းလဲ့လဲ့ရည်၊ မြို့နယ်ပညာရေးမှူး ဒေါ်နော်အယ်ဖော၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန္တာဆွေဆွေကျော်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြဲရယ်တို့က ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ်ဥပဒေအကြောင်းအရာ သိမှတ်ဖွယ်ရာများ၊ ကလေးသူငယ်များအတွက် ပညာရေး အခန်းကဏ္ဍများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ချက်များ စသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက မေးမြန်းချက်အပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

ထို့ပြင်ပြည်နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှဆွေးနွေးပွဲသို့တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများအားကလေး အလုပ်သမားပပျောက်ရေးနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကြီးဒဲရယ်**

သတင်းစုံကဏ္ဍ

## မှုခင်းလျှော့နည်းကျဆင်းရေး ပညာပေးဟောပြော

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့မရဲစခန်းမှူး ဒုရဲမှူးအေးဇော်သည် နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက ပွင့်ဖြူမြို့နယ် ကုလားဟောင်းကျေးရွာ ရွာလယ်ဓမ္မာရုံတွင် သက်ငယ်မုဒိမ်းမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကို ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ရန်ကုန်**

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းဦးသည် နိုဝင်ဘာ ၁၃ ရက် ည ၇ နာရီက သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာနယ်မြေ (၁၅) ဓမ္မာရုံတွင် ကျေးရွာပြည်သူများကို မှုခင်းအသိပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်နိုင် (သန်လျင်)**

## ဆပ်ပြာပြုလုပ်ခြင်းသင်တန်းဖွင့်

**ကျောက်တန်း**

ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာပြုလုပ်ခြင်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်က အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် ကျေးလက်ဦးစီးမှူးတို့က သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး ဆရာမဒေါ်စန်းစန်းနွဲ့နှင့်ဒေါ်ခင်စန်းရီတို့က ဆပ်ပြာပြုလုပ်ခြင်းကို လက်တွေ့ပြသသင်ကြားပေးကြောင်းသိရသည်။

**စိုးဝင်း (ကျောက်တန်း)**


နိုဝင်ဘာ ၁၂ ရက် ည ၇ နာရီက ရန်ကင်းမြို့နယ် အမှတ် ၁၁ ရပ်ကွက် မိုးကောင်းဒေဝကျောင်းတိုက်အတွင်း၌ ရန်ကင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်ဦး မှုခင်းများမဖြစ်ပွားစေရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးဟောပြောစဉ်။

သန်းမောင်(ရန်ကင်း)


ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်းနေပြည်တော်၏ ဒုတိယအကြိမ် သူနာပြုသားဖွားဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်က မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန–၂ တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းလင်းက သူနာပြုသားဖွားဒီပလိုမာ သင်တန်းအောင်မြင်သူ ၅၈ ဦးအား အောင်လက်မှတ်များပေးအပ်စဉ်။

**တင်ထွန်းတာ(တပ်ကုန်း)**

## တိုးမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်များပြောင်းရွှေ့

**ဒေးဒရဲ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စက်ကုန်းကျေးရွာတွင် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက တိုးမြစ်ကမ်းပါး ပြိုကျသွားခြင်းကြောင့် လူနေအိမ်များ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

တိုးမြစ်ကမ်းပါး ပြိုကျသွားခြင်းကြောင့် အလျားပေ ၁၂၀၊ အနံပေ ၈၀ ခန့် မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ပြီး သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လူနေအိမ်နှစ်လုံးနှင့် သွပ်မိုး၊ ကျောက်ပြားကာ၊ ပျဉ်ခင်း လူနေအိမ်တစ်လုံး စုစုပေါင်း လူနေ အိမ်သုံးလုံးကို ဖြိုဖျက်ကာ မိသားစုဝင်များအား ဆွေမျိုးများ ထံသို့ ပြောင်းရွှေ့ နေရာချထားခဲ့သည်။

အဆိုပါ မြေပြိုကျသည့်နေရာသို့မြို့နယ်အုပ်ချုပ်ရေးမှူးဦးထက်မြတ်အောင်၊ မီးသတ်ဦးစီးမှူးဦးတင်ဌေးနှင့် အဖွဲ့များ သွားရောက်၍ လိုအပ်သည် များကို မှာကြားခဲ့ပြီး မိသားစုဝင်များ အတွက် လိုအပ်သော ထောက်ပံ့မှုများ ရရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြင့်မြင့်ခိုင် (ပြန်/ဆက်)**










## ဝယ်မည်/ငှားမည်

ကျန်စစ်သားအိမ်ရာ (လှိုင်သာယာမြို့နယ်) တိုက်ခန်းများ ဝယ်ယူလိုပါသည်။ ငှားလိုပါသည်။

**ဆက်သွယ်ရန်– 09793900805**


## ပျောက်ဆုံးကြောင်း

ကျွန်မ ခင်သန်းယဉ်[၁၁/စတန (နိုင်) ၁၀၅၄၂၄]၏ နိုင်ငံကူးလက်မှတ် စာအုပ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၆၀၁၇၇၀၈

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၁၉ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ဒေါ်မြင့်မြင့်သန်း+၂၏အရောင်းမြေပုံကူးတွင် မြေကွက်လိပ်စာ(၉၃)၊ကိုက်ဝိုင်းဘုရားလမ်း၊(၃)ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊တလင်းကုန်းကျေးရွာ၊အထက(တလင်း ကုန်း)၊ အဌမတန်းမှ မောင်ဇော်လေး၏ ဖခင်အမည်မှန်မှာ ဦးသူရ(၉/ကပတ (နိုင်)၁၅၆၈၉၇)ဖြစ်ပါသည်။ **ဦးသူရ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၃၁/က) မြေကွက်တည်နေရာအမှတ်(၉၃၁/ က)၊ (၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးသန်းရွှေ (N/OKA-041978) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းရွှေ (N/OKA-041978) ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၄၆၉၀/၀၇(၁-၁-၀၈) ဖြင့် ရရှိသူ ဒေါ်အေးအေးမွန် (၁၂/ဥကတ (နိုင်)၁၅၀၉၁၈)မှ ပိုင်ဆိုင်ကြောင်း စာချုပ်မိတ္တူမှန်ကို တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းကြိုင် | ၁၄/ဒဂမ(နိုင်)၂၃၅၈၉၃ | ၂၉၂ နတ်သျှင်နောင်လမ်း ၃၅-စီပြရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၅ | ၂၉၂ | ဦးထွန်းညွှန့် |
| ၂ | ဒေါ်အေးသက်သက်နိုင် | ၁၂/ဗဟန(နိုင်)၀၉၄၃၉၂၈ | ၁၄၅၆ ဇံမ္ဗူသိင်္ဂိလမ်း ၄၆-ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၆ | ၁၄၅၆ | ဦးတင်ထွတ် |
| ၃ | ဦးကျော်သက်နိုင်+၁ | ၁၂/အစန(နိုင်)၁၀၅၂၈၂ | ၂၃၊ သခင်အုန်းမြေကြီးလမ်းနှင့်အေးသာယာ(၁)လမ်းထောင့်၄၂-ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၂-တိုးချဲ့ | ၂၃ | ဦးကျော်တင့် |
| ၄ | နော်မြင့်မြင့်မိုး | ၁၂/မရက(နိုင်)၁၂၀၂၅၄ | ၁၀၊ ဦးဘသို(တွင်းပိုင်း) ၂-ရပ်ကွက် မရမ်းကုန်း | ၁၂/သမိုင်း | ၂ ၄/ဃ | ညီမောင်အရှားသားကျွတ် ဦးသိုးဦး |
| ၅ | ဒေါ်အေးခိုင်ဝင်း | ၉/ဝမန(နိုင်)၀၀၀၀၇၂ | ၈၀၊ အာဇာနည်လမ်း ၅-ရပ်ကွက် မရမ်းကုန်း | ၄၁၄/A ကျောက်ရေတွင်း | ၈၀/စ | ဦးသိုးနွယ် |
| ၆ | ဦးဇော်မင်းဦး | ၇/ပတန(နိုင်)၀၈၄၂၁၆ | ၅၆၅/ခ ဗညားဒလလမ်း ၄၇-ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၇ | ၅၆၅ | ဦးမြင့်လွင် |
| ၇ | ဒေါ်အေးအေးမော | ၇/ပတန(နိုင်)၀၈၇၃၃၈ | ၅၆၅/က ဗညားဒလလမ်း ၄၇-ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၇ | ၅၆၅ | ဦးမြင့်လွင် |
| ၈ | ဦးစန်းမြင့်+၄ | ၁၂/ဥကတ(နိုင်)၀၄၀၆၁၀၉ | ၅၂ ကြာပဒုမ္မာလမ်း ၃-ရပ်ကွက် တောင်ဥက္ကလာပ | ၃ | ၅၂ | ဒေါ်တင်လှ၊ ဦးမောင်လေး |
| ၉ | ဦးစန်းဝင်း | ၁၂/မှကန(နိုင်)၀၁၅၉၄၂ | ၁၉၀/ခ ဖော်ဂျီလမ်း ၆-ရပ်ကွက် ရွှေပြည်သာ | ၂၀ | ၁၉၀/ခ | ဒေါ်သန်းကြည် |
| ၁၀ | ဒေါ်လှမြင့်ကြည် | ၈/နမန(နိုင်)၀၆၀၀၉၉ | ၈၅၃၊ ခရေလမ်း၊ အလယ်ကျေးရွာအုပ်စု လှိုင်သာယာ | ရလပ(မ)၂၂ | ၈၅၃ | ဗိုလ်ကြီးတင်းကျော် |
| ၁၁ | ဦးမင်းသူ | ၁/မကန(နိုင်)၁၃၈၆၂၂ | ၁၉၇၊ နရာပတီလမ်းသွယ်(၁)လမ်း ၆၆-ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) | ၆၆ | ၁၉၇ | ဦးရန်မိုးလျှန်(ခ)ယန်မော်လွှဲ |
| ၁၂ | ဦးမြင့်ဇော်လတ် | ၁၂/ကမရ(နိုင်)၀၇၅၄၄၆ | ၁၃၄/က ငုဝါလမ်း ၁၅-ရပ်ကွက် လှိုင်သာယာ | သကမ-၁၄ | ၁၃၄/က | ဦးလှဝင်း |
| ၁၃ | ဒေါ်စန်းစန်းမြင့် | ၅/သရန(နိုင်)၁၁၃၂၈၃ | ၆၆၈ လှိုင်ရာကနာလမ်း ၁၂-ရပ်ကွက် လှိုင်သာယာ | သကမ-၅ | ၆၆၈ | ဦးညိုလွင် |
| ၁၄ | ဒေါ်ခင်လှဲလှဲ | ၁၂/ဥကတ(နိုင်)၁၂၀၂၄၄ | ၁၂၁၁/က တောင်ငူလမ်း ၁၆-ရပ်ကွက် လှိုင်သာယာ | သကမ-၁၃ | ၁၂၁၁/က | ဒေါ်စိန်စိန် |
| ၁၅ | ဦးဝင်းဇော် | ၁၄/ဇလန(နိုင်)၀၉၇၀၇၅ | ၃၉၀ မင်းဘူးလမ်းနှင့်စစ်တွေလမ်းထောင့် ၉-ရပ်ကွက် လှိုင်သာယာ | သကမ-၆ | ၃၉၀ | ဦးမြင့်ဦး |
| ၁၆ | ဒေါ်ရွှေရီ | ၁၄/မမန(နိုင်)၁၄၂၃၇၂ | ၅၇၀ ကျွန်းစစ်သားလမ်း ၁၅-ရပ်ကွက် လှိုင်သာယာ | သကမ-၁၄ | ၅၇၀ | ဦးမြင့်အေး |
| ၁၇ | ဦးထွန်းထွန်းဝင်း | ၁၂/လသယ(နိုင်)၀၄၈၀၁၈ | ၆၀၉/ခ ယုဇနလမ်း ၇-ရပ်ကွက် လှိုင်သာယာ | သကတ-၁ | ၆၀၉/ခ | ဦးဝင်းမြင့် |
| ၁၈ | ဒေါ်နိုင်နိုင်ဇော် | ၁၂/အစန(နိုင်)၀၁၁၃၅၉ | ၃၁၁/ခ အောင်မင်းခေါင်(၁)လမ်း ၇-ရပ်ကွက် လှိုင်သာယာ | ဆောင်ကြီး-၂ | ၃၁၁/ခ | ဦးလှရွှေ |
| ၁၉ | ဒေါ်မိုးမိုး | ၁၄/ဘကလ(နိုင်)၂၂၄၅၉၉ | ၂၉၀ ဦးစိုးလှိုင်လမ်းသွယ် ၁၄-ရပ်ကွက် လှိုင်သာယာ | သကမ-၇ | ၂၉၀ | ဦးထန်ထွန်း |
| ၂၀ | ဒေါ်တိုးအိ | ၅/အရတ(နိုင်)၀၈၃၂၉၄ | ၈၂၀/ခ မေယုလမ်း ၇-ရပ်ကွက် လှိုင်သာယာ | သကတ-၂ | ၈၂၀/ခ | ဒေါ်ရင်မြင့် |
| ၂၁ | ဒေါ်ငွေငွေရီ | ၁၄/ဘကလ(နိုင်)၀၂၄၅၁၁ | ၅၁၀/ခ တောင်ငူလမ်း ၁၅-ရပ်ကွက် လှိုင်သာယာ | သကမ-၁၄ | ၅၁၀/ခ | ဦးသာမြတ် |

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့မှ အဖ ဦးပေါက်စ [၁၄/ရကန(နိုင်)၀၅၉၀၇၈] ၏သား မောင်ရဲရင့် [၁၄/ငသခ(နိုင်)၀၃၃၇၅၈]၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၆-၂၀၀၃) ဖြစ်ပါသည်။


## တိုက်ခန်းရောင်းမည်

တာမွေ၊ ၁၆၅-လမ်း၊ မြေညီထပ်၊ 17'x68' အမြင့် 12' ကြွေပြားအပြည့်ခင်း၊ ဒုထပ် 17'x68' အခန်း ၂-ခန်းဖွဲ့ပြီး (ရေ၊ မီး စုံ)

**Ph:09-5069870, 09-5070724**

## သင့်သွေးဖြင့်အသက်ကယ်ပါ

Win & San Diamonds and Fine Jewelry
CKC JEWELRY

"Win & San Diamonds and Fine Jewelry" မိသားစုမှ ဖိတ်ကြားအပ်ပါသည်။

Win & San's Founder အဌမမဟာသီရိသုဓမ္မသိင်္ဂီ Dr. ဒေါ်ခင်းခင်း၏ " မွေးနေ့အထိမ်းအမှတ် " နှင့်အတူ
Win & San Diamonds and Fine Jewelry 36rd Year's Anniversary အထိမ်းအမှတ်

" စိန်ထည် နှင့် လက်ဝတ်ရတနာ အထူးအရောင်းပြပွဲကြီး "

(၁၀)သိန်းမှ စ၍ စိန်ထည်များကို ဝယ်ယူရရှိနိုင်ပါကြောင်း
ရပ်နီးရပ်ဝေးမှ မိတ်ဟောင်းမိတ်သစ်များအားလုံးကို သတင်းကောင်းပါးအပ်ပါသည်။

Promotion (၃)ရက်အတွင်း ဝယ်ယူထားသော မည်သည့်စိန်ထည်ပစ္စည်းကိုမဆိုပြန်လဲလျှင် - 0% ၊ ပြန်သွင်းလျှင် - 5%ဖြင့် အချိန်မရွေးလက်ခံပေးသွားပါမည်။

- နေ့ရက် ။ ၁၅/၁၆/၁၇-၁၁-၂၀၁၉ (သောကြာ၊ စနေ၊ တနင်္ဂနွေနေ့)
- အချိန် ။ နံနက် (၉း၀၀) နာရီ မှ ညနေ (၆း၀၀) နာရီအထိ၊
- နေရာ ။ Win & San Diamonds and Fine Jewelry အမှတ် ၃၆(ဗီ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊

HRD GIA

အထူး အစီအစဉ်
စိန်ထည်ပစ္စည်းများကို 15% မှ 25% ထိလျှော့ချပေးခြင်း၊ GIA , HRD စိန်ပွင့်များကို 15% မှ 30% ထိလျှော့ချပေးခြင်း၊
လက်ထပ်လက်စွပ်၊ ခင်ပွန်းလက်စွပ် နှင့် စုံတွဲလက်စွပ်များကို တစ်ကွင်းဝယ်ယူလျှင် နောက်ထပ်တစ်ကွင်းကို 40% လျှော့ချပေးခြင်း။

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် တဆက(ဆေးမဲ့င်း) ၂၁၄/၀၆၁၁
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တစ်ဆင့်တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594
GENEVA GOLD STAR FOR QUALITY
LONDON QUALITY CROWN QC 100

Southern Ocean
Southern Ocean Co., Ltd.
White Elephant
GLASSWOOL Promotion
NEW (LIGHT) CEILING BOARD (ပစ္စည်းအသစ်)
- ကျောက်ပြားထက်ပေါ့၍ ကျောက်ပြားထက်ခိုင်ခံ့။
- တစ်ချပ်ချင်းစီကွဲ တစ်ချပ်လဲလှယ်၍ရ။
- ဆေးသုတ်စရာမလို။
- ညစ်ပေပါက ရေဆိုနိုင်းသုတ်လျှင် အသစ်အတိုင်းပြန်ဖြစ်။
Southern Ocean မှရောင်းချမှုရှိသော
FRAMES & T-BAR
များသည် အခြားသော ၂ ပေဟတ်လည်
ကျောက်ပြားများ နှင့် တွဲဖက်၍
တပ်ဆင်အသုံးပြုနိုင်ပါသည်။
110V~240V
110V~240V အထိသာ အသုံးပြု၍ ရသည်။
No.238, 1st Street (North), East Gyo Gone, Insein Township, Yangon, Myanmar.
☎ : 01 642986, 📱: 09 791828141, 中文服務 09 5089780
Website: www.soocean.com Email: jk@soocean.com

## OMUKကုန်အမှတ်တံဆိပ်ဆင်တူယိုးမှားအသုံးပြုနေခြင်းအား အသိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ [illegible] အမှတ်(၁၂)တွင် တည်ရှိသော OMUK Co.,Ltd ကိုရီးယား [illegible] Ms. Choi Jung Hee နိုင်ငံကူးလက်မှတ်အမှတ်- M 73795958 ကိုင်ဆောင်သူက ရန်ကုန်မြို့ [illegible] အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်အမှတ်(၄/ ၂၇၂၄၃) မှတ်ပုံတင်အမှတ် (၄/ ၂၇၂၄၄) ရက်စွဲ (၂၄-၁၀-၂၀၁၉) မှတ်ပုံတင်အမှတ် (၄/ ၁၉၇၇) ရက်စွဲ (၁၃-၂-၂၀၁၈) မှတ်ပုံတင်အမှတ် (၄/ ၈၅၈၁) ရက်စွဲ (၃၁-၇-၂၀၁၈) နှင့် မှတ်ပုံတင်အမှတ် (၄/ ၈၅၈၅) ရက်စွဲ (၃၁-၇-၂၀၁၈) မှတ်ပုံတင်အမှတ် (၄/ ၂၁၁၈၆) ရက်စွဲ (၃-၆-၂၀၁၉) မှတ်ပုံတင်အမှတ် (၄/ ၂၁၁၈၇) ရက်စွဲ (၃-၆-၂၀၁၉)တို့အရ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းတွင် [illegible] [illegible] ကုန်အမှတ်တံဆိပ်[illegible] Global New Light of Myanmar [illegible] ကြေညာခဲ့ပြီးဖြစ်ပါသည်။ ကျွန်မ Ms. Choi Jung Hee အနေဖြင့် [illegible] ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

OMUK
Myanmar Reg. No.4/27244/2019 (24/10/2019)
Myanmar Reg. No.4/27243/2019 (24/10/2019)
Myanmar Reg. No.4/8585/2018(31/7/2018)
Myanmar Reg. No.4/1975/2018 (13/2/2018)
Korean Restaurant
Myanmar Reg. No.4/21187/2019 (3/6/2019)
Myanmar Reg. No.4/21186/2019(3/6/2019)

Ms. Choi Jung Hee
Managing Director
OMUK Co.,Ltd.
09-960889559, 09776301991

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်းမ၊ ၅၁လမ်းနှင့်၅၂လမ်းကြား၊ အမှတ် - (၃၅/၁၀၃)၊ (၈) ထပ်တိုက် အဆောက်အဦး၏ အခန်းအမှတ် (၅၀၃) ဆဋ္ဌမထပ် (ဝဲဘက်ခန်း) အကျယ် (၁၆ ½ ပေ × ၄၅ ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါ တိုက်ခန်းအား လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း နှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ - ဦးစိုးလှဦး (၁၂/ဗဟတ(နိုင်)၀၀၀၁၇၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါတိုက်ခန်းကို ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှ ( ၇ ) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်သည့်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်လွင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၀၄)
အမှတ် - ၅၅၊ ဒုတိယထပ်၊ အခန်း (၁၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၆၅၇၆၂

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆(အေ)၊ လူနေရပ်ကွက်အမှတ်-ကုန်းဘောင်ရပ်ကွက်၊ မြေကွက်အမှတ်(၇၆)ဟုခေါ်တွင်သော ပေ ၁၃၂/၁၂၅ x ပေ ၆၀ အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်အား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာချက်

အထက်ဖော်ပြပါ နှစ်(၆၀)ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဒေါ်ဝတ်မှုံထွန်း [၁၂/ကမန(နိုင်)၀၉၆၄၀၇]မှ လက်ရှိတရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန် အခွင့်အရေးရှိသူများမှ ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းသတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မို့မို့သက်ထား (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၀)
ဖုန်းနံပါတ်-၀၉-၄၂၀၁၁၆၃၈၅
အမှတ်-၈၉၇၊ ဗိုလ်လင်းယုန်လမ်း၊ ၁၂-ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့

## ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)

ကြည်း–12534

OTS–45

ဇော်ဝင်းကုန်း–သူရဲကောင်းမှတ်တမ်းဝင်

### အသက်(၇၀) (မြိတ်)

ရေစကြိုမြို့နေ (ဦးတင်မောင်)–ဒေါ်ခင်မေတို့၏ သားကြီး၊ မြိတ်မြို့နေ ဒေါ်ခင်လေးရီ၏ ခင်ပွန်း၊ Engr ဦးအောင်တင်ဝင်း (ATW Construction Engineering Group Co.,Ltd.)–ဒေါ်သဇင်ဇော်ဝင်း၊ ဒုဗိုလ်မှူးကြီးမြတ်မင်း–ဒေါ်သပြေဇော်ဝင်း၊ ဦးစည်သူကျော် (Project–Manager)–ဒေါ်အင်ကြင်းဇော်ဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဗိုလ်မှူးဇော်ဝင်း(ငြိမ်း) OTS–45 သည် ၁၂–၁၁–၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၁၁–၂၀၁၉ ရက်နေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈–၁၁–၂၀၁၉ ရက်တွင် နန်းသဇင်ဧည့်ရိပ်သာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုဖြိုးဇာနည်စိမ်း (Ocean Tankers)

(TTC ကျောင်းသားဟောင်း) 1997 Batch

### အသက် (၄၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၇၃ ဘီ–၁)နေ [ဦးကျင်တိတ်–ဒေါ်သိန်းကွန့်(ခ)ဒေါ်လုံး] တို့၏ မြေး၊ (ဦးကျင်စိန်း)–ဒေါ်သန်းသန်းဦးတို့၏ သားကြီး၊ ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့နေ ဦးထွန်းသန်း–(ဒေါ်ခင်ဝင်းကြည်) (ရတနာစိန်ရွှေဆိုင်နှင့် အထည်ဆိုင်) တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ကိုသန်းထိုက်အောင်–မအိသူဇာစိမ်း၊ ကိုသူရကျော်–မချောရူပါစိမ်း တို့၏ အစ်ကို၊ အဖျောက်မြို့နေ မခင်ချိုဦး၊ ကိုသန်းနိုင်အောင်– မအေးအေးနွယ်၊ သန်လျင်မြို့နေ ကိုတင်အောင်ဝင်း–မစမ်းသီတာလှိုင်တို့၏ ညီ/မောင်၊ မအိမ့်မှူးရူပါကျော်၊ မဇူဇူးဟေသာကျော်၊ မအိန္ဒြေမြင့်မိုရ်မောင်၊ မပန်ပန်ပွင့်ခြယ်၊ မပြည့်မှူးသက်ခြယ်၊ မယွန်းရွှေရည်ဖြိုး၊ မောင်ထက်မြက်ထူးတို့၏ ဦးလေး၊ ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ လိန်ပင်လမ်းနေ မအေးမြတ်မွန်၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၈–၁၀–၂၀၁၉(တနင်္လာနေ့) နံနက်တွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ဒူဘိုင်းမြို့၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၈–၁၁–၂၀၁၉(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာမကြီး ဒေါ်တင်ညွှန့် (သထုံ)

### အသက် (၉၃)နှစ်

ချစ်ခင်ရိုသေရပါသော ဆရာမကြီး ဒေါ်တင်ညွှန့် အသက် (၉၃)နှစ်သည် ၁၃–၁၁–၂၀၁၉ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ**

**ဒေါ်သန်းညွှန့်၊ ဒေါ်ချိုချို၊ဒေါ်ဌေးဌေးရီ**

**ဒေါ်ခင်သန်းအေး၊ ဒေါ်ခင်အုံးနွဲ့၊**

**ဒေါ်အေးအေးကြူ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်ဝေ (ခနုဖြူ)

### အသက်(၈၄)နှစ်

သူငယ်ချင်း ကိုဆန်းထွန်းသိန်း– ဇနီး မစန်းစန်းဦး (P.G.T.I, 1983–CIVIL)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်တင်ဝေ အသက် (၈၄)နှစ် သည် ၂၂–၇–၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**P.G.T.I, 83(Civil) မိသားစု**

**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်အုံး

### အသက်(၆၆)နှစ်

ဦးထွန်းထွန်းလင်း (ထက်မြက်သောမြန်မာကုမ္ပဏီလီမိတက်) ၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်တင်အုံးသည် ၁၃–၁၁–၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ထက်မြက်သောမြန်မာကုမ္ပဏီလီမိတက်မိသားစု**

## အနိစ္စ

## ဦးဇော်မင်းဝင်း

### အသက်(၅၃)နှစ်

**MD.AG Resources Myanmar Co.,Ltd. သဘော်ာကပ္ပတိန်**

တွံတေးမြို့နေ [ဦးအောင်ဘ (မော်ကွန်းဝင် တတိယဆင့်–တပ်မတော်–ရေ) – ဒေါ်ခင်အေး] (ဗဟန်းမြို့နယ် အမျိုးသမီးစောင့်ရှောက်ရေး လ/ထ ကျောင်းအုပ်–ငြိမ်း)၊ လှိုင်ကော်မြို့နေ တိုင်းမင်းကြီး [ဦးဝင်းဖေ – ဒေါ်တင်ကြည်ကြည် (အလယ်တန်းပြ–ငြိမ်း)]တို့၏ သား၊ ဒလမြို့နေ (ဦးပါကြီး–ဒေါ်ညွှန့်ညွှန့်အောင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် (၁၁၀/၁၁၁)နေ ဒေါ်ခင်နီလာအောင် (Director, AG Resources Myanmar Co.,Ltd.) ၏ ခင်ပွန်း ဦးဇော်မင်းဝင်း သည် ၁၃–၁၁–၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီးအထူး ကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉–၁၁–၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်**

**သွေးဖြင့်**

**အသက်**

**ကယ်ပါ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ အမှတ်(၂၆–A)နေ (ဦးဇေဖေ–ဒေါ်သိန်းမေ) တို့၏ သမီးကြီး၊ ဗိုလ်မှူးကြီးကံညွှန့် (ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးသက်စံဝင်း (Aung Gyi Group of Companies) –ဒေါ်ဖြူပြာမြင့်တို့၏ ချစ်လှစွာသော မိခင်၊ မောင်ကောင်းထက်စံ၊ မောင်စံသူထက်တို့၏ ဘွားဘွားကြီး၊ (ဦးထွန်းဝင်း–ဒေါ်ညွှန့်ညွှန့်အေး)၊ (ဦးဖေသိန်း)–ဒေါ်မာရီအုန်း၊ ဒေါ်တင်တင်အေး၊ ဦးထွန်းလင်း–ဒေါ်ခင်ခင်အေး၊ ဒေါ် စန်းစန်းအေးတို့၏ အစ်မကြီးသည် ၁၄–၁၁–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆:၂၅နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၁၁–၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀–၁၁–၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## စီကစ်ရှောင်(ခ)ဦးဖေမြင့်

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဇ္ဈူလမ်းသွယ်(၂)၊ အမှတ် (၂၀/ဈ)နေ (ဦးရှမ်းမ–ဒေါ်ကျန့်)တို့၏ သားကြီး၊ (ဦးစောလစ်ကွန်း–ဒေါ်ဟုန်ငှါ) တို့၏ သားသမက်၊ ဒေါ်စောရှုရောက်(ခ)ဒေါ်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ခိုင်–ဒေါ်ကျင်ကျင်စိန်၊ ဦးမြင့်လှိုင် (ဥက္ကဋ္ဌ၊ တိပိဋကစုဆန်းလီစာသင်တိုက်)–ဒေါ်တင်မာဌေး၊ ဒေါ်မြင့်မြင့်၊ ဒေါ်ကျင်ဌေး–ဦးကျော်လှိုင်၊ ဒေါ်မြင့်မြင့်ကြည်–ဦးသန်းလှိုင်၊ ဦးထွန်းအောင်ကျော်–ဒေါ်ပေါင်ပေါင်း၊ ဦးအောင်မြတ်–ဒေါ်ခင်လပြည့်ဝန်း၊ ဒေါ်ဌေးဌေးအောင်–ဦးရဲလင်း၊ ဦးကျော်ကျော်ထွန်း–ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၅ ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၅–၁၁–၂၀၁၉ (သောကြာနေ့) နံနက် ၈:၅၁ နာရီတွင် ပါရမီရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၁၁–၂၀၁၉ (အင်္ဂါနေ့)တွင် ရေဝေးဖုကျန့် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နှန်းဥမ္မာသိန်း (၅၃)နှစ်

(ဒုတိယဦးစီးမှူး၊ ငြိမ်း၊ မြေတိုင်းဦးစီးဌာန)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ မီးဒုံးလမ်း၊ တိုက်အမှတ် (၁၁၃/၈)နေ (ဦးသိန်းတင်)–ဒေါ်သန်းစိန်တို့၏ သမီးကြီး၊ ဒေါ်မြတ်သူဇာသိန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီမံကိန်းဦးစီးဌာန)၊ ဒေါ်ခိုင်မာလာသိန်း (ရုံးအုပ်၊ မြေတိုင်းဦးစီးဌာန)၊ (ဒေါ်ခိုင်စံပယ်သိန်း)၊ ဦးတင်ထွဋ် (ACES Co., Ltd, Singapore)–ဒေါ်မျိုးမျိုးဝင်း၊ ဦးတင်ရှိန် (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီမံကိန်းဦးစီးဌာန)–ဒေါ်ကျော့ယဉ်မင်းသိန်း (AITAA Headquarters, Bangkok, Thailand)၊ ဦးကြည်ထွန်း [(Con–9)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန]–ဒေါ်နီလာထွန်း(Sanyu Consultants Inc.,) တို့၏ အစ်မကြီး၊ တူ/တူမ လေးယောက်တို့၏ အဒေါ်သည် ၁၅–၁၁–၂၀၁၉ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ဖြူ

### အသက်(၉၄)နှစ်

**အငြိမ်းစားသံအမတ်ကြီး/အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**သဲကုန်း၊ အထက (ကျောင်းသား/ကျောင်းသူဟောင်းများ၏ အသက်အကြီးဆုံးကန်တော့ခံဆရာကြီး)**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နေ (ဦးရွှေဝင်း–ဒေါ်သန့်)တို့၏ သားကြီး၊ ဆရာမကြီး (ဒေါ်ရင်သန်း)၏ ခင်ပွန်း၊ သဲကုန်း၊ အထက ကျောင်းသား/ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲတွင် အမှတ်စဉ်(၁) အသက်အကြီးဆုံး ကန်တော့ခံဆရာကြီး ဦးခင်မောင်ဖြူ (ခ)ဦးကျော်သိန်းသည် ၁၂–၁၁–၂၀၁၉ ရက် နံနက် ၉:၁၅ နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်းရပ်၊ တိုက်အမှတ် (၃၁၀)၊ အခန်း(၁)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကန်တော့ခံဆရာကြီး/ ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်း တစ်ရပ်လုံးမှ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သဲကုန်း၊ အထက ကျောင်းသား/ကျောင်းသူဟောင်းများ**

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇော်ဝင်း (ငြိမ်း) OTS–45

### အသက်(၇၀)

ကြည်း–၁၂၅၃၄၊ သူရဲကောင်းမှတ်တမ်းဝင်

ကာသ အမှတ်–၅၃ သူငယ်ချင်း ဗိုလ်မှူးဇော်ဝင်း (ငြိမ်း) သည် ၁၂–၁၁–၂၀၁၉ ရက်တွင် မြိတ်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း သိစေအပ်ပါသည်။

**OTS–45**

**သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်အေး (၅၃)နှစ်

ကမာရွတ်မြို့နယ်၊ Highway Complex အိမ်ရာ၊ တိုက်(A)၊ အခန်း(၃၁၀)နေ အိမ်ရာသာယာရေးကော်မတီ၏ ဘဏ္ဍာရေးမှူးဖြစ်သူ ဦးကျော်အေး အသက် (၅၃)နှစ် သည် ၁၅–၁၁–၂၀၁၉ ရက် နံနက် ၆:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အိမ်ရာသာယာရေးကော်မတီ**

**Highway Complex အိမ်ရာ**

**အမှတ်(၆)ရပ်ကွက်၊ ကမာရွတ်**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုမန မထေရ်မြတ်

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

### သိက္ခာတော်(၇၄) ဝါ၊ သက်တော် (၉၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မဝံသမဟာစည်သာသနာ့ရိပ်သာ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုမန မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ရက်)၊ ၂၉–၁၀–၂၀၁၉ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)(အမျိုးသားနေ့) ၂၁–၁၁–၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အန္တိမဈာပနကျင်းပပူဇော်ရေးအဖွဲ့

## ဦးသိန်းကြွယ်စိုး

ဒု–ညွှန်မှူး(ငြိမ်း)

မြန်မာ့ရေနံဖြန့်ဖြူးရောင်းဝယ်ရေး (MPPE)

### အသက်(၆၈)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ (၅)ရပ်ကွက်၊ နောင်အင်လမ်း၊ အမှတ်(၃၄/၁၁)နေ (ဦးသိန်းဇေ–ဒေါ်မြသန်း)တို့၏ သား၊ ဒေါ်ခင်အေးဝင်း၏ ခင်ပွန်း၊ အောင်ပန်းမြို့နေ ဦးသိန်းနွယ်–ဒေါ်ခင်သန်းမြင့်တို့၏ ညီ၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ငြိမ်း)–ဒေါ်မြင့်မြင့်ခိုင်၊ ဦးသိန်းစိုး–ဒေါ်မိမိချို တို့၏ အစ်ကို၊ ဦးစိုင်းစည်သူ–ဒေါ်တင်တင်လှ၊ ဦးဇော်ထိုက်ဦး–ဒေါ်သီသီအေးတို့၏ ဖခင်၊ မောင်အောင်မြင်ခန့်၏ အဘိုး သည် ၁၄–၁၁–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၁၁–၂၀၁၉(စနေနေ့)မွန်းလွဲ ၁နာရီ တွင် ကျီးဖြူကန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လွင်ဦး(ခ)ဦးမြမောင်(ခ)ဦးစန်းမြင့်

### အသက်(၆၃)နှစ်

ဘူမိဗေဒ(၁၉၇၆–၁၉၈၀)

ဘိုကလေးမြို့၊ အမှတ်(၈၂)၊ ဒုတိယလမ်း၊ (၃)ရပ်ကွက်နေ [ဦးတင်လွှမ်–ဒေါ်အင်ဝီ(မြသီရိ–သစ်စက်)]တို့၏ သား၊ [ဦးဟန်မြင့်(ခ)ဦးပီတာ]၊ ဦးသိန်းထိုက်–ဒေါ်စန်း၊ ဦးကျားကြီး–ဒေါ်မြမြဝင်း၊ ဦးစိန်မြင့်–ဒေါ်အေးအေးသန်း၊ ဦးဘိုနီ–ဒေါ်တင်တင်စိန် တို့၏ ညီ/မောင်၊ ဦးဇော်–ဒေါ်ဝါဝါ တို့၏ အစ်ကို၊ အမှတ်(၂၉၂)၊ ကျော်သီရိဆိပ်၊ (၃)ရပ်ကွက်၊ ဘိုကလေးမြို့နေ ဒေါ်ခင်သန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်တိုး၊ မဖြူမေသင်း တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးစိန်လွင်ဦး(ခ)ဦးမြမောင် သည် ၁၅–၁၁–၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ထွားရင် (ပုသိမ်)

### အသက်(၈၄)နှစ်

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅–၁၉၈၁)၊ မြို့ပြအင်ဂျင်နီယာ ဦးမြင့်ဆန်း (Director, NEPS Co.,Ltd)–ဒေါ်သန်းသန်းမြင့်တို့၏ မိခင် ဒေါ်ထွားရင်(ပုသိမ်) သည် ၈–၁၁–၂၀၁၉ (သောကြာနေ့)မွန်းလွဲ ၁:၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75–81 RIT Welfare Group မှ အင်ဂျင်နီယာနှင့် ဗိသုကာသူငယ်ချင်းများ**

## ဦးကျော်အေး

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Highway Complex အိမ်ရာ၊ တိုက် (A)၊ အခန်း(၃၁၀)နေ (ဦးကျင်)–ဒေါ်ခင် (ကားစက်ဘောဆိုင်)တို့၏ သား၊ ဒေါ်နီနီဝင်း၏ ခင်ပွန်း၊ Lu Ngook Lun (U.S.A)၏မောင်၊ ဒေါ်ခင်စန်းအေး၏ အစ်ကို၊ မမေသူကျော်၊ မအိဟန်နီဦး၊ မနေခြည်လင်းတို့၏ ဖခင် ဦးကျော်အေးသည် ၁၅–၁၁–၂၀၁၉ ရက် နံနက် ၆:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁–၁၁–၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စီ

### အသက်(၇၂)နှစ်

**အလပြ(ငြိမ်း)၊ အထက–၆၊ အလုံ**

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ခြံကြီးစုရပ်၊ မြဟသ်ာလမ်း၊ အမှတ်(၈)နေ (ဦးကင်–ဒေါ်ရန်) တို့၏ သမီး၊ (ဦးစံမြင့်–ဒေါ်မြမြဝင်း)၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်တင်ကြည်)၊ ဒေါ်မြတ်သီ၊ (ဦးမျိုးမြင့်) တို့၏ ညီမ၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ မြေးနှစ်ယောက်တို့၏ ဘွားလေး ဒေါ်မြင့်မြင့်စီသည် ၁၅–၁၁–၂၀၁၉ (သောကြာနေ့) နံနက် ၀၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အထက်ပါ နေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

# စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ပူးပေါင်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်သတ်မှတ်ဖွဲ့စည်းရေး ဆွေးနွေး



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၅

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကိုပူးပေါင်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်သတ်မှတ်ဖွဲ့စည်းရေးကိစ္စ**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် လက်ရှိစက်မှုဝန်ကြီးဌာန၏ ဖွဲ့စည်းပုံသည် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို စီမံကြီးကြပ်လည်ပတ်နိုင်ရေးကို အဓိကဦးစားပေးထားသော ဖွဲ့စည်းပုံဖြစ်ပါကြောင်း၊ ဗဟိုအုပ်ချုပ်သည့် စီးပွားရေးစနစ်အတွက် လိုအပ်သည့် အုပ်ချုပ်ရေးယန္တရားများနှင့်ဈေးကွက်စီးပွားရေးစနစ်ကိုအကောင်အထည်ဖော်ရာတွင် အရေးပါသောလုပ်ငန်းစဉ်များကို ယခုဖွဲ့စည်းပုံတွင် ရောထွေးစွာ ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိနိုင်ငံတော်၏ စီးပွားရေးစနစ်သည် Command Economy စနစ်မှ Market Economy ဖြစ်သည့်ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်နေသည့်အတွက် ယင်းဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်မည့် စက်မှုကဏ္ဍဆိုင်ရာ မူဝါဒများနှင့်ကြီးကြပ်ထိန်းကွပ်မှုများကို ဆောင်ရွက်နိုင်မည့် ဖွဲ့စည်းပုံအသစ်တစ်ခုသို့ အသွင်ကူးပြောင်းရေးသည် များစွာအရေးကြီးပါကြောင်း။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

ကြေးမုံ ယနေ့ဖတ်စရာ

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အတွက် ကျင့်ဝတ်(CoC) ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

စာမျက်နှာ » ၈

**တိုင်းရင်းသားရေးရာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာ အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိပါသည်။

## ၂၀၁၉ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ နိုဝင်ဘာ ၂၅ ရက်တွင် စတင်မည်

## မြန်မာနှင့်မလေးရှား ပွဲဦးထွက်ကစားရမည်

ရန်ကုန် နိုဝင်ဘာ ၁၅

၂၀၁၉ ခုနှစ် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်း အင်အားကြီး မလေးရှားအသင်းနှင့် ပွဲဦးထွက်စတင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် နိုဝင်ဘာ ၂၅ ရက်တွင် မလေးရှားအသင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် တီမောအသင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက်၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင်ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို ရီဇယ်အမှတ်တရကွင်းနှင့် ဘီနန်ကွင်းတို့၌ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကိုမူ ရီဇယ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၆ သို့ ○**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှားအသင်းတို့ တွေ့ဆုံခဲ့စဉ်။




ကြေးမုံ
အထူးကဏ္ဍ



# တိုင်းရင်းသားရေးရာ

နိုဝင်ဘာ ၁၆၊ ၂၀၁၉(စနေနေ့)

## ဓနုအမျိုးသားနေ့ ဟူသည်...



### ရှိန်းခန့်ဇော်(ပင်းတယ)

လူသားတိုင်းတွင် အမှတ်တရကိုယ်စီကိုယ်စီရှိကြသည်။ အမှတ်တရဖြစ်ခဲ့သောနေ့ရက်ကို အမှတ်တရအဖြစ် မမေ့နိုင်ဘဲ ဖြစ်ကြရသကဲ့သို့ အမှတ်တရဖြစ်အောင် ကြိုးစားခဲ့သောနေ့ရက်နှင့် ကြိုးစားခဲ့ချိန်တွင် အားပေးခဲ့သော မိတ်ဆွေများကို အမှတ်ရနေတတ်ကြသည်။ လူမျိုးတိုင်း လူမျိုးတိုင်းတွင်လည်း ထိုသို့ အမှတ်တရများ ရှိနိုင်သလို တိုင်းရင်းသားတိုင်းလို အမျိုးသားနေ့ရှိကြသည်။ ထိုသို့သော တိုင်းရင်းသားများထဲတွင် ဓနုတိုင်းရင်းသားလည်း အပါအဝင်ဖြစ်သည်။

ဒီဇင်ဘာလ၏မနက်ခင်း ဆောင်းနှင်းစက်များ ကြွေဆင်းသည့် အချိန်အခါသမယ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံနေမည့် ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၈ ရက် (၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့)တွင် ဓနုတိုင်းရင်းသားများနေထိုင်ရာ နောင်ချိုဒေသတွင် ဒုတိယအကြိမ်မြောက် ဓနုအမျိုးသားနေ့ကို ကျင်းပကြတော့မည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားမျိုးနွယ်စုကြီးများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့၏ ပေါင်းစည်းသောအားဖြင့် တည်ထောင်ထားသော ပြည်ထောင်စုတစ်ခုဖြစ်သည်ကို မြန်မာလူမျိုးများသာမက ကမ္ဘာကပါ သိကြသည်။ ထိုသို့ တိုင်းရင်းသားမျိုးနွယ်စုကြီးများကို လေ့လာကြည့်မည်ဆိုလျှင် တိုင်းရင်းသားပေါင်း ၁၃၅ မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံး နံပါတ် (၁၀) စာရင်းဝင်ပြီး ရှမ်းပြည်နယ်တွင် လူဦးရေအများဆုံးစာရင်းတွင် နံပါတ်(၄)နေရာ၌ရှိသည့် "ဓနု" တိုင်းရင်းသားများကို သိကြပါလိမ့်မည်။

"ဓနုတိုင်းရင်းသား" ဟူသည် "လေးအတတ်ကို တစ်ဖက်ကမ်းခပ် တတ်မြောက်သောလူမျိုး" ဟု သမိုင်းတွင်လေသည်။

ဓနုတိုင်းရင်းသားတို့သည် တိဗက်မြန်မာအုပ်စုမှ ဝင်ရောက်လာသည့် လူမျိုးများဖြစ်သည်။ ဓနုလူမျိုးများသည် မြန်မာပြည်အရှေ့ခြမ်းနှင့် ရှမ်းပြည်နယ်အနောက်ခြမ်းအကြားတွင်ရှိသော တောင်မြောက်သွယ်တန်းနေသည့် ရှမ်းမြေလတ်တစ်ကြောတွင် ရှေးယခင်ကတည်းက နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။ ဓနုလူမျိုးသည် စိုက်ပျိုးရေးဖြင့် အသက်မွေးသော လူမျိုးများဖြစ်သည်။

ဓနုလူမျိုးတို့၏ သမိုင်းစာမျက်နှာများကို ပြန်လှန်ကြည့်မည်ဆိုလျှင် များစွာသော အကြောင်းကိစ္စများကို

> **ရိုးသားဖော်ရွေပြီး ချစ်စရာဓလေ့များနှင့် နှစ်တစ်နှစ်၏ ဆောင်းငွေ့ကို စတင်ရှူရှိုက်၊ ဆောင်းရိပ်ကို ခိုလုံတော့မည့် အချိန်ရာသီအခါသမယ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဓနုတိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ဓနုအမျိုးသားနေ့ကို ဖူးတံငုံစ ချယ်ရီရနံ့များနှင့် အရပ်ရှစ်မျက်နှာတစ်ခွင်သို့ လွင့်ပျံ့**

ခိုင်မာသောအထောက်အထားများဖြင့် တွေ့မြင်နိုင်သော်လည်း ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၀ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်နေ့)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စာအမှတ် (၃၃/၂၀၁၀) ဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် အသိအမှတ်ပြုပြီးသည့်နောက်ပိုင်းသို့ရောက်သော် ဓနုလူမျိုးတို့သည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် တိုင်းရင်းသားအရေး၌ များစွာသောလိုအပ်ချက်များရှိနေသည်ကို တွေ့ရသဖြင့် စည်းလုံးညီညွတ်သော လူမျိုးစုဖြစ်လာနိုင်ရေးအတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၆ နှင့် ၂၇ ရက် (မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၈၊ ၉ ရက်)တို့တွင် ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ဓနုအမျိုးသားညီလာခံကို ကျင်းပနိုင်ခဲ့သည်။

ဓနုတိုင်းရင်းသားတို့သည် ညီလာခံကို ကျင်းပရာတွင် (၁) ဓနုတစ်မျိုးသားလုံးလွှမ်းခြုံနိုင်သော ဦးဆောင်အဖွဲ့၊ (၂) ဓနုအမျိုးသားနေ့၊ (၃) ဓနုအမျိုးသားအလံ၊ (၄) ဓနုအမျိုးသားသီချင်းနှင့် (၅) ဓနုအမျိုးသား အမျိုးသမီးတို့၏ ပွဲတက်ဝတ်စုံများ ပေါ်ပေါက်လာနိုင်စေရန်ဟူသော မူငါးချက်ဖြင့် ကျင်းပနိုင်ရန် အများသဘောတူဆုံးဖြတ်ခဲ့ကြသည်။ ထိုညီလာခံကို ကျင်းပရာတွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရှမ်းပြည်နယ် မြေလတ်ဒေသတစ်ဆက်တည်းဖြစ်သော ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ရပ်စောက်မြို့နယ်များနှင့် ရန်ကုန်၊ မန္တလေးအစရှိသော မြို့ကြီးများ အပါအဝင် တောင်ကြီးမြို့နယ်၊ ကျောက်မဲမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိုးကုတ်မြို့နယ်၊ သာစည်မြို့နယ်၊ ပင်လောင်းမြို့နယ်အတွင်း ပျံ့နှံ့နေထိုင်လျက်ရှိသော ဓနုတိုင်းရင်းသားများအတွက် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ခြင်းဖြစ်သည့် ပထမအကြိမ် ဓနုအမျိုးသားညီလာခံကျင်းပသည့် အခမ်းအနားသို့ ဖိတ်ကြားခဲ့သည်။

ထိုသို့ ညီလာခံကျင်းပရာတွင် ပင်းတယ၊ ရွာငံ၊ ကလော၊ ရပ်စောက်၊ နောင်ချို စသည့်မြို့နယ်များမှ တစ်မြို့နယ်တွင် ၁၂၅ ဦးစီ၊ ရန်ကုန်၊ ကျောက်မဲ၊ နောင်ချိုမြို့ စသည့် သုံးမြို့နယ်ပေါင်း ကိုယ်စားလှယ် ၁၂၅ ဦးနှင့် ဆက်စပ်ဒေသများမှ ကိုယ်စားလှယ် ၅၀ စသည်ဖြင့် မဲပေးပိုင်ခွင့် ၈၀၀ ပါဝင်မဲပေးဆုံးဖြတ်ခဲ့ကြသည်။

မူငါးချက်အနက် ပထမဆုံးသော ဓနုတစ်မျိုးသားလုံးလွှမ်းခြုံနိုင်သော ဦးဆောင်အဖွဲ့ကို "ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်" အဖြစ် သတ်မှတ်နိုင်ခဲ့ပြီး (၂) ဓနုအမျိုးသားနေ့ကို ဆန္ဒမဲ ၃၁၆ မဲဖြင့် မဲအများဆုံးရရှိခဲ့သည်။ ဓနုအမျိုးသားနေ့ကို ပင်းတယနှင့် ရွာငံမြို့နယ်မှ တင်သွင်းသည့် ပထမအကြိမ် ဓနုအမျိုးသားညီလာခံကျင်းပသောနေ့ဖြစ်သည့် နတ်တော်လဆန်း ၈ ရက်နေ့ကို အတည်ပြုသတ်မှတ်ခဲ့ကြသည်။ (၃) ဓနုအမျိုးသားအလံတော်ကို "တည်ကြည်ခြင်း၊ ငြိမ်းချမ်းခြင်း အဓိပ္ပာယ်ကို ရည်ညွှန်းပြီး ကောင်းကင်ကို ကိုယ်စားပြုကာ မြင့်မားစွာရပ်တည်နေသောသဘောကို ရည်ညွှန်းသည့် အပြာရောင်၊ သာသနာရောင်ဝါ လွှမ်းခြုံ၍ ထွန်းလင်းပြန့်ပွားခြင်းကို ရည်ညွှန်းသည့် အဝါရောင်၊ တိုင်းပြည်၏ အသက်သွေးကြောဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ရိုးသားကြိုးစားစွာ လုပ်ကိုင်စားသောက်ပြီး အစဉ်စိမ်းလန်းစိုပြည်လျက်ရှိသောဒေသအဖြစ် ရည်ညွှန်းသော အစိမ်းရောင်၊ အထက်ကောင်းကင်ယံတွင် မြင့်မားစွာဖြင့် ရပ်တည်ပြီး ရဲရင့်ပြတ်သားသောသဘောကို ရည်ညွှန်းသည့် ကြယ်နီ၊ ဖြူစင်သန့်ရှင်းသော ပင်ကိုစိတ်ထားများကို

အထူးကဏ္ဍ စာမျက်နှာ ခ သို့ »»

အထူးကဏ္ဍ စာမျက်နှာ က မှ »»

ရည်ညွှန်းသည့် အဖြူရောင်၊ အရပ်ရှစ်မျက်နှာသို့ မိမိတို့လူမျိုးများ၏ကောင်းသော၊ကြီးမြတ်သော ဂုဏ်သတင်းများကို ညွှန်ပြနေသည်ဟူသော ရှစ်မြောင့်ကြယ်တို့ဖြင့် ဖော်ကျူးထားသည့် ရပ်စောက်မြို့မှ တင်သွင်းသောအလံသည် ဆန္ဒမဲ ၃၀၇ မဲ" ဖြင့် အရွေးချယ်ခံခဲ့ရပြီး (၄) ဓနုအမျိုးသားအလံတင်သီချင်းကို "တေးရေး ကမ္ဘောဇ ခွန်နောင်(နောင်ချို)ရေးသားပြီး တေးဆို ကုဋေဇော်(ခ) ချစ်သွေး သီဆိုထားသည့် သီချင်းဖြင့် ဆန္ဒမဲ ၂၄၆ မဲရရှိကာ နောင်ချိုမြို့နယ်မှ" ရွေးချယ်ခံခဲ့ရသည်။ (၅) ဓနုအမျိုးသားပွဲတက်ဝတ်စုံကို "ပင်းတယမှ တင်သွင်းသော အမျိုးသားဝတ်စုံသည် ၁၇၅ မဲနှင့် အမျိုးသမီးဝတ်စုံကို ရပ်စောက်နှင့် ကလောမြို့များမှ တင်သွင်းသော အမျိုးသမီးဝတ်စုံမှာ ၂၄၇ မဲ" ဖြင့် ရွေးချယ်ခံခဲ့ရသည်။ ထိုသို့ဖြင့် ဒီမိုကရေစီနည်းလမ်းကျသည့် ဆန္ဒမဲပေးစနစ်ဖြင့် ကိုယ်စားလှယ် ၈၀၀ တို့မှ မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ ထိုညီလာခံသည် နေရာဒေသအသီးသီးမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် လေ့လာသူများအားလုံး လူဦးရေစုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့သည့် ဓနုအမျိုးသားတို့၏ သမိုင်းသစ်ရေးထိုးသောနေ့ဖြစ်ခဲ့သည်။ ထိုနေ့ကို ဓနုတိုင်းရင်းသားတို့၏ အမျိုးသားနေ့အဖြစ် သတ်မှတ်အတည်ပြုခဲ့သည်မှာ မြန်မာတစ်နိုင်ငံလုံးက အသိဖြစ်သည်။

ထို့ကြောင့် လာမည့် ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၈ ရက်နေ့သည် ဓနုအမျိုးသားနေ့ဖြစ်ပြီး နှစ်နှစ်ပြည့်သည့်နေ့ဖြစ်ရာ "နှစ်ပတ်လည်သောနေ့" ဖြစ်သကဲ့သို့ "ဒုတိယအကြိမ်ကျရောက်သော ဓနုအမျိုးသားနေ့" ဖြစ်သည်။

ဓနုလူမျိုးများ၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ပွဲများကျင်းပသည့်အခါတွင်ဖြစ်စေ၊ လုပ်ငန်းများ လုပ်ကိုင်စားသောက်ရာတွင်ဖြစ်စေ "လက်စားလျှို လက်စားဆပ်" ဟူသော ဓလေ့ရှိရာ ဓနုအမျိုးသားနေ့ကို ကျင်းပရာတွင်လည်း တစ်မြို့နယ်တည်း တစိုက်မတ်မတ်ဖြင့် ကျင်းပခြင်း မဟုတ်ဘဲ မြို့နယ်အလိုက် အလှည့်ကျစနစ်ဖြင့် ကျင်းပကြသည်။ ပထမဦးဆုံးအကြိမ်ကျရောက်သော ဓနုအမျိုးသားနေ့ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် ရွှေပွင့်လင်းဘုရားဝင်းအတွင်းတွင် တက်ရောက်သူပေါင်း နှစ်သောင်းကျော်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၈ ရက်တွင် ကျရောက်မည့် ဒုတိယအကြိမ်မြောက် ဓနုအမျိုးသားနေ့ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကျင်းပရာတွင် ယခင်နှစ်များတွင် ထည့်သွင်းကျင်းပခဲ့သော ဓနုရိုးရာအကအလှပြိုင်ပွဲများ၊ ဓနုရိုးရာ သံချပ်ထိုးပြိုင်ပွဲများ၊ ဓနုရိုးရာဟင်းချက်ပြိုင်ပွဲများကို အဓိကထားထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် မိမိတို့ အမျိုးသားရေးကို ဓနုတိုင်းရင်းသားများအားလုံး လေးလေးနက်နက်တန်ဖိုးထားတတ်လာစေရန်၊ ဝတ်စားဆင်ယင်မှုများ ပိုမိုတွင်ကျယ်လာစေရန်၊ မိမိတို့၏ ရိုးရာအကအလှနှင့် ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းထိန်းသိမ်းတတ်လာစေရန်၊ မိမိတို့တိုင်းရင်းသားများ၏ သမိုင်းကြောင်းနှင့် မိမိတို့လူမျိုးများအတွက် ကြိုးစားခဲ့ကြသော ခေါင်းဆောင်များကို အောက်မေ့သတိရစေရန်နှင့် ခေါင်းဆောင်များ၏ စိတ်ဓာတ်ကဲ့သို့ မိမိအမျိုးကိုချစ်တတ်သော ဓနုတိုင်းရင်းသားလူငယ်များ ပေါ်ပေါက်လာစေရန် အတွက် ဓနုအမျိုးသားနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ရိုးသားဖော်ရွေပြီး ချစ်စရာဓလေ့များနှင့် နှစ်တစ်နှစ်၏ ဆောင်းငွေ့ကို စတင်ရှူရှိုက်၊ ဆောင်းရိပ်ကို ခိုလုံတော့မည့်အချိန် ရာသီအခါသမယ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ဓနုတိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ဓနုအမျိုးသားနေ့ကို ဖူးတံငုံစ ချယ်ရီရနံ့များနှင့် အရပ်ရှစ်မျက်နှာတစ်ခွင်သို့ လွင့်ပျံ့နေမည့် ဓနုတို့၏ အိုးစည်၊ ဗုံ၊ မောင်း၊ လင်းကွင်း၊ ဝါးလက်ခုတ်သံများကို သာယာနာပျော်ဖွယ် တီးကာဖြင့် ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိရမည်။ မြန်မာပြည်ရှိသရွေ့ ဓနုတိုင်းရင်းသားများစည်းလုံးညီညွတ်သော အင်အားဖြင့် ခိုင်မာသောတိုင်းရင်းသားအုတ်မြစ်ကို ထူထောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းကို ချစ်စဖွယ်အလှများနှင့် သာယာလွန်းသည့် ရှမ်းမြေလတ်သို့ အလည်လှမ်းခဲ့ရန် ဖိတ်ခေါ်ရင်း ဓနုတိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်သော အင်အားဖြင့် ပြည်ထောင်စုစိတ်ဓာတ်များ ဆက်လက်ရှင်သန်နိုင်ရေးအတွက် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၈ ရက်နေ့တွင် ကျရောက်မည့် ဒုတိယအကြိမ်မြောက် "ဓနုအမျိုးသားနေ့"ကို ကြိုဆိုလိုက်ကြပါစို့.....။ ။

»» အထူးကဏ္ဍ စာမျက်နှာ ဃ မှ

ရေတံခွန်ပတ်ဝန်းကျင် ကျောက်ကမ်းပါးပေါ်တွင် ပျားအုံများရှိသည်။ ဤသို့ပျားအုံများမှာ ဆန်ကောလောက်ပင် ကြီးမားသည်။ တောဆိတ်၊ တောင်ဆိတ်များလည်း နေထိုင်ကျက်စားသော စားကျက်ဖြစ်သည်။ ယခင်က တောထူသဖြင့် သားရဲတိရစ္ဆာန်ပေါသည်။ တစ်ချိန်က တောဝက်၊ ဝက်ဝံ၊ ကျား၊ ဆတ်နှင့်တကွ ပြောင်နိုင်များပါ ကျက်စားလေ့ရှိသဖြင့် ပါလီမန်ဒီမိုကရေစီခေတ်တွင် ဝဏ္ဏကျော်ထင်ဦးဇာဟူးသည် ရေတံခွန်ပတ်ဝန်းကျင် သုံးမိုင်ပတ်လည်အတွင်း အမဲလိုက်ခြင်း၊ ကျော့ကွင်းထောင်ထားခြင်းမပြုရန်၊ တောမီးမရှို့ရန်နှင့် တောင်ယာဥယျာဉ်ခြံများ လုံးဝမလုပ်ကိုင်ရန် တားမြစ်ပိတ်ပင်ပေးခဲ့သည်။

ရေတံခွန်ပတ်ဝန်းကျင်သည် ကျောက်တောင်ကမ်းပါးကြီးဖြင့် တည်ရှိနေသည်။ ရေတံခွန်အနီးအနားတွင် စွယ်တော်၊ ကသစ်၊ သရဖီ၊ မျောက်ငိုပင်များ၊ လှပသော သစ်ခွမျိုးစုံနှင့်မျိုးစိတ်များသာမက တောင်ထိပ်တွင်လည်း တော်ဝင်တောင်ဇလပ်ပန်းများ၊ ကြိမ်နွယ်ပင်များပါ ပေါက်ရောက်လျက်ရှိနေသဖြင့် တောင်ထိပ်မှလှမ်းမျှော်ကြည့်နေပါက မျက်စိတဆုံး မြစိမ်းရောင်လွှမ်းခြုံထားသကဲ့သို့ ရှည်လျားမြင့်မားသော တောင်တန်းကြီးမှာ ရှုချင်စဖွယ် တွေ့မြင်နေရပေသည်။

သွေးချင်းမတူကြသော ဒိုင်မျိုးနွယ်စုချင်းတိုင်းရင်းသားတို့က အိုင်ဒတ်တောင်၊ ဆီမီတောင်နှင့် တွီမင်း၊ ကုန်ဗား(ဘုန်ဗားဟုလည်းခေါ်သည်) ချောင်း၊ ဘုံတလာတစ်ဝိုက်တို့အား လူသေဝိညာဉ်ခိုနားအရပ်၊ မရဏပြည်သွားရာလမ်းအဖြစ် ခေါ်တွင်သတ်မှတ်ကြ၊ အိပ်မက်ဆိုးအဖြစ် သတ်မှတ်ကြသဖြင့် ယခင်က ဘုံတလာရေတံခွန်သို့ မသွားရဲ မသွားဝံ့ကြပေ။

သို့သော် ယနေ့တိုးတက်နေသောခေတ်တွင် လူတို့၏ အတွေးအခေါ် အယူအဆများသည်လည်း တိုးတက်ပြောင်းလဲလျက်ရှိသည်။ တစ်ချိန်က မသွားရဲမသွားဝံ့သည့် ဘုံတလာရေတံခွန်သည် ယခုအခါ လူတိုင်းစိတ်ဝင်စားသည့် လေ့လာရေးအပန်းဖြေစခန်းဖြစ်နေပေပြီ။ သဘာဝရှုခင်းများပေါကြွယ်သော၊ ပျော်ပွဲစားထွက်၍ကောင်းသည့် တောင်စခန်းသာ၊ အေးချမ်းသာယာသည့် နယ်မြေတစ်ခု ဖြစ်နေပေပြီ။

ဘုံတလာသို့ သွားလိုပါက မတူပီမှ ဖနိုင်ရွာ ထိုမှ အောက်သို့နိမ့်ဆင်းကာ လည်မျိုချောင်းကို ဖြတ်ရသည်။ တစ်ချိန်က ဒေသခံပြည်သူတို့က ကြိမ်ပုခက်တံတားသာ ပြုလုပ်ခဲ့ကြသည်။ နောက်ပိုင်းတွင် ယခင်အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ လှူဒါန်းငွေဖြင့် ကြိုးတံတားအဖြစ်ပြောင်းလဲခဲ့ကြသည်။ ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရမှ ဘေလီတံတားအဖြစ် ထပ်မံဆောက်လုပ်ပေးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ နေ့ချင်းညချင်းသွားလာနိုင်သည်။ ထီစောင်းရွာအထိ ကားဖြင့် သွားလာနိုင်ပြီ။ ထိုမှတစ်ဆင့် ခြေကျင်၊ ဆိုင်ကယ်ဖြင့်သွားလာနိုင်သည်။ မတူပီမြို့မှ ဘုံတလာရေတံခွန်အထိ ၁၂ မိုင် ဝေးကွာသည်။

ရန်ကုန်၊ မကွေး၊ ပခုက္ကူစသည့် တက္ကသိုလ် ခြေလျင်နှင့်



တောင်တက်အသင်းများမှလည်း လေ့လာရေးအဖြစ်လာရောက်ကြသည်။ မြဝတီရုပ်မြင်သံကြားအဖွဲ့၊ စာနယ်ဇင်းသမားများ၊ သတင်းမီဒီယာသမား၊ ခရစ်ယာန်ဘာသာရေးလူငယ်မိတ်သဟာယအဖွဲ့၊ ကျောင်းသားကျောင်းသူများ၊ နိုင်ငံခြားခရီးသည်စသည်များပါ နှစ်တိုင်းဆောင်းတွင်းပေါက်သည်နှင့် လေ့လာရေးအဖြစ် တဖွဲဖွဲရောက်ရှိလာနေကြဆဲပင်ဖြစ်သည်။

ဘုံတလာပတ်ဝန်းကျင်တွင် ထီစောင်း၊ ဖနိုင်နှင့်လလိုင်စသည့်ကျေးရွာငယ်များ တည်ထားကာ ရွှေ့ပြောင်းတောင်ယာခုတ်လုပ်မှုဖြင့် အသက်မွေးကြသည်။ တောင်ယာတွင် စပါး၊ ပြောင်းသာမက လူး၊ ဆပ်၊ မျောက်ဥ၊ ကန်စွန်းဥ၊ ချဉ်းပေါင်၊ ပဲစုံ၊ ဗူး၊ ဖရုံ၊ သခွါး၊ ခရမ်း၊ ငရုတ် စသည်များ ရောနှောစိုက်ပျိုးကြသည်။ နောက်ပိုင်းတွင် ဤချောင်းကမ်းပါး၌ လယ်ယာများထွန်ယက်လုပ်ကိုင်ကြသည်၊ ဥယျာဉ်ခြံများ၊ ငါးကန်များပြုလုပ်ခဲ့ကြသည်ဖြစ်ရာ သစ်တောဖြုန်းတီးမှုဖြင့် ချောင်းရေလည်း ရှေးယခင်ကထက် နည်းလာခန်းလာလေတော့သည်။ တောင်ယာခုတ်လုပ်ခြင်းကြောင့် သားရဲတိရစ္ဆာန်များလည်း ရှားပါးလာသည်။ ဆတ်ကောင်နှင့်ပြောင်များသာ နေထိုင်ကျက်စားနေသည်။ ရစ်၊ တောကြက်၊ ငုံး၊ မျောက်၊ ဂျီ၊ တောဆိတ်၊ တောခွေးများသာ နေထိုင်ကျက်စားသည်။ ယခုအခါ လည်မျိုကြိုးဝိုင်းတောအဖြစ် ဘုံတလာအောက်ပိုင်းကို သတ်မှတ်ထားရှိသဖြင့် သစ်တောသစ်ပင်ထိန်းသိမ်းရေးအတွက် အလွန်ပင်အကျိုးများရှိပါသည်။

ဘုံတလာရေသည် ကြည်လင်အေးမြသည်။ ချိုမြသောအရသာရှိသဖြင့် သောက်သုံးသူတိုင်းအား ကျန်းမာရွှင်လန်းစေ၏။ သို့ဖြစ်၍ အပန်းဖြေလေ့လာသူများဖြင့် စည်ကားလျက်ရှိ၏။ လူအများနားခိုနိုင်ရန် တည်းခိုရိပ်သာများ တည်ဆောက်ပေးခြင်း၊ ကားလမ်းအဖြစ် ချဲ့ထွင်ဖောက်လုပ်ပေးခြင်း၊ ကြိုးဝိုင်းဘေးမဲ့တောအဖြစ် သတ်မှတ်ပေးပါက ဘုံတလာ၏အလှသည် ပို၍ကျော်ကြားလူသိများမည်ဖြစ်ပါသည်။

ဘုံတလာကဲ့သို့ ရေတံခွန်မျိုးမှာ မြန်မာနိုင်ငံတွင် ရှားပါးပြီး ရေအဆက်မပြတ်စီးဆင်းနေသဖြင့် တန်ဖိုးထားဂုဏ်ယူရမည့် သဘာဝရတနာတစ်ပါးဖြစ်သည်။ မတူပီမြို့သူမြို့သားများအတွက် ဂုဏ်ယူရသော သဘာဝလက်ဆောင်ဖြစ်သည်။ နွေရာသီ၊ ဆောင်းရာသီကဲ့သို့ ရာသီဥတုသာယာခြောက်သွေ့သည့်အခါမျိုးတွင် သွားလာရေး ပို၍ကောင်းမွန်သဖြင့် လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ မိုးရာသီတွင် ရေများပေါများစွာ စီးဆင်းသဖြင့် လာရောက်သူနည်းပါးသည်။ ဘုံတလာရေတံခွန်အား သဘာဝရေများအဖြစ် စီးဆင်းနိုင်ရန်အတွက် ရေဝေရေလဲ အမြဲစိမ်းတောများဖြစ်သော သစ်ပင်အုပ်များကို ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ ပြည်နယ်လွှတ်တော်မှလည်း မိုးကြိုးဝိုင်းတောများနှင့် ရေထိန်းဧရိယာများအတွင်းရှိ သစ်ပင်များ စည်းကမ်းမဲ့ခုတ်လှဲခြင်းမရှိစေရန်အတွက် အဆိုတင်သွင်းတိုက်တွန်းအတည်ပြုထားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့မှလည်း စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ရေတို၊ ရေရှည်ဆောင်ရွက်မည့် နည်းလမ်းများကိုလည်း ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်အတွင်း ရေထွက်နေရာပေါင်း ၁၂၁၃ ခုရှိပြီး ပျမ်းမျှရေထွက်ပမာဏမှာ မိုးရာသီတွင် ၁၂၅၇၃၇၂ ဒသမ ၅ ကျူးဆက်နှင့် နွေရာသီတွင် ၁၁၄၂၀၀၃ ဒသမ ၅ ကျူးဆက်ထွက်ရှိသည်ဟု စိစစ်တွေ့ရှိရသည်။ ဘုံတလာရေတံခွန်သည် ဒေသခံပြည်သူများအတွက် သောက်ရေ၊ သုံးရေ၊ လယ်မြေများအား ရေပေးဝေအကျိုးပြုလျက်ရှိသောကြောင့် ရေများအဆက်မပြတ်စီးဆင်းနိုင်ရေးအတွက် သစ်ပင်ခုတ်လှဲခြင်း၊ တောမီးရှို့ခြင်း၊ တောင်ယာခုတ်ထွင်ရှင်းလင်းခြင်းမပြုလုပ်ရန် လိုအပ်သည်။ ၎င်းအပြင် သစ်ပင်များအား တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့် ဟားခါးမြို့နယ်တွင် ရှုခင်းသာ၊ ဖလမ်းမြို့နယ်တွင် ရိဒ်ရေကန်၊ တီးတိန်မြို့နယ်တွင် ရွှမ်စောင်းတိုင်းရင်းသားကျေးရွာ၊ လိုင်နုပါးတောင်၊ ကနေဒီတောင်၊ ဖို့ဝိုက်ခံတပ်ဟောင်း၊ ရှာလ်လုမ်ခံတပ်၊ ကန်ပက်လက်မြို့နယ်တွင် ခေါ်နူစုမ်တောင်ခေါ် (ဝိတိုရိယတောင်)၊ မင်းတပ်မြို့နယ်တွင် မိုးပီတောင်တန်း၊ အိမ်ပြတိုက်၊ ပလက်ဝမြို့နယ်တွင် ကီမိုတောင်၊ တွန်းဇံမြို့နယ်တွင် စော်ဘွားနေအိမ်၊ ထန်တလန်မြို့နယ်တွင် မြို့အဝင်ရှုခင်းနှင့် မတူပီမြို့နယ်တွင် ဘုံတလာရေတံခွန်တို့သည် ထင်ရှားသဖြင့် လည်ပတ်စရာအကောင်းဆုံး နေရာများဖြစ်ကြသည်။ လေ့လာစရာနေရာအများအပြားကျန်ရှိနေပါသေးသည်။

သို့ဖြစ်၍ သဘာဝရေများ၊ စိမ့်စမ်းရေများ စီးဆင်းနေသည့်အပြင် သဘာဝအတိုင်း လှပနေသော တောင်တန်းပြာပေါ်က မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်သို့ တစ်ခါတစ်ခေါက် သွားရောက်အပန်းဖြေလေ့လာသင့်ကြောင်း စေတနာရှေ့ထား၍ အကြံပြုရေးသားလိုက်ရပါသည်။ ။

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

# တောင်ကြီးတန်ဆောင်တိုင် ဆုရဓာတ်ပုံမြင်ကွင်းအလှ

*တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ ပွဲတော်ကာလအတွင်း မီးပုံးပျံပြိုင်ပွဲ၊ မီးပဒေသာပင် လှည့်လည်ပွဲ၊ ဘုံကထိန်ပဒေသာပင် လှည့်လည်ပွဲများ၏ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရဓာတ်ပုံအချို့ကို ဖော်ပြလိုက်ပါသည်။*

**အားဗျော့**



ဆန်းထွန်း(ရသ) ဒုတိယဆု မီးပဒေသာပင်လှည့်လည်ပွဲ



မဟာဘုံကထိန် လှည့်လည်ပွဲမြင်ကွင်း



ခင်မောင်အေး(၁) ဆုံစည်းရာ တတိယဆုနေ့လွှတ် မီးပုံးပျံပြိုင်ပွဲ



ကောင်းခန့်(ဘဝ) (နှစ်သိမ့်ဆု-၃) ဘုံကထိန်လှည့်လည်ပွဲ



ဒေါက်တာ သီဟကျော်(ပထမ) နေ့လွှတ်မီးပုံးပျံပြိုင်ပွဲ


မင်းလပြည့်(ဟားခါး)

# အလှမျိုးစုံစွာ တောင်တန်းပြာက ရေတံခွန်ဘုံတလာ . . .

ချင်းပြည်နယ်သည် သဘာဝအလှတရားများဖြစ်သော တောတောင်များ၊ သစ်ပင်တောအုပ်များ၊ စမ်းချောင်းငယ်များ၊ ရေတံခွန်များ၊ လှပသောပန်းပွင့်များ၊ သဘာဝမြစ်ချောင်းများ ပေါများသော ပြည်နယ်တစ်ခုဖြစ်သည်။ အံ့ဖွယ်ကောင်းသော ဘုံတလာရေတံခွန်သည် ချင်းပြည်နယ် မတူပီမြို့နယ်တွင်ရှိပြီး တောင်အဆင့်ဆင့်မှ လှပစွာ ရေစီးဆင်းနေသဖြင့် အလှပဆုံးနှင့် နာမည်ကြီးရေတံခွန်အဖြစ်ထင်ရှားပြီး မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်ကြသော ပြည်သူများ၏ လေ့လာရေးခရီးသွားအပန်းဖြေစခန်းသာတစ်ခုလည်း ဖြစ်သည်။

ဘုံတလာဆိုသည်မှာ ဘုံ=လဲကျသည်။ တလာ=ကျသည်၊ ထိုးစီးဆင်းသည်ဟူ၍ အဓိပ္ပာယ်ရကြောင်း သိရှိရသည်။ ဘုံတလာရေတံခွန်သည် ချင်းပြည်နယ် မတူပီမြို့နယ် ထီစောင်းရွာနားတွင် ဝင့်ထည်ခန့်ညားစွာတည်ရှိပြီး ပေပေါင်း ၄၂၀၀ ကျော်ရှိသည်။ ထင်းရှူးတောမြိုင်ဖြစ်သည်။ အော်သရောတောင်စွန်းအောက်တွင် စတင်ချောင်းဖျားခံပြီး တောင်ဘက်သို့ နိမ့်ဆင်းစီးကျလာရာ မတ်စောက်နက်ရှိုင်းသည့် ကျောက်ကမ်းပါးကြီးကို ဖြတ်သန်းစီးဆင်းလာသဖြင့် အလွန်လှပသည့် ရေတံခွန်တစ်ခုဖြစ်လာခဲ့ပေသည်။

## အဆင့်ကြီး ခုနစ်ဆင့်ရှိ

ရေတံခွန်တွင် ရေစီးဆင်းကျသည့် အဆင့်ကြီး ခုနစ်ဆင့်ရှိပြီး အဆင့်သေးနှစ်ခုရှိကြောင်း သိရသည်။ ရေအများဆုံးအချိန်တွင် ရေစီးလုံးပတ်ပေ ၃၀ မှ ပေ ၄၀ အထိရှိသည်။ တစ်ဖန်ရေတံခွန်အဆင့်သုံးဆင့်အထိကို မတူပီမြို့ပေါ်မှ အဖြူရောင်ဆေးခြယ်ထားသကဲ့သို့ ရေကျသည်ကို ဖြောင့်တန်းစွာ လှမ်းမြင်တွေ့ရှိရသည်။ ဘုံတလာရေတံခွန်နှင့်ပတ်သက်၍ နိုင်ငံ့ခေါင်းဆောင်များက ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေစုကန်၊ ရေလွှဲဆည်၊ ရေထိန်းကန်နှင့် စက်ရုံလုပ်သားများ နေအိမ်များတည်ဆောက်ရေးကြိုးပမ်းအားထုတ်ခဲ့ကြပေသည်။

၁၉၇၆ ခုနှစ် ဧပြီ ၄ ရက်တွင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယု မင်းတပ်မြို့သို့ ရောက်ရှိလာခဲ့စဉ် ဘုံတလာရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးပါရန် မတူပီမြို့နယ်ကိုယ်စားလှယ် ဦးယုံဒေါ၊ ဦးတိုက်ချွန်းတို့က ဆွေးနွေးတင်ပြခဲ့ကြသည်။ ယင်းသို့တင်ပြချက်အရ နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၏ လမ်းညွှန်မှုဖြင့် ပခုက္ကူတပ်ရင်းမှ ဗိုလ်မှူးစိန်ဝင်းဦးဆောင်ကွပ်ကဲလျက် ၁၉၇၆ ခုနှစ် မေ ၂၂ ရက်တွင် ဘုံတလာရေတံခွန်ကို အသေးစိတ်လေ့လာမှုပြုခဲ့ကြသည်။ လေ့လာမှုပြုလုပ်ရာတွင် ရေတံခွန်၏အမြင့်ဆုံးနှင့် ၎င်းအောက်ငါးဆင့်ကြား ဒေါင်မတ်များဖြင့် ၆၀၆ ဒသမ ၂ ပေရှိသည်။ အလျားအရှည် ပေ ၃၀၀၀ ခန့်ရှိသည်။ ရေအနည်းဆုံးအချိန်တွင် ရေကျနှုန်းမှာ တစ်စက္ကန့်လျှင် ဂါလန် ၁၀၀ ရှိကြောင်း သိရသည်။ ၎င်းအပြင် ရေတံခွန် အမြင့်ဆုံးနေရာမှ တောင်ဘက်ပေ ၅၀၀ ခန့်အကွာတွင် ရေစုကန်တည်ဆောက်နိုင်မည့် မြေပြင်ညီတစ်ခုရှိသည်။ စက်ရုံနှင့်လုပ်သားများနေအိမ်တည်ဆောက်နိုင်သည့် မြေပြန့်ညီအဆင့်နှစ်ဆင့်အကျယ်ငါးဧကခန့်ရှိသည်။ ရေစစ်ကန်နှင့်စက်ရုံ တည်ဆောက်နိုင်မည့်နေရာအကွာအဝေးမှာ ပေ ၁၆၀၀ ခန့်ရှိပြီး ဆင်ခြေလျှောဒီဂရီမှာ အောက်ခြေကျောက်မာများ အခြေခံထားသဖြင့် မြေပြိုနိုင်ဖွယ်ရာမရှိပေ။

စက်ရုံနှင့်ရေစုကန်တည်ဆောက်ရာတွင် လိုအပ်မည့်ကျောက်များကို ပတ်ဝန်းကျင်တွင် လွယ်ကူစွာ ရရှိနိုင်ပြီး သဲကို ခြောက်မိုင်ကွာဝေးသော လည်မျိုချောင်းမှ ရရှိနိုင်သည်။ ရေအနည်းဆုံးအချိန်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၆၄၆၀၀ ရရှိနိုင်ပြီး အထက်ပိုင်းတစ်နေရာတွင် ရေစုကန်တည်ဆောက်ပေးပါက အဆပေါင်းများစွာသော ဓာတ်အား ကီလိုဝပ်ရနိုင်သည်။ ဗိုလ်ချုပ်ကြီးသူရရွှေမန်း(ငြိမ်း)၏ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ၂၀၀၃ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ ခရီးစဉ်တွင် ချင်းပြည်နယ် မတူပီမြို့အနီး၌ ရေအားလျှပ်စစ်ထုတ်လုပ်ရန်လမ်းညွှန်ခဲ့သည်။ ရေအားလျှပ်စစ်ဦးစီးဌာန၊ ဒီဇိုင်းပုံထုတ်နှင့် ပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးလိုက်ပါ၍ ရှုခင်းတိုင်းတာရေးအဖွဲ့သည် ၂၀၀၃ ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၂ ရက်အထိ လည်မျို(လေ့မြို့ဟုလည်း ခေါ်သည်)ချောင်း၊ ဘုံဖားချောင်းတို့တွင် လိုအပ်သော ကွင်းဆင်းတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

လည်မျိုချောင်းရေအားလျှပ်စစ် အမြင့် ၁၀၆ ပေ၊ တိုင်းတာရရှိသော ရေစီးနှုန်း ၄၀၀ ကုဗပေ၊ စက္ကန့် ၁၀၈၊ ၂၀၀၃၊ ၃၈ ကုဗပေ၊ စက္ကန့် ၁၉-၂-၂၀၀၄ ပုံစံထုတ်ရေစီးနှုန်း ၂၈-၉၆ကုဗပေ၊ စက္ကန့်(စက်တပ်သုံး)၊ တပ်ဆင်စက်အင်အား ၂၅၀*၃=၇၁၀ ကီလိုဝပ်။ ရေလွှဲဆည်-အလျား ၁၀၀ ပေ၊ အမြင့် ၈ ပေ ၆ လက်မ၊ ရေသွယ်ချောင်းအရှည် ၁၁၀၀ ပေ၊ အကျယ် ၅ လက်မ၊ အနက် ၇ လက်မ၊ လျှောစောင် ၁/၄၀၀ ဖိအားမြှင့်သံမဏိပိုက်လိုင်းအရှည် ၄၈၂ ပေ၊ အချင်း ၃ ပေ ၄ လက်မ။ ရေထိန်းကန်ထုထည် ၁၅၆၀၀ ကုဗပေ၊ အလျား ၇၀ ပေ၊ အကျယ် ၂၅ ပေ၊ ဓာတ်အားပေးစက်ရုံ အလျား ၃၆ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၂ ပေစသည်ဖြင့် အထောက်အကူပြုအချက်အလက်များ တိုင်းတာရရှိခဲ့သည်။

> ဘုံတလာရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက အနီးအနားရှိ ထီစောင်း၊ ဝေတူး၊ မတူပီ၊ ဖနိုင်၊ ငလိုင်၊ လုံတုမ်း၊ စောင်ထီးထား စသည့် ကျေးရွာများတွင် အသိပညာဗဟုသုတများ တိုးပွားမြင့်မားလာမည်သာမက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ပိုမိုတိုးတက်လာနိုင်မည်

## ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့

ဤသို့ဖြင့် ဒေသခံချင်းတိုင်းရင်းသားပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် လည်မျိုချောင်းတစ်နေရာတွင် ရေစုကန်၊ ရေလွှဲဆည်၊ ရေထိန်းကန်စသည်ဖြင့် အကောင်အထည်ဖော် အဆင့်ဆင့်လုပ်ဆောင်ခဲ့ကြသည်။ ၂၀၀၇ ခုနှစ် ဧပြီလတွင် အဆိုပါ စက်ရုံရှိသည့် မင်္ဂလာမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့သည်။

ဘုံတလာရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက အနီးအနားရှိ ထီစောင်း၊ ဝေတူး၊ မတူပီ၊ ဖနိုင်၊ ငလိုင်၊ လုံတုမ်း၊ စောင်ထီးထားစသည့် ကျေးရွာများတွင် ဆန်စက်၊ ဆီကြိတ်စက်၊ ရက်ကန်းစင်များ တည်ထောင်နိုင်မည်၊ အသေးစားအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာမည်၊ လောင်စာဆီဈေးနှုန်းများလည်း သက်သာလာမည်၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားလာပြီး အသိပညာဗဟုသုတများ တိုးပွားမြင့်မားလာမည်သာမက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ပိုမိုတိုးတက်လာနိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်သည်။

အထူးကဏ္ဍ စာမျက်နှာ ခ သို့ »»